
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၁၂၀၂၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၉၉၀၃၁၁

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ● ဦးကျော်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ● ဦးကျော်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095162031


BURMESE CLASSIC


"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ချစ်မျှားရှင်
မှန်ဘီလူးမ/ ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) မှန်ဘီလူးမ


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

မိန်းကလေးပီပီ အိမ်မှုကိစ္စ သန့်ရှင်းရေးနဲ့ မီးဖိုချောင်ကိစ္စတို နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရမယ်။ ဖုန်သုတ်အဝတ်လေးနဲ့ ဗီရိုတစ်ခုကို ပြောင်လက်စေသင့်သလို ဆားတစ်ဇွန်းခတ်တာနဲ့ ဟင်းတစ်ခွက် အရသာမြောက် သွားတာမျိုးရှိရင် မိန်းမပီသမယ်။ အဲဒီလို ခံယူချက်မျိုး မထားသော ခေတ်ပေါ်ကောင်မလေးတွေထဲမှာ အိသဉ္ဇာ တစ်ယောက် ထိပ်ဆုံးဆန်ကာတင် စာရင်းတွင် အပါအဝင် ဖြစ်တယ်။ အိသဉ္ဇာသည် အသက်အရွယ် (၂၃)နှစ်ထိတိုင်အောင် တံမြက်စည်းကို မိဘနိုင်း၍ ဆောင့်ကြီးအောင့်ကြီး လှည့်ဖူးသလို ဘဲဥတစ်လုံးကို ဖင်တပြန်ခေါင်းတပြန် ပြုတ်ခဲ့ဖူးသည်မှလွဲ၍ အခြားဗာဟီရကိစ္စမျိုး မလုပ်ဖူး။ မိဘတွေက တစ်ဦးတည်းသော သမီးလေးမို့ ခြေမွေးလက်မွေး မီးမဟပ်အောင် ထားနိုင်တာကြောင့် အိသဉ္ဇာဟာ ပျင်းရိခြင်းခြောက်ပါးကို ကန့်ထရိုက်ဆွဲထားသော သမီးလေးတစ်ဦးလည်း ဖြစ်ပါတယ်။

အခု သူငယ်ချင်းတွေနဲ့ လျှောက်လည်စရာ နေရာလည်းရှိသဖြင့် အိမ်တွင်အခွေကြည့်ရင်း အပန်းဖြေနေတယ်။ ရုတ်တရက် ပြောင်းလာသောအခါ မိဘတွေဆီက မုန့်ဖိုးလေးဘာလေးရဖို့ အိမ်မှုကိစ္စလေး ဝင်လုပ်ပေးမယ်ဟု မဖြစ်စလောက် အသီးလေးဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် ကြက်မွေးတစ်ခုကို ကောက်ကာင်ကာ ဆွဲယူပြီး အိမ်ရှေ့ရှိ ဆက်တီခုံတွေကို ဖုန်သုတ်ကာ လုပ်ကွက်တစ်ခု ပြလေရဲ့။ မိဘတွေလည်း အပြင်ကပြန်လာခါနီးကိုး။ အံဝင်ခွင်ကျဖြစ်အောင် အိသဉ္ဇာ စီမံတတ်လေတယ်။

ဖုန်သုတ်ရင်း ဧည့်ခန်းတွင်ချိတ်ထားသော ဖခင်နှင့်မိခင်ရဲ့ ဓာတ်ပုံကြီးကို အမှတ်မထင် ကြည့်မိရင်းက ဖုန်သုတ်ပေးနေတယ်။ သူမ၏ အဖေသည် နှုတ်ခမ်းမွေးရေးရေးနဲ့ လူချောတစ်ဦး။ အမေကား မျက်လုံးလှသော မိန်းမချောတစ်ဦး။ နှစ်ယောက်စလုံး အသားဖြူ ကြတော့ ဓာတ်ပုံလည်းစားတယ်။ အိသဉ္ဇာလည်း မိဘတွေ ဓာတ်ပုံကို ကြည့်ရင်း...

'ငါ့အဖေနှင့်အမေက ဓာတ်ပုံထဲမှာ ငါ့ထက်တောင် ချောပြီး လှပနေတာပဲ၊ သူတို့ ချောတယ်လှတယ် ဆိုးကျူးရင်လည်း မုန့်ဝယ် ကျွေးတာမျိုး၊ အင်္ကျီဝယ်ပေးတာမျိုး မလုပ်ကြဘူး၊ ဘယ်လုပ်မလဲ ငါတလည်း တစ်မိနစ်ကို ဆယ်ခါလောက် မြှောက်ပြောနေတာကိုး။ အဲဒီလို ပြောကြေးသာ ဝယ်ပေးရမယ်ဆိုရင် ငါတောင် ဒီလို ခမ်းခမ်း နားနားနေရမှာ မဟုတ်ဘူး'

အိသဉ္ဇာက အတွေးခေါင်သော မိန်းကလေးတစ်ဦး ဖြစ်သည့် အပြင် ဘာမဆိုင် ညာမဆိုင် ပေါက်ကရအတွေးတွေကိုလည်း ကပေါက်တိကပေါက်ချာ လျှောက်တွေးတတ်သော သူတစ်ဦး။ ဘဝမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ရင်း ဘဝင်မမြင့် မာနမကြီးတတ်သော ကောင်မလေးတစ်ဦး။ အခုလည်း မိဘဓာတ်ပုံကို ကြည့်ပြီး ကပေါ် ချင်စိတ်တွေ ပေါ်လာပြန်တယ်။

'အဖေနဲ့အမေ ပြန်လာရင် ထူးဆန်းသွားအောင် ငါလုပ် မယ်... ဟိ'

www.burmeseclassic.com

www.burmeseclassic.com



အိသဥ္စာက မိဘဓာတ်ပုံကိုဖြုတ်ကာ မှန်ဘောင်ထဲမှ ဓာတ်ပုံကို ထုတ်တယ်။ ပြီးတော့ အဖေဓာတ်ပုံကို အိုးမည်းတွေသုတ်ပြီး မျက်လုံးကလေးပဲ ဖော်ထားတယ်။

'ဟား… ဖေကြီးက ကပ္ပလီမင်းသားပဲ'

အမေ့ဓာတ်ပုံကိုကျတော့ ကော်ရရှင်မှင်တွေနဲ့ ဖြူဖွေးအောင် တို့ထားတယ်။

'ဟင်… အမေကတော့ အင်္ဂလန်ဘုရင်မကြီးအတိုင်းပဲ'

အိသဥ္စာလည်း မှန်ဘောင်ထဲ ပြန်ထည့်ပြီး ဟန်မပျက်ပြန်ချိတ်ထားတယ်။ ဓာတ်ပုံထဲက မိဘနှစ်ပါးမှာ လူဖြူလူမည်း လင်မယား ဖြစ်နေပြီ။ အိသဥ္စာလည်း သဘောကျကာ အသံထွက်၍ ရယ်မောမိလေတယ်။ ပြီးမှ ခေါင်းကုတ်ကာ တွေးမိရဲ့။

'အဖေတို့ ဘာများဖြစ်ဦးမလဲ၊ တိုက်ဆိုင်မှုတွေ ဖြစ်ဦးမလား'

အိသဥ္စာ ဧည့်ခန်းထဲမှာ စာအုပ်တစ်အုပ်ဖတ်ရင်း အဖေ အမေတို့ ပြန်အလာကို စောင့်မျှော်နေတယ်။ ဘယ်သူအရင်လာမလဲတော့ မသိ။

'သမီး… အိသဥ္စာ၊ တံခါးမြန်မြန်ဖွင့်ပါဦး… ဟ'

အဖေဖြစ်သူရဲ့ အော်သံ။ အိသဥ္စာ ကပျာကယာနဲ့ တံခါးသွားဖွင့်ပေးရတယ်။

'ဟာ… အဖေ ဘယ်လိုဖြစ်တာလဲ'

အိသဥ္စာရဲ့ အဖေ ဦးလွင်သိန်းရဲ့ မျက်နှာနဲ့ ခေါင်းတစ်ခုလုံး မည်းတူးနေတယ်။

'အဖေ အိမ်ကိုအလာ တိုက်တစ်ခုရှေ့ကအဖြတ် အပေါ်ထပ်က ဆေးမည်းတစ်ပုံး အဖေအပေါ်ပြုတ်ကျ၊ အဖေလည်း မရှောင်နိုင်၊ ခေါင်းမစွပ်မိရှုံတမယ်နဲ့ ခုလိုဖြစ်သွားရတာပဲ၊ ဘယ်လိုဘယ်နှယ် ခုလို ဖြစ်ရတာလဲ မသိ'

www.burmeseclassic.com

www.burmeseclassic.com



ဦးလွင်သိန်းက စကားပြောရင် ပြတ်တောက်ပြတ်တောက် ပြောတတ်တယ်။ ဦးလွင်သိန်းမှာ မျက်လုံးကလေးပေါ်ရုံမျှသာရှိပြီး မျက်နှာတစ်ခုလုံး မည်းတူးနေတယ်။

'ဖြစ်ရမယ် အဖေရယ်၊ သမီး ထင်တဲ့အတိုင်းပဲ'

'အမလေး… ကိုလွင်သိန်း၊ ရှင် ဘယ်လိုဖြစ်တာလဲ'

အမေဖြစ်သူ ဒေါ်ခင်လင်းက ဝင်ဝင်လာချင်း တအံ့တဩ အော်ပြောရဲ့။

'ဟင်… အမေကရော ဘယ်လိုဖြစ်နေတာလဲ'

'ဟား… ဟား… ဟား၊ မိန်းမ မင်းပုံကလည်းကွာ ရယ်စရာကြီး၊ ရေခဲတောင်ထဲက နှင်းလူမကြီးကို ထုံးဖြူသုတ်ထားတဲ့အတိုင်းပဲ၊ ဟား… ဟား ဘာဖြစ်တာလဲကွာ'

ဟုတ်ပါသည်။ ဒေါ်ခင်လင်း မျက်နှာနှင့်ဆံပင်တို့တွင် ပေါင်ဒါမှုန့်များ ဖြူဖွေးနေပြီး မျက်စိကလေးသာ ပေါ်နေ၏။

'ကျွန်မ ဘယ်သူနဲ့ ထိုးမှားလာလဲ မသိဘူး၊ အိမ်နားရောက် ခါနီးမှ မိုးဖွားကလည်း ကျလာလို့ ထီးဖွင့်ဆောင်းမှ ခုလို ဖြူဖွေးသွားတာပဲ၊ တစ်ယောက်ယောက်က နောက်ပြီး ထီးထဲမှာ ပေါင်ဒါမှုန့်တွေ ထည့်ထားတာ၊ တော်သေးတာပေါ့၊ ဒီနားရောက်မှ မိုးဖွားကကျလာလို့ အထည်တန်းက စထွက်ထွက်ချင်းရွာရင် ပေါင်ဒါမှုန့်အဖွေးသားနဲ့ ပြန်ရမှာ'

'တကယ့် တိုက်ဆိုင်မှုတွေ ဖြစ်ပြန်ပြီ'

အိသဥ္စာက စိတ်မသက်မသာနဲ့ ပြောတယ်။ သူ့ဓာတ်ပုံထဲမှာ လျှောက်ကလိထားတိုင်း သိပ်မကြာဘဲ အဖေနှင့်အမေ ဓာတ်ပုံထဲက အတိုင်းလို ဖြစ်သွားတာ။ ဒါဟာ ထူးဆန်းမှုတစ်ခုလား။ တိုက်ဆိုင်မှု တစ်ခုလား။ အိသဥ္စာ အဲဒီလိုမျိုးတွေ ကြုံတွေ့လာခဲ့တာ ငယ်ငယ်က လေး ကတည်းကပဲ။

www.burmeseclassic.com

www.burmeseclassic.com



အိသဉ္စာကိုယ်တိုင်လည်း မှတ်မှတ်ရရတွေ ဖြစ်ဖူးပါတယ်။ အိသဉ္စာဟာ ခါတ်ပုံရိုက် ဝါသနာပါတယ်။ သူ့မှာ ကျိန်စာလို သဘောမျိုး ရှိနေတယ်။ သူ့မ ခါတ်ပုံဖြစ်စေ၊ အခြားသူများ၏ ခါတ်ပုံ ဖြစ်စေ တစ်စုံတစ်ခု ပြုလုပ်လိုက်တာနဲ့ အဲဒီလူဟာ ခါတ်ပုံပေါ်မှာ ပြုမူထားတဲ့အတိုင်း ဖြစ်သွားရော။ ခါတ်ပုံတိုင်းကိုလည်း မဆိုလို။ ရင်းနှီးကျွမ်းဝင်စွာ ပတ်သက်ဖူးသော လူတွေတိုင်းပေါ့။ ဖြစ်သွား တယ်ဆိုတာကလည်း အရမ်းဆိုးဆိုးဝါးဝါးကြီး မဟုတ်။ သာမာန် လွဲချော်ရုံလေး သက်သက်ပါ။ ကြီးကြီးမားမား ပုံစံမျိုးနဲ့ ထိရောက်သွား စေတာမျိုးမဟုတ်သလို ပါးပါးလေးနဲ့ ပေါ်လွင်စွာ ရသမြောက်သွား သော ကျိန်စာလိုမျိုး ဖြစ်နေတယ်။ ခါတ်ပုံကိုကြည့်ပြီး ပြုစားတာတို့ ဘာတို့တော့ မဟုတ်ပေ။ ဖြစ်ရိုးဖြစ်စဉ်လေးတစ်ခုကနေ ခွဲထွက်လာတဲ့ တိုက်ဆိုင်မှုသက်သက် ပုံစံလေးပါ။

အခု အိသဉ္စာ အသက်(၂၄)နှစ်ထဲ ရောက်နေပါပြီ။ သူ့မ အဝမှာ ခါတ်ပုံတစ်ပုံကို ပြီးစလွယ်ကိုင်တွင်ပြီး ဖြစ်သလို လုပ်ပစ် လိုက်လို့ မရသောအကြောင်းတွေ အများကြီးပေါ်ခဲ့တယ်။ အဲဒီလို ဆုပ်လိုက်ရင် ခါတ်ပုံထဲက ရင်းနှီးတဲ့သူဟာ တစ်တစ်ခုခု လွဲချော် သွားတာမျိုး ပေါက်ကရဖြစ်သွားတာမျိုး စသဖြင့် တော်တော်ကသိ အအောက် နိုင်လှပါရဲ့။ သူ့မ ကိုယ်တိုင်လည်း ကိုယ့်ခါတ်ပုံနဲ့ကိုယ် သဘောက်နှင့်ဥကျကျ လွဲချော်မှုတွေ ဖြစ်ဖူးပါတယ်။

အိသဉ္စာ (၁၀)တန်းအောင်တော့ အမှတ်တရတစ်ခု ဖြစ်သေး တယ်။ သူငယ်ချင်းတွေ အားလုံးစုရိုက်ထားတဲ့ ခါတ်ပုံကို ပင်လယ် အခင်းခြေ ရှုခင်းပုံနဲ့ တွဲကပ်ထားတာ သိပ်မကြာဘူး၊ သူငယ်ချင်းတွေ ချောင်းသာကို သွားမယ့်အစီအစဉ် ဖြစ်လာရော။ အဲဒီတုန်းက အိသဉ္စာ ဟာ သူမကြောင့်ဆိုပြီး သူငယ်ချင်းတွေထဲမှာ ဂုဏ်ယူဝံ့ကြွားရာ ပြောစမှတ်တွင်စရာ တစ်ခုဖြစ်သေး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလည်း ခြံစောင့်ဦးလေးကြီးကို အိသဉ္ဇာက အပျော်တမ်း ဓာတ်ပုံရိုက်ပေးတယ်။ သူ့ဓာတ်ပုံကို အိသဉ္ဇာက နောက်ပြောင်ပြီး အလိုရှိသည် ဆုငွေ-၁၀၀၀ိ/ ဘာညာရေးထားရာ နောက်တစ်နေ့ ရပ်ကွက်ထဲက ကင်းစစ်အဖွဲ့တွေက ခြံစောင့်ကြီး ညဘက် ရေထထ ချောင်းတာကို သူခိုးထင်ပြီး ဝိုင်းဆော်မလို့ လုပ်ကြသေး။ အိသဉ္ဇာ အဖေတို့ အမေတို့ အနီးမြန်လို့ နို့မို့ဆို ရဲစခန်းရောက်တယ်။

တစ်ခါတုန်းကလည်း အမြဲတမ်း သူချောကြောင်း ဖြောင့်ကြောင်းကြွားဝါနေတဲ့ ကျောင်းသားတစ်ဦးကို အမြင်ကတ်တာနဲ့ သူ့ဓာတ်ပုံကို သူမသိအောင် ဆေးပင်မည်းနဲ့ မျက်နှာကို အပေါက်ပေါက်တွေ ဆွဲထားတယ်။ ဘယ်ပြောကောင်းမလဲ၊ နောက်နှစ်ရက်လောက်ကြာတော့ နိုင်ငံခြားဆပ်ပြာတွေ ကရင်မ်တွေသုံးနေတဲ့ ကျောင်းသားက ကောက်ကာငင်ကာ ဖြူန်းစားကြီး ဝက်ခြံတွေ ပွတ်သိပ်လာပါရော။ မျက်နှာအလှအပကို ဂရုစိုက်တဲ့ကောင်က ဝက်ခြံဖုသုံးလေးဖုလောက်နဲ့ ဝမ်းနည်းပက်လက်ဖြစ်ပြီး ကောင်မလေးတွေ ဝိုင်းဝိုင်းမလည်တော့ဘူး။

ဘယ်နေရာမဆို အကောင်းနဲ့အဆိုးက ဒွန်တွဲနေပါတယ်။ အိသဉ္ဇာကလည်း ပထမတော့ မယုံဘူး။ ဒုတိယကျတော့ တိုက်ဆိုင်မှု။ ကြိမ်ဖန်များစွာ ဖြစ်လာတော့ ဓာတ်ပုံတစ်ပုံနဲ့ ပတ်သက်ပြီး ဆင်ခြင်ရတယ်။ အမြဲတမ်းကြီး ဖြစ်နေတာလည်း မဟုတ်။ ဖြစ်လိုက်ရင်လည်း ကြီးကြီးကျယ်ကျယ် မဟုတ်။ ပါးပါးလေးနဲ့ ပေါက်ကရလေးဆယ်တွေ ဖြစ်လွန်းလို့။ အဲဒီကတည်းက အိသဉ္ဇာလည်း ဓာတ်ပုံရိုက်တာ သိပ်ဝါသနာမပါတော့ဘူး။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

အိသဥ္စာ တက္ကသိုလ် ပထမနှစ်စတက်တော့ သူ့ကို အသည်းအသန်ကြိုက်နေတဲ့ လင်းဝေယံဆိုသော ကောင်လေးတစ်ယောက်ရှိတယ်။ အိသဥ္စာကလည်း ပြန်မကြိုက်သလိုလိုနဲ့ ကြိုးရှည်ရှည်နဲ့လှန်ထားတယ်။ လင်းဝေယံမှာ အိသဥ္စာအတွက် အစစအရာရာ အလိုလိုက်သော ရှူးကြောင်ကြောင် ကောင်လေးတစ်ယောက် ဖြစ်တယ်။ အိသဥ္စာသွားရာ တကောက်ကောက်လိုက်ရင်း အိသဥ္စာက မိန်းမအိတ်သာနှင့် မိန်းမအသုံးအဆောင် ပစ္စည်းဆိုင်ကို အရှဲ့တိုက်ပြီးခေါ်သွားဆောင့်ခိုင်းလုပ်တယ်။ စားချင်တာကျွေးမယ် ဆိုရင်လည်း အိသဥ္စာက ရွေးနှိုးနတ်စားနေရင်း ကောက်ညှင်းကျည်တောက် မစားရလို့ စိတ်ဆောက်ပစ်တာတွေ ရှိသေးတယ်။ အိသဥ္စာဟာ ရေရေလည်လည်ဆိုးတဲ့ ကောင်မလေးပါ။ လင်းဝေယံကတော့ ပေကပ်စွာနဲ့ လိမ်ပြီးထိုတ်တော်မူဆဲ။ ချစ်တော်မူဆဲ။

တက္ကသိုလ်ထဲမှာဆိုရင် အိသဥ္စာက ပေါ်ပြူလာဖြစ်တယ်။ အိသဥ္စာ မျက်ဝန်းလေးနဲ့ နှုတ်ခမ်းလေးက စွဲမက်ဖွယ်အတိ။ မျက်နှာသေးက အချိန်ပြည့်ရှင်းသန့်နေပြီး ဆံပင်ကလေးကို အမြဲစည်းထားသော ထိပ်ကလေးက နဲနဲပြောင်နေရဲ့။ အရပ်ကလေးက မမြင့်သော

www.burmeseclassic.com

www.burmeseclassic.com



လေး ဝနေတယ်။ စကားပြောရင် ဗလွတ်ရွတ်တနဲ့ ဟာသတွေ လျှောက်ပြောတတ်တယ်။ သူများအတည်ပြောနေတဲ့ စကားကို အရွှန်း ဖောက်ပြီး နောက်ပြောင်တတ်တဲ့ ဝသီဇကလေးကလည်း ရှိသူ။ သူငယ်ချင်းတွေကတော့ သူ့ကို ချစ်ပါတယ်။ မကြာခဏလည်း စိတ် ထောက်လွယ်တတ်သူ။

အိသဥ္ဇာက သူ့ခေတ်ပုံတွေနဲ့ ပတ်သက်ပြီး ကျိန်စာရှိကြောင်း လင်းဝေယံကိုပြောပြီး ခြိမ်းခြောက်ထားတယ်။ လင်းဝေယံက ယုံတမ်း စကားလို သဘောထားပြီး ယုံတယ်လဲ မပြော။ မယုံဘူးလဲ မပြော။ စပ်ဖြီးဖြီးသာလုပ်နေရဲ့။ အဲဒါကို အိသဥ္ဇာက စိတ်ထဲမရိုးမရွ ဖြစ်မိ တာတော့ အမှန်ပင်။

'နင် တကယ်မယုံဘူးလား လင်းဝေယံ'

'နင့်ကို မယုံဘူးလဲ ငါမပြောဘူး၊ ဒါပေမဲ့ တိုက်ဆိုင်မှု ရှိရင်တော့ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်တတ်တာပဲ မဟုတ် ဘူးလား'

လင်းဝေယံက ဖြစ်နိုင်ချေကို ရှင်းပြတယ်။ သူပြောတာလည်း သဘာဝကျတယ်။ အိသဥ္ဇာက တဇွတ်ထိုးနိုင်နေသူပီပီ။

'ငါ့ဟာက တိုက်ဆိုင်မှုနဲ့ မတူတော့ဘူး၊ အမြဲတမ်းလိုလို ဖြစ်နေတာ၊ နင် ငါ့ကိုမကြောက်ဘူးလား၊ နင့်ဓာတ်ပုံကို ငါတစ်ခုခု လုပ်လိုက်ရင် နင် ဒုက္ခရောက်သွားမယ် ဘာမှတ်သလဲ'

အိသဥ္ဇာက နှုတ်ခမ်းလေးစူပြီး ခြိမ်းခြောက်သလို ပြောတယ်။

'မလုပ်ပါနဲ့ဟာ ငါကံနိမ့်နေတဲ့ အချိန်ကျရင် တိုက်ဆိုင်ပြီး ရှော့ဖြစ်သွားဦးမယ်၊ သိပ္ပံခေတ်ကြီးမှာ ရှေးရိုးအယူအဆတွေ မှိုင်းဦး ဘုံခြေခေတ်က အစွဲအလန်းတွေဟာ တဖြည်းဖြည်း မှေးမှိန်ပပျောက် သွားပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ··· နင့်က ငါ့ကို ကွန်ဆာဗေးတစ်လို့ ပြောတာပေါ့၊ ငါက အပြောင်းအလဲကို လက်မခံရအောင် ဘီးစပတ်ထုံးပြီး ထိုင်မသိမ်းအင်္ကျီ၊ ဗလာလုံချည်ကြီးနဲ့ ဝတ်ဆင်နေလို့လား၊ နင်စကားကို ဆင်ခြင်ပြောနော်၊ သေသွားမယ်'

အိသဉ္ဇာက ဒေါသသံလေးနဲ့ ပြန်ပြောတယ်။

'ဟာ··· ငါပြောတာ အဲဒီသဘော မဟုတ်ပါဘူးဟာ၊ နင်က လည်း အထအနတွေ အရမ်းကောက်လွန်းတယ်၊ သိပ္ပံခေတ်၊ အီးမေးခေတ် ဆိုပေမဲ့ ရှေးဟောင်းရိုးရာ အမွေအနှစ်တွေကို တစ်ကမ္ဘာလုံးမှာ ရှိတဲ့ နိုင်ငံတိုင်း ထုတ်ဖော်လေ့ရှိတာပဲ။ ပစ်ပယ်ထားတာမှ မဟုတ်တာ။ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကြီးထဲမှာ ရှေးရိုးအယူအဆ အချို့သာ စုန်းပြူးအဖြစ် အနည်းအကျဉ်းပဲ ကျန်ခဲ့တာပါကွာ'

'အေး··· နင့်စကားနဲ့နင်မို့ ငါဘာမှ မပြောတော့ဘူး၊ ဒါပေမဲ့ နင် ငါပြောတာ မယုံဘူး၊ ငါကလည်း နင်မယုံတဲ့အရာကို ယုံအောင် ပြချင်တယ်'

အိသဉ္ဇာက လင်းဝေယံကို လက်ညှိုးထိုးပြီး ပြောတာပေါ့။ လင်းဝေယံကလည်း တဟီးဟီးနဲ့ စပ်ဖြီးဖြီးလုပ်ကာ···

'နင်ကလည်းဟာ နောက် နင်မကြိုက်ရင် ငါမပြောတော့ ပါဘူး၊ စိတ်လျှော့ပါဟာ ငါကြေးအိုးဝယ်တိုက်မယ်'

'ငါကတော့ သိပ်ကြေလည်သေးတာ မဟုတ်ဘူး၊ ငါကစပြီး တျာအေးရင်လည်း ပေါ့သွားရာကျမလား မသိဘူး၊ မစားဘူး ကြေးအိုး ငါအမြဲစားဖူးတယ်··· ဟွန်း'

လင်းဝေယံက အိသဉ္ဇာကို အတင်းလိုက်ချော့မော့ရတယ်။ အိသဉ္ဇာ ဆိုးသမျှကို အနွံအတာခံသော ကောင်လေးတစ်ယောက်ပင်။ တစ်ခါလည်း ကင်တင်းမှာ အိသဉ္ဇာက စိတ်ကောက်ပြီး မှုသမျှအစား

www.burmeseclassic.com

www.burmeseclassic.com



အစာတွေ အကုန်မှာပြီး မစားဘဲ သန္တပြတယ်။ မှာထားရင် စားရမယ့်တိန်းခို့ လင်းဝေယံက အကုန်စားပစ်ရတော့ အပူအအေးမမျှတကာ ဝမ်းလျှောပြီး ဆေးခန်းသွားလိုက်ရတယ်။ အိသဉ္ဇာက အဲဒီလောက် ထိအောင် ဆိုးတာ။ သူဆိုးရင် ဘယ်သူမှလဲ တားမရ။ ဘယ်သူ့ကို လည်း ဂရုမစိုက်။ ချစ်စရာကောင်းသလောက် ကြောက်ဖို့လည်း ကောင်းပေရဲ့။

ဒီနေ့က တိရိစ္ဆာန်ဥယျာဉ်ကို သွားမယ့်နေ့။ မသွားခင်က တည်းက သူငယ်ချင်းနှစ်ယောက် ကတောက်ကဆ ဖြစ်နေတယ်။ လင်းဝေယံက အဲဒီနေ့ မအားသဖြင့် အိသဉ္ဇာကို တိရိစ္ဆာန်ဥယျာဉ်သို့ လိုက်မပို့ပေးနိုင်။ အိသဉ္ဇာကလည်း မရောက်တာကြာသော တိရိစ္ဆာန် ဥယျာဉ်ကို သွားချင်နေတာ ရှစ်ထိုး။ အဲဒီတော့ အတိုက်အခံတွေ ဖုန်းလိုင်းထဲမှာ ဖြစ်ကြရော။ နောက်ဆုံး လင်းဝေယံကပဲ အလျှော့ပေး လိုက်ရပါတယ်။ အိသဉ္ဇာ ချိန်းတဲ့နေရာကို တိတိကျကျရောက်အောင် သွားပါတယ်။ အိသဉ္ဇာက သူ့ထက်ပိုစောရောက်နေရဲ့။

'ကဲ… ဘယ်လိုလဲ မောင်မင်းကြီးသား၊ စံတော်ချိန်နဲ့ ကိုက်လာတာပါလို့ ဗွတီးဗွကျ ဆင်ခြေတွေ ပေးမနေပါနဲ့၊ နင့်ကို စောင့်ရတာ တိရိစ္ဆာန်ရုံက သားကောင်းမိခင် သတ္တဝါတွေတောင် မွေးဖွားပြီးရော့မယ်'

'မဆိုရုံစလောက်လေး နောက်ကျသွားတာပါ သဉ္ဇာရယ်၊ နင်သွားချင်တဲ့ နေရာတွေကို တကူးတကလိုက်ပို့ဖို့ ငါ… ငါအမြဲတမ်း အဆင်သင့်ဖြစ်အောင် ကြိုးစားနေပါတယ်၊ နင် ငါ့ကို စိတ်မကွက် ပါနဲ့ဟာ'

'ရှော့မရှိပါဘူးဟာ၊ နင် ငါ့အပေါ် ခုလို ဂရုတစိုက်ရှိတာကိုပဲ ကျေးဇူးတင်လှပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



အိသဉ္ဇာက ပေါ့ပေါ့လေးပြောပြီး မှတ်တိုင်ကနေ ဘောက်ဆတ်ဘောက်ဆတ်နဲ့ လျှောက်သွားတယ်။ လင်းဝေယံလည်း နောက်ကနေ အပြေးလိုက်ရတာပေါ့။ ဒါနဲ့ပဲ တိရိစ္ဆာန်ဥယျာဉ်ထဲ ဝင်ကြေးပေးပြီး လင်းဝေယံနဲ့အိသဉ္ဇာ နှစ်ယောက်သား ဝင်ခဲ့ပါလေရော။

နှစ်ယောက်သား တိရိစ္ဆာန်ဥယျာဉ်ရဲ့ အနံ့အပြားကို လမ်းညွှန်တွေဖတ်ပြီး လျှောက်သွားကြတယ်။ အိသဉ္ဇာက စကားတစ်ခွန်းမှ မပြော ဆူဆောင့်ဆောင့်နဲ့ သွားနေရဲ့။ လင်းဝေယံက စချင်နောက်ချင်စိတ်တွေ ဖြစ်ပေါ်လာရော။ ဆင်တွေထားတဲ့ နေရာကိုသွားပြီးတော့ မိကျောင်းတွေ ထားတဲ့နေရာကို ရောက်ခဲ့လေတယ်။ မိကျောင်းကြီးတွေက ရေထဲမှာ မရှိဘဲ ကုန်းပေါ်မှာ ကိုယ့်ရိုးကားယားနဲ့ ပိုးလိုးပက်လက်ထပ်နေကြရဲ့။ သစ်တုံးတွေအလား ငြိမ်သက်နေတာပေါ့။

'မိကျောင်းတွေက အသေတွေ ကျနေတာပဲ'

လင်းဝေယံက အရင်ဦးဆုံး စကားသန်းတယ်။ အိသဉ္ဇာက ဘာမှပြန်မပြော။

'သဉ္ဇာ… သူငယ်ချင်းအမင်း ကြောင်နေပြီ'

'ဘာ… ဘာပြောတာလဲ နင် ငါ့ကို မစော်ကားနဲ့'

'ဟုတ်တယ်လေဟာ နင် ဓာတ်ပုံတွေကို တစ်ခုခုလုပ်တိုင်းနေလိုချင်တဲ့ ပုံစံဖြစ်မလား တခြားစီဟာ…'

လင်းဝေယံက ပေါ့ပျက်ပျက်နဲ့ ပြောတယ်။ အိသဉ္ဇာက လင်းဝေယံပြောတာကို စိတ်ခုလုဖြစ်ပြီး ဘွင်းဘွင်းရှင်းရှင်း ပြောချလိုက်ရဲ့။

'နင် မယုံရင် နင့်ဓာတ်ပုံပါရင်ထုတ် ငါလက်တွေပြမယ်'

'ဟား… ဟား… ဟား ဓာတ်ပုံက အဆင်သင့်ပါပြီသား'

လင်းဝေယံက သူ့အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပုံက သူတစ်ယောက်တည်း ခါးထောက်ပြီး ရိုက်ထားတဲ့ခေတ်ပုံ။ အိသဉ္ဇာ မြင်သာအောင် ခေတ်ပုံကို ရှေ့ထုတ်ပြသပြီး အိသဉ္ဇာလက်ကို ခေတ်ပုံနဲ့ တစ်ချက်နှစ်ချက် ရိုက်လိုက်သေးတယ်။

'ဘယ်လောက်ချော၊ ဘယ်လောက်ခန့်တဲ့ ပုံလဲ ရှုံးစေ'

အိသဉ္ဇာက နှာခေါင်းရှုံ့ကာ ခေတ်ပုံကိုကြည့်ပြီး မသိချင်ယောင်ဆောင်နေရဲ့။

'သဉ္ဇာ… ဒီမှာကြည့်'

လင်းဝေယံက သူ့ခေတ်ပုံကို တစ်ချက်ခေါက်ပြီး မိကျောင်းတွေရှိရာကို ပစ်ထည့်လိုက်တယ်။ အိသဉ္ဇာလည်း ဖြုန်းခနဲမို့ လန့်သွားတယ်။ ခေတ်ပုံက မိကျောင်းတစ်ကောင်ရဲ့ လက်နားသွားကျတယ်။ အဲဒီ မိကျောင်းက တွန်းထိုးသွားရင်း ခေတ်ပုံက သူ့ဝမ်းအောက် ရောက်သွားပါလေရော။

'ဟား… ဟား… ဟား… သဉ္ဇာ… သူငယ်ချင်း နင့်အယူအဆအရဆို ငါဟာ မိကျောင်းအကိုက်ခံရမှာ မဟုတ်ဘူး၊ ငါ့ခေတ်ပုံ မိကျောင်းအောက်မှာ ငြိမ်ငြိမ်လေးရှိနေတာ အေးဆေးပဲ'

လင်းဝေယံက ပခုံးတွန့်ကာ ပြောတယ်။ အိသဉ္ဇာ ဝေခွဲမရသော မျက်ဝန်းလေးနဲ့ ဘာတွေးရမှန်းမသိ ချာလည်ရိုက်နေရဲ့။ လင်းဝေယံခေတ်ပုံက မိကျောင်းတွေဆီ ရောက်သွားတာမှန်ပေမယ့် လင်းဝေယံကို မိကျောင်းနဲ့ပတ်သက်ပြီး တွေ့ဖို့ကြုံဖို့ဆိုတာ အလားအလာ ဝေးလှတယ်။ ဒီကောင်က ငမိုးရိပ်မှ မဟုတ်တာ။ အိသဉ္ဇာ နှုတ်လှန်ထိုးဖို့က လင်းဝေယံအတွက် ချေပစကား ရှာမရ။ လင်းဝေယံ ရယ်သံကိုသာ သူမနားထောင်ပြီး စိတ်ဖြေလျှော့ဖို့သာ ရှိတော့တယ်။

'ဟား… ဟား လင်းဝေယံတို့က စင်ပေါ်ကနေ အစက ကိုယ့်ခေတ်ပုံကို ကျားရုံထဲသွားပစ်ချမလို့ပဲ၊ ကိုယ်က ရှုံးမတောထဲ၊

www.burmeseclassic.com

www.burmeseclassic.com



အမေစုန်တောထဲ၊ မဟာမြိုင်တောထဲ ရောက်ဖို့ အလားအလာမှ မရှိတာ'

အိသဉ္ဇာစိတ်ထဲ အဖုအထစ်တစ်ခုလို ဖြစ်သွားတယ်။ လင်းဝေယံက တစ်ကွက်သာသွားပြီ။ သူနဲ့မိကျောင်းတွေ့ဖို့ ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်။ နိုင်ငံခြားကားတွေထဲကလို မိကျောင်းက မြောင်းဆိုက်ထဲက ဝင်ရင်တောင် ရေမြောင်းပိတ်ဆို့မှု အခန့်တွေနဲ့ မွန်းကျပ်ပြီး သေသွားမှာ။ တစ်ခုတော့ ရှိတယ်။ လင်းဝေယံကို သာကေတ မိကျောင်းမွေးမြူရေးကန်ထဲ တွန်းချပစ်ဖို့ပဲ ရှိမယ်။ လင်းဝေယံက ဘီရိစ္ဆန်ရုံမှအပြန် အိသဉ္ဇာကို တစ်လမ်းလုံး စလာခဲ့တယ်။

'ဝေယံနော် နင် ငါ့ကိုမစနဲ့၊ ငါက ခေတ်ပုံထဲကလူ အပြင်မှာ တကယ်ကြုံတွေ့နေရတဲ့ တိုက်ဆိုင်မှုတွေကို လွဲကိုမလွဲဘဲ မြင်နေရတာ၊ တိုက်ဆိုင်မှုကလည်း အရမ်းအလှမ်းဝေးပြီး မဖြစ်နိုင်တာတိုတော့ သွားကိုက်ညီပါ့မလား'

အိသဉ္ဇာက ဆူအောင့်အောင့်နဲ့ ပြောတယ်။

'ဟာ… နင်ကလည်းဟာ ကျိန်စာဆိုတာ ဂန္ထဝင်စာရေးဆရာတွေရဲ့ ပါးစပ်ဖျားနဲ့ ကလောင်သွားမှာပဲ ရှိတော့တယ်ဟ၊ ငါကတော့ သိပ္ပံခေတ် အင်တာနက်ခေတ်မှာ ကမ္ဘာကြီးတစ်နေ့နဲ့တစ်နေ့ ဘာတွေ ဖြစ်နေသလဲ၊ ဒါကိုပဲ တခုတ်တရ စောင့်ကြည့်ချင်တာ'

လင်းဝေယံက အားရပါးရဖြင့် ပြောတယ်။

'ကိုယ်နဲ့ မဆိုင်တာတွေကို သိချင်နေတဲ့သူက အရူးပဲ လင်းဝေယံ၊ နင်သာ ကမ္ဘာတစ်ပတ်ပတ်ပြီး ဂရိတ်ဝေါတံတိုင်းပေါ်က ခုန်ချ ဘုံဘေမှာ လန်ချားကြိတ်၊ အတ္တလန္တိတ် သမုဒ္ဒရာမှာ ငါးမန်းကိုက်၊ မော်လဒိုက်မှာ မြွေပေါက်၊ နင်သေမလောက်ဖြစ်တော့မှ ထုပ်ချောင်းချော်ချည်း ဘရားဇီးကနေ ကယ်လီဖိုးနီးယား တောမီးထဲပစ်ချ ကျေးရိုးစတွေကို အမှုန့်ကြိတ်၊ ငမိုးရိပ်ချောင်းထဲမှာ လွှင့်ပစ်လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့ သဉ္ဇာရယ်၊ မင်း လုပ်မှပဲ ငါလည်းကမ္ဘာ ပတ်ပြီး သောဓာတ်ခင်းသလို ဖြစ်နေပြီ၊ ဥပါဒန်ကြောင့် ဥပါဒ်ရောက်တတ်တယ်'

လင်းဝေယံက လက်ကာပြတယ်။ အိသဉ္ဇာကတော့ အလျှော့မပေး။

'ဝေယံ··· နင် အပြောမကြီးနဲ့ ငါကတော့ စိတ်ထဲဖွသွားတယ်၊ နည်းနည်းလေးမှ ကျေနပ်တာ မဟုတ်ဘူး··· ဟင်း'

'မကျေနပ်ရင် ငါ့ကိုသာ ဖက်နမ်းလိုက်ပေါ့၊ ပြီးကရော'

'ကောင်စုတ်နော်၊ ပါးကွဲချင်လို့လား'

'နှုတ်ခမ်းကွဲရင်တော့ ကျားခွဲမယ်၊ ပါးကွဲရင်တော့ ငါက သွားဖြဲနေမှာပဲ'

အိသဉ္ဇာက လင်းဝေယံ လက်မောင်းကို လှမ်းရိုက်လိုက်တယ်။ နှစ်ယောက်သား ကျောက်တိုင်မှတ်တိုင်မှာ ကားစောင့်နေကြတယ်။ အိသဉ္ဇာက နှုတ်ခမ်းလေးစူထားရဲ့။ လင်းဝေယံကတော့ လိုင်းကားအလာကို စောင့်နေရဲ့။

ထိုစဉ် မထင်မှတ်သော အဖြစ်အပျက်တစ်ခုက ဖြစ်သွားတယ်။ ဘာမပြော ညာမပြောနဲ့ အမျိုးသမီးတစ်ယောက်က လင်းဝေယံရဲ့ နောက်ကျောကို တဘုန်းဘုန်းပိုက်ဆံအိတ်နဲ့ လာရိုက်တယ်။

'ဟာ··· ဟေ့··· ဟေ့··· ခင်ဗျား ဘာလုပ်တာလဲ'

'သစ္စာမရှိတဲ့ ယောက်ျား၊ နင့်ကို ငါမုန်းတယ်၊ မသာကောင် အစုတ်ပလုတ် ညက ငါ့ကို တစ်ညလုံး ပြုစုမယ်ဆို၊ မအားရင်လည်း မအားဘူး၊ ဖုန်းလေးဘာလေးဆက်တာ မဟုတ်ဘူး၊ ယောကျ်ားမပီသတဲ့ကောင်'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကို လင်းဝေယံ လှည့်အကြည့် သူ့ရင်ဘတ်ကို ပိုက်ဆံအိတ် ထူထူကြီးနဲ့ ထပ်ရိုက်ပြန်ရော။ ကဘုန်းဘုန်းနဲ့ လင်းဝေယံ အတော်နာသွားတယ်။

'ဟော့··· ခင်ဗျား လူမှားနေပြီ၊ ပြဿနာပဲ ခေါင်းကြီးခါရမ်းပြီး စွပ်စွဲနေတာပဲ၊ အပေါ်လေးဘာလေး မော့ကြည့်ဦး'

အမျိုးသမီးက ပိုက်ဆံအိတ်ကြီးနဲ့ ရိုက်နေတာကို ရပ်ပြီး လင်းဝေယံကို အသေအချာ ကြည့်မိရဲ့။ လင်းဝေယံလည်း သေချာကြည့်မိလိုက်ရာ အမျိုးသမီးစစ်စစ် မဟုတ်။ ချွတ်စွတ်ကိုတူသော မိန်းမလျာ ဂျိုပုန်းကြီး။

'ဟယ်··· ဒုက္ခပါပဲ၊ မမ လူမှားသွားပြီ၊ မောင်လေး စိတ်မရှိနဲ့နော်၊ ဟိုနေ့က ဘူတာကြီးမှာ တွေ့ခဲ့တဲ့ကောင်လေးက မင်းလို အဝတ်အစားမျိုး ဝတ်ပြီး အရပ်အမောင်းကလည်း မတိမ်းမယိမ်း ဆောရီးနော်၊ သွေ့ပရှစ်··· သွေ့ပရှစ်၊ မီးအားနည်းပါ'

'လမ်းမီးတွေ မထွန်းသေးပါဘူး၊ အာ··· မှားကုန်ပြီ၊ ခင်ဗျားကသာ တောင်းပန်နေတာ၊ ဒီမှာ ရင်ဘတ်တစ်ခုလုံးလည်း စုတ်ပြတ်သတ်တော့မယ်'

လင်းဝေယံက ရှုံ့မဲ့မဲ့နဲ့ပြောရာ ဂျိုပုန်းကြီးက ရွှန်းရွှန်းစားစား ကြည့်ရင်း···

'ဟယ်··· သနားစရာတော်၊ ကြည့်စမ်း ရင်ခုန်သံတွေ သန့်ဖျတ်ပြီး ထွက်ပြေးကုန်ပါဦးမယ်၊ မမကို စိတ်မဆိုးနဲ့နော်၊ ဒါနဲ့ မောင်လေးက ဘယ်မှာနေတာလဲ၊ နာမည် ဘယ်လိုခေါ်လဲ၊ မမကို မှတ်တွေ့ရင်ခေါ်နော်၊ မမက အနုအထုတော်တယ်၊ မောင်လေး စိတ်ချမ်းသာစေရမယ်၊ ဩော်··· အနုအထုဆိုတာ တစ်မျိုးမထင်နဲ့နော်၊ အနုပညာအခံလေးနဲ့ ထုထည်ရှိတာကိုပြောတာ၊ ဟာလွဲဆံပင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရဘူးနော်၊ မမနာမည်လဲ မှတ်ထား ဒေဝီဥဿဖရားတဲ့'

'နာမည်ကြီးကလဲ'

လင်းဝေယံက ခေါင်းကုတ်၍ ပြောမိရဲ့။

စကားတွေက လိုရင်းမရောက်ဘဲ ဘေးတွေထွက်နေပြီ။ မိန်းမလျှာကြီးက လင်းဝေယံနား တဖြည်းဖြည်းကပ်လာတယ်။ ပြဿနာကိုတော့ အစဆွဲပြီ လက်စပြန်သတ်မှ ဖြစ်မယ်။ အိသဉ္ဇာကတော့ မလှမ်းမကမ်းတွင် မသိချင်ယောင်ဆောင်ပြီး ခပ်ပြုံးပြုံးလေး လုပ်နေတယ်။ သူနဲ့ဘာမှမဆိုင်သလိုနဲ့ မျက်နှာလွှဲထားနေရဲ့။ လင်းဝေယံမှာ ဘယ်လိုရုန်းထွက်ရမလဲသာ စဉ်းစားနေရတယ်။ မိန်းမလျှာကြီးက လက်မောင်းကို ဆွဲလာပြီ။

'မောင်လေး... မမနဲ့လိုက်ခဲ့ပါလား၊ စားချင်တာတွေ ကျွေးမယ်လေနော်... နော်လို့'

'ဟာ... မအားဘူး၊ ကျွန်တော် စခန်းကို သတင်းသွားပို့ရဦးမယ်'

'ဘာလဲဟင်... မောင်လေးက'

'ကျွန်တော်က ပုဇွန်တောင်စခန်းမှာ တာဝန်ကျနေတဲ့...'

'ဩော်... ဟုတ်လား ကျေးဇူးပဲနော်၊ မောင်လေးက အရမ်းရိုးတာပဲ၊ သိပ်မရိုးနဲ့ တုံးတိတိဖြစ်သွားတတ်တယ်၊ လက်ချောင်းကလေးတွေကို ပြောတာ'

'ခင်ဗျားလည်း သိပ်မဆန်းနဲ့ ပြတ်ကျသွားမယ်၊ အဲဒါမှ တစ်ခါတည်း ဘဝပြောင်းပြီးသား ဖြစ်သွားမယ်... ဟွန်း'

မိန်းမလျှာကြီးလည်း ကျက်သရေတစ်စက်မှ မရှိစွာဖြင့် မျက်စောင်းထိုးပြီး တွေ့တဲ့ကားပေါ် ပြေးတက်သွားလေရဲ့။ လင်းဝေယံခုမှပဲ အသက်ကိုဝအောင် ရှူလိုက်ရတော့တယ်။ အဲဒီအချိန်ကျမှ

www.burmeseclassic.com

www.burmeseclassic.com



အိသဉ္ဇာက လင်းဝေယံကို လက်ညှိုးထိုးပြီး ဟက်ဟက်ပက်ပက် ရယ်မောပါလေရော။

'ဟား… ဟား… ဟား… ဟား ငါ့ကို ပျက်ရယ်ပြုချင်တဲ့ကောင် ခုတော့ ခံရပြီမဟုတ်လား၊ တွေ့ပြီမဟုတ်လား၊ ဘာတဲ့ ဉာဿဖရားဒေဝီတဲ့'

'နှင် ငါ့ကို မပြောနဲ့ဟာ နှင် သူငယ်ချင်းကောင်း မပီသဘူး၊ တကယ်ဆို ငါ့ကို နှင်ဝင်ကူညီဖြေရှင်းပေးရမှာ'

လင်းဝေယံက အပြစ်တင်ရာ အိသဉ္ဇာက ဆတ်ဆတ်ထိမခံ ပြန်ပြောရဲ့။

'အံမာ… ဝေးသေး နှင့်ထိုက်နဲ့ နှင့်ကံဖြစ်တာ ငါကအနေသာကြီး ကိုယ့်ဘာသာကိုယ် အဆက်ပေါင်းနဲ့ ကြွပြီး ဂျိုကျနေပြီးတော့၊ ဟွန်း… မပြောချင်ဘူး၊ ဒါပေမဲ့ နှင်နဲ့ငါ ခုနက အငြင်းအခုံဖြစ်တာ မှတ်မိလား၊ နှင်ရှုံးသွားပြီ လင်းဝေယံ၊ နှင့်ဓာတ်ပုံကို နှင်မိကျောင်းကန်ထဲပစ်ချတာ ဘာမှမဖြစ်ဘူး ထင်နေသလား၊ ခုနက နှင်တဖုံးဖုံးနဲ့ အရိုက်ခံနေရတဲ့ ပိုက်ဆံအိတ်က တခြားအိတ်မဟုတ်ဘူး'

'ဘာအိတ်လဲ ဂုန်နီအိတ်နဲ့ချုပ်တဲ့ အိတ်လား'

လင်းဝေယံက ညစ်ညစ်နဲ့ ဘုတောတယ်။

'ပြောမှာပေါ့ သူငယ်ချင်းရာ၊ အဲဒီအိတ်က မိကျောင်းသားရေနဲ့ လုပ်ထားတဲ့ အိတ်ပဲ၊ နှင် မိကျောင်းအကိုက်မခံရတာတောင် မိကျောင်းနဲ့ပတ်သက်ပြီး အဆော်ခံ သမခံလိုက်ရတာပဲ မဟုတ်လား၊ အကြောင်းအရာက အတူတူပဲ၊ ဖြစ်စဉ်ပဲလွဲတာ၊ အေးပေါ့ဟာ ပထမတော့ နှင်ဘယ်ယုံဦးမလဲ၊ နောက်ကြုံမှ ငါဆက်ပြတာပေါ့… ဟင်းဟင်း'

အိသဉ္ဇာက လက်ပိုက်ကာ သရော်ပြုံးလေး ပြုံးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



လင်းဝေယံလည်း သူမနှင့်အပြိုင် မငြင်းခဲ့တော့ဘဲ အလျှော့ပေးကာ ဓာတ်ပုံကိစ္စကို ဧဝေဇဝါနဲ့ စဉ်းစားနေမိတယ်။ သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲ။ လင်းဝေယံ စိတ်ထဲမှာတော့ နည်းနည်းလေးမှ မကျေနပ်သေး။

'နင် မယုံရင် နင့်ဓာတ်ပုံကို ခွေးတစ်ကောင် အိပ်နေတဲ့အပေါ် သွားတင် ခွေးလိုက်မဆွဲရင် ကံကောင်း'

'ဘာ'

လင်းဝေယံက ဒေါသဖြစ်ဖြစ်နဲ့ပဲ ခံလိုက်ရပြန်တယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

အိသဥ္စာမှာ အချစ်ရဆုံး သူငယ်ချင်းနှစ်ဦးရှိတယ်။ သူတို့ကတော့ ခိုင်မဥ္ဇူနှင့်တင်တင်ဝင်းတို့ ဖြစ်ပါတယ်။ သူတို့နှစ်ဦးကလည်း အိသဥ္စာရဲ့ ဓာတ်ပုံပယောဂထဲမှာ အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်တင်ဆက်သွားကြသူတွေ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကိုလည်း အိသဥ္စာရဲ့ ဓာတ်ပုံစက်ကွင်းထဲက အမှတ်တရ အဖြစ်ကလေးတွေနဲ့ အတူ မိတ်ဆက်ပေးရမှာပါ။

ခိုင်မဥ္ဇူအကြောင်း အရင်ပြောရရင်တော့ ခိုင်မဥ္ဇူသည် အရိုးအေသော ကျပ်စည်းထားသလိုနဲ့ မျက်မှန်ဝိုင်းကြီးကို တပ်ဆင်ထားတယ်။ ပိန်သာပိန်တယ့် မျက်နှာလေးက ယုဇနလို ချစ်စရာကောင်းတယ်။ စကားပြောရင် ပြတ်သားတယ်။ တိကျတယ်။ ကပ်စီးအရမ်းနည်းတယ်။ ချွေတာကပ်စီး မူဝါဒကို တရားသေဆုပ်ကိုင် စွဲထားသူတစ်ဦး။ သူလည်း အိသဥ္စာရဲ့ ဓာတ်ပုံကျိန်စာမှာ တစ်ချိတော့ ဆောင်းကောင်းခံလိုက်ရတယ်။ ဘယ်ကစဖြစ်သလဲ ဆိုတော့ အိမ်မှာ ထတ်ဖက်သုပ် စုစားကြရင်းနဲ့ပေါ့။ ခိုင်မဥ္ဇူက အရင်စပြောတာ။

'တိုက်ဆိုင်မှုဆိုတာ အမြဲတစေကြီး ရှိမနေဘူး အိသဥ္စာ၊ နင့် စိတ်အတိုင်း ကံကြမ္မာက လိုက်လုပ်ပေးနေတာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ခိုင်မဥ္ဇူ နင်ကလည်း သူ့ဘာသာသူ အလိုလိုဖြစ်နေတာ၊ ငါလည်း ဘာမှမတတ်နိုင်ဘူး၊ တစ်ခါတလေကျရင် ဓာတ်ပုံရိုက်ချင်တဲ့ စိတ်တောင် ပျောက်တယ်။ ဒါမျိုးတွေက ရှိတာပဲ၊ အချို့ဆိုသူများ စိတ်ကိုတောင် မပြောဘဲနဲ့ ကြိုသိချင်သိနေတာ'

'ဒါတွေက ထားပါတော့ နင့်ဟာက ဘာကြီးမှန်းကို မသိတာ'

ခိုင်မဥ္ဇူက ကိုယ်တိုင်လက်တွေ့ မကြုံဖူးတော့ မယုံဘူးဖြစ်နေရဲ့။ အိသဥ္ဇာက ကပ်သီးကပ်သပ်နိုင်သော ခိုင်မဥ္ဇူကို…

'နင် မယုံရင် နင့်ဓာတ်ပုံပေး ငါတစ်ခုခုလုပ်ပြမယ်'

'ပေးရတာပေါ့ နင်ပြောတဲ့အတိုင်း မဖြစ်လို့ကတော့ ငါ့ကို အဝတွေးရမယ်'

အိသဥ္ဇာက ခိုင်မဥ္ဇူဓာတ်ပုံကိုယူကာ ဘာမှထွေထွေထူးထူး မလုပ်ဘဲ ရေခဲသေတ္တာထဲ ထည့်ထားလိုက်တယ်။

'စေတနာနဲ့ပါ နင်သိပ်ခရေဇီဖြစ်တဲ့ ဆိုးလ်မြို့ကို ရောက်သွားစေချင်တဲ့ စေတနာပါ'

'ဒါမှမဟုတ်လဲ (၁၂)ရာသီအေးနေတဲ့ ပြင်ဦးလွင် ရောက်သွားနိုင်တယ်'

ဘေးမှ တင်တင်ဝင်းက ဝင်ပြောသည်။ အိသဥ္ဇာက…

'တော်ကြာ ရုရှားဆောင်းရာသီဒဏ်ကို ခံရသလိုမျိုး ဖြစ်နေပါဦးမယ်'

'ဟား ဟား ဟား အိသဥ္ဇာ၊ နင်ကသာ ငါ့ဓာတ်ပုံကို ရေခဲသေတ္တာထဲ ထည့်ထားတာ၊ ငါ မချမ်းပါလား၊ ဘာမှလဲမဖြစ်ပါလား ပူတောင်ပူနေသေး… ဟား ဟား'

ခိုင်မဥ္ဇူက ချမ်းသလို ပုံစံဟန်ဆောင်ပြကာ ရယ်ရော်တယ်။ ဆယ့်ငါးမိနစ်လောက်ကြာပြီး ခိုင်မဥ္ဇူဓာတ်ပုံလေးကို ပြန်ထုတ်တော့

www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံလေးက ပျော့ခွေခွေလေး ဖြစ်နေရဲ့။ တင်တင်ဝင်းက စုတ်သပ်ပြီး…

'ဟယ်… သနားစရာလေးတော်'

'ကဲ… ဘယ်လိုလဲ အိသဉ္ဇာ ချက်ချင်းလည်း မပြေပါလား'

'ဒါတော့ ငါလည်း မခန့်မှန်းတတ်ဘူး၊ ဒါပေမဲ့ နင် တစ်ခုခုဖြစ်မှာတော့ ကျိန်းသေတယ်'

အိသဉ္ဇာက ခပ်ပြုံးပြုံးလေးနဲ့ ပြောတယ်။

'အေးဆေးပါဟာ… ခိုင်မဥ္ဇူပါ'

'ကလင်… ကလင်… ကလင်'

အိသဉ္ဇာတို့အိမ် ဖုန်းလာနေ၍ အိသဉ္ဇာ သွားကိုင်ရာ ခိုင်မဥ္ဇူ ဖုန်းဖြစ်နေတယ်။

'ဟဲလို… ဟုတ်ကဲ့… မမလား ညီမလေး အခုလာခဲ့မယ် နော်… ဟုတ်'

ခိုင်မဥ္ဇူ ဖုန်းချတော့ တင်တင်ဝင်းက မေးတယ်။

'ဟဲ့… မဥ္ဇူ ဘယ်သူ့ဖုန်းလဲ'

'ငါ့အစ်မဆီကပါ သူ့ရုံးခန်းကို ခဏလာခဲ့ပါဦးတဲ့'

'ဟဲ့… နင့်အစ်မက ရုံးဆင်းခါနီးကြီး'

'ကိစ္စတစ်ခုခု ရှိလို့နေမှာပေါ့၊ သွားမယ်ဟာ'

ခိုင်မဥ္ဇူ အလျင်စလို ထွက်သွားတယ်။ တင်တင်ဝင်းက အိသဉ္ဇာကို မေးတယ်။

'ခိုင်မဥ္ဇူ… ဘာတွေဖြစ်ဦးမလဲ'

'ငါလည်း တပ်အပ်မပြောတတ်ဘူး၊ ရေခဲရေသည် တစ်ယောက်ကို ဝင်တိုက်ရင်တော့ တော်သေးတယ်'

တင်တင်ဝင်းက သဘောကျစွာ ရယ်မောမိတယ်။ အိသဉ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြိတ်ဆုတောင်းနေတယ်။ ခိုင်မဥ္ဇူတစ်ယောက် ဘာမှမဖြစ်ပါစေနဲ့ပေါ့။

❖ ❖ ❖

ခိုင်မဥ္ဇူ သူ့အစ်မရှိရာ ကုမ္ပဏီကိုရောက်တော့ ဝန်ထမ်းအချို့ ရုံးဆင်းသွားကြပြီ။ သူ့အစ်မက မန်နေဂျာတစ်ဦးဆိုတော့ အခန်းထဲမှာ တစ်ယောက်တည်း နေရတယ်။ အစ်မလုပ်သူက စာရင်းဇယားတွေနဲ့ ရှုပ်နေလို့ သူလည်းဘေးကနေ ထိုင်စောင့်ပေးနေရတာပေါ့။

'မဥ္ဇူ… ခဏနေဦး၊ သူဌေးခေါ်ထားလို့ သွားလိုက်ဦးမယ်'

အစ်မဖြစ်သူက စာရင်းစာအုပ်တွေကိုင်ကာ အပြင်ကိုထွက်သွားတယ်။ တံခါးကို အလျင်စလိုပိတ်သွားတာ တံခါးက အပြင်ကနေ ဂျက်ကျသွားရဲ့။ ခိုင်မဥ္ဇူ အခန်းထဲကနေ စောင့်နေတယ်။ အစ်မက စာရင်းတွေလုပ်ရတာ ခေါင်းပူသဖြင့် အဲယားကွန်းလွှတ်ထားတာ ဂိတ်ဆုံးမို့ အခန်းထဲမှာ အတော်အေးနေတယ်။ ကြာလာတော့ ခိုင်မဥ္ဇူ အေးလာတာပေါ့။ နဂိုကမှ အရိုးလေးသာရှိတဲ့ ဘော်ဒီမျိုးဆိုတော့ ခိုက်ခိုက်တုန်အောင် ချမ်းလာရဲ့။ ခိုင်မဥ္ဇူ အဲယားကွန်းခလုတ်ကို ပိတ်ဖို့ လိုက်ရှာရတော့တယ်။ ပြဿနာက အဲဒီမှာ တက်တာပဲ။ ခလုတ်တော့တွေ့တယ်။ ဝါယာရှော့ဖြစ်ပြီး ခလုတ်နေရာက ဓာတ်နည်းနည်းလိုက်ချင်နေတယ်။ ခိုင်မဥ္ဇူ သွားကိုင်တာ နည်းနည်းကျင်ပြီး ဖျစ်ဖျစ်မြည်သွားတယ်။ ခိုင်မဥ္ဇူ မပိတ်ရဲတော့ဘဲ သူ့အစ်မ လာတာကိုထိုင်စောင့် နေရတော့တာပေါ့။ အစ်မဖြစ်သူက နာရီဝက်နဲ့ ပေါ်မလာ၊ လေးဆယ့်ငါးမိနစ်ကြာလည်း မလာ။ ခိုင်မဥ္ဇူ ချမ်းလာပြီ။ တံခါးကိုဖွင့်ပြီး အပြင်ထွက်မယ်လုပ်တော့ တံခါးကဂျက်ကျနေတယ်။ ခိုင်မဥ္ဇူ ဒုက္ခရောက်ပြီ။ အအေးဓာတ်တွေ ကြားထဲမှာ ပိုးပြေးဒီပြေးနဲ့ ချမ်းလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒုက္ခပဲ၊ အစ်မကလည်း ပြန်မလာသေးဘူး၊ ငါ့ တော်တော်ချမ်းနေပြီ၊ တံခါးလည်း ဖွင့်မရ၊ ခလုတ်ကလည်း ဓာတ် လိုက်နဲ့… အင်း… အင်း'

ခိုင်မဥ္ဇူ ဝင်လာတာက လက်ပြတ်အင်္ကျီပါးဆိုတော့ အအေး ဓာတ်က ပိုဒုက္ခပေးတာပေါ့။ ဒါနဲ့ပဲ (၅၅) မိနစ်ကြာသွားတယ်။

'ဒီအတိုင်းဆို အိသဥ္ဇာရဲ့ ဓာတ်ပုံတိုက်ဆိုင်မှုက မှန်နေပြီ၊ အမလေး… ရေခဲသေတ္တာထဲ ထည့်မိလို့ပဲ၊ မီးဖိုထဲသာပစ်ထည့်ရင် ဘုရား… ဘုရား သေပြီပဲ… အမလေး'

ခိုင်မဥ္ဇူ အိသဥ္ဇာဆီ ဖုန်းကောက်ဆက်တယ်။ သူဖြစ်အင်ကို တုန်ရီနေတဲ့ကြားက ပြောပြရတော့တယ်။

'သဥ္ဇာ… သဥ္ဇာ ငါ တကယ် တကယ် မြောက်ဝင်ရိုးစွန်း ရောက်နေပြီဟ'

'အေးဟာ… ငါ့အတွက် ပိုလာဝက်ဝံတစ်ကောင်လောက် ဖမ်းခဲ့ပေးပါဟာ'

'ငါ့အစ်မကလည်း ကြာလိုက်တာ… ဟင်း… ဟင်း'

'နင့်ကို ငါပြောသားပဲ၊ အခု နင်အခြေအနေမဟန်ရင် ရှိုးသဲတ အင်တာနက်ဖုန်းကိုဆက်ပြီး အကူအညီတောင်းလေ'

'အေး… အေး'

'ငါသိပါတယ်ဟာ… နင်အေးစက်နေတာကို'

ခိုင်မဥ္ဇူတစ်ယောက် လက်တွေပါ တုန်လာသဖြင့် ဖုန်းခွက်ကို ကိုင်နိုင်တော့ပေ။ ခန်းရွှေဆောင် ရဝေတွင်းမှာလ ချမ်းပေါင်လေ အဆောင်းသော်လည်း ဖြေရှင်းရယ်တဲ့ ခိုက်ခိုက်တုန်ဆိုတဲ့ ဆရာဖေရဲ့ အချက်တစ်ပုဒ်ကို သွားသတိရပေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



နိုင်မဉ္ဇူ အဖြစ်ကို အိသဉ္ဇာတို့ ပြန်သိရတော့ သနားစိတ်က လေး နည်းနည်းတောင် ဝင်မိသည်။ အဲဒီနေ့က နိုင်မဉ္ဇူအစ်မက တော်တော်နောက်ကျပြီးမှ ရုံးပြန်ရောက်လာတော့ တံခါးကိုဖွင့်ဖွင့်ချင်း ကျုံ့ကျုံ့လေး တုန်နေတဲ့ နိုင်မဉ္ဇူကို တွေ့လိုက်ရတယ်။ နိုင်မဉ္ဇူရဲ့ ဝံ့စံမှာ ပိုလန်ဆောင်းဥတု အအေးဒဏ်မိထားတဲ့ လူမလေးလို။ နိုင်မဉ္ဇူ ဘုံးရက်လောက် ဖျားသွားရဲ့။ အခု နာလန်ထကာစမှာ မဖြစ်မနေ ကျောင်းကို လာရတယ်။ ကျောင်းစာတွေကို အိသဉ္ဇာနှင့်တင်တင်ဝင်း က ဝိုင်းကူးပေးထားတယ်။ အခုလည်း ကင်တင်းမှာ အိသဉ္ဇာနဲ့ တင်တင်ဝင်းက သူ့ကိုစောင့်နေရဲ့။ နိုင်မဉ္ဇူ အနွေးထည်လေးဝတ်ပြီး ထုပ်ချောင်းချောင်းနဲ့ ရောက်လာတယ်။

'သူငယ်ချင်း သက်သာလား'

'သက်သာပါတယ်ဟာ၊ အိသဉ္ဇာ ငါတော့ ဓာတ်ပုံတိုက်ဆိုင် မှုကို တော်တော် ယုံသွားပြီဟာ၊ ခံလိုက်ရတာလည်း အလူးအလဲ'

နိုင်မဉ္ဇူက ရွှံ့မဲ့မဲ့နဲ့ပြောရာ အိသဉ္ဇာကလည်း သူရဲ့ ဘာမှ မဟုတ်ဘဲ ဖြစ်နေသော ဓာတ်ပုံတိုက်ဆိုင်မှုကြီးကို အားတက်သရော ဝုထ်မယူနိုင်ပေ။

'ငါလည်း အဲဒီလောက်ထိ ဖြစ်မယ်လို့ ဘယ်ထင်မလဲ သူငယ်ချင်းရာ'

'ငါလေ ဓာတ်ပုံရိုက်ချင်စိတ်တောင် ပျောက်သွားပြီ'

နိုင်မဉ္ဇူက ညည်းတွားမိတယ်။ တင်တင်ဝင်းက သူ့ စလင်း ဘတ်အိတ်ကို ဖွင့်၍…

'ဟဲ့… အိသဉ္ဇာ ငါ့ဓာတ်ပုံတွေ ပြမလို့၊ နင် ဘာမှလျှောက် မလုပ်နဲ့နော်'

'ကောင်မ… ငါကပဲ ဓာတ်ပုံတွေကို လိုက်ပြီလုပ်နေသ လိုမျိုး နင်ပြောပုံက တော်ပြီဟာ နင့်ပုံတွေ ငါ့မပြနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'သဘောပြောတာပါဟာ၊ ငါ့ပုံလေးတွေ ဘယ်လောက်လှသလဲ ကြည့်စမ်းပါဦး'

တင်တင်ဝင်းက သူအလှရိုက်ထားသော ဓာတ်ပုံတွေကို ထုတ်ပြသည်။ တင်တင်ဝင်းက ဓာတ်ပုံထဲမှာ မျိုးသန္တာထွန်းနဲ့ ဟူနေရဲ့။ အိသဉ္ဇာမှာ ဓာတ်ပုံကို မကိုင်ရဲဘဲ ခေါင်းကလေးစောင်းကာ ကြည့်ရရှာတယ်။ ခိုင်မဥ္ဇူကတော့ သူ့သူငယ်ချင်း အလှအပကို ချီးကျူးနေတယ်။

'ဟဲ့… သဉ္ဇာ၊ နင်ကပဲ ယူကြည့်ပါဟာ'

'နင်ခွင့်ပြုတာနော်၊ တစ်ခုခုဖြစ်ရင် ငါ့ အဆိုးမဆိုနဲ့'

အိသဉ္ဇာက စုပုပ်ပုပ်နဲ့ တင်တင်ဝင်း ပြသောဓာတ်ပုံတွေကို ထိုင်ကြည့်တယ်။ ဝတ်ကျေတန်းကျေ ကြည့်ပြီး အတင်းပြန်ပေးတယ်။ တင်တင်ဝင်းက ဓာတ်ပုံတွေကို အိတ်ထဲပြန်ထည့်ရန်အပြင် သူမှာထားသော ဆီချက်ခေါက်ဆွဲ ရောက်လာသဖြင့် ဗိုက်ဆာနေရာ ဇန်းကန်ကို အရင်လှမ်းယူတယ်။ အဲဒီမှာ ဖြစ်ချင်တော့ လေတစ်ချက်အဝှေ့မှာ ဓာတ်ပုံတစ်ပုံက လွင့်သွားရဲ့။

'ဟာ… လုပ်ပါဦး၊ ငါ့ ဓာတ်ပုံလွင့်သွားပြီ'

ဓာတ်ပုံကလွင့်ပြီး လက်ဖက်ရည်ဆိုင်အတွင်း ဝင်ရောင်းနေသော ဝက်သားတုတ်ထိုးသည်ရဲ့ ဗန်းထဲရောက်သွားတယ်။ ဝက်သားတုတ်ထိုး စားနေတဲ့ ကောင်မလေးတွေက ဘယ်သူ့ဓာတ်ပုံမှန်းသိသဖြင့် ဖြုန်းဆိုဓာတ်ပုံကို ဝဲပစ်လိုက်ပါရော။ တင်တင်ဝင်း အနားရောက်တော့ သူ့ဓာတ်ပုံက ထပ်လွင့်သွားပြန်တယ်။ အဲဒီမှာ ဗသာကြော်ကုလားတစ်ယောက်က လက်ဖက်ရည်သောက်ဖို့ ဆိုင်ထဲဝင်အလာ သူ့ဗယာကြော်ဗန်းထဲ ဓာတ်ပုံက ခေါက်လျက်သားလေး ရောက်သွားတယ်။ ဗယာကြော်ကုလားက မသိဘဲ လေတချွန်ချွန်နဲ့

www.burmeseclassic.com



ဆိုင်ထဲဝင်ထိုင်နေတယ်။ တင်တင်ဝင်းတို့ သုံးယောက်လည်း ကုလားနားရောက်လာရဲ့။

'ဟာ… ကန့်မလေးတွေ၊ ဗယာကြော်လား ဘီလောက်ဖိုးလဲ'

'ဟုတ်ဘူး ဒီမှာ ကျွန်မဓာတ်ပုံ ရှင့်ဗန်းထဲလွင့်ပြီး ပါလာလို့'

'အားဗား… ကုလားနော်၊ အမလေး… ဓာတ်ပုံမယူဘူးနော်၊ ကုလားနော် အိန္ဒိယမင်းသမီးတွေရဲ့ ဓာတ်ပုံတွေတောင် စိတ်မဝင်စားဘူးနော်၊ ကုလားမှာ မိန်းမရှိတယ်၊ ကုလားမိန်းမက ရာဘင်ဒြာနတ်တဂိုး ကဗျာထဲကလို အရမ်းကျက်သရေရှိတာနော်'

'မဆိုင်တာတွေ မပြောနဲ့ ကျွန်မတို့ဓာတ်ပုံ ပြန်ယူသွားပြီ'

အိသဥ္စာက ကုလားစကားများနေတာကို နားမထောင်နိုင်ဘဲ တင်တင်ဝင်း ဓာတ်ပုံကို ဆွဲယူလိုက်တယ်။ တင်တင်ဝင်းကလည်း သူ့ဓာတ်ပုံလေးကို အိသဥ္စာလက်ထဲက ပြန်ယူပြီး တစ်ရှူးပေပါစနဲ့ သုတ်လိုက်ကာ အိတ်ထဲပြန်ထည့်ထားတယ်။ အိသဥ္စာ ထိတ်သွားတယ်။ တင်တင်ဝင်း ဓာတ်ပုံကို သူထိမိသွားပြီ။ တင်တင်ဝင်း ဘာတွေဆက်ဖြစ်လာဦးမလဲ။

◆ ◆ ◆

နောက်တစ်နေ့ တင်တင်ဝင်း ကျောင်းမတက်နိုင်ပေ။ အိသဥ္စာလည်း စိုးရိမ်တကြီးနဲ့ သူ့အိမ်သို့ သွားမေးရတော့တယ်။ တစ်ခုခုဖြစ်မည် ထင်တဲ့အတိုင်းပင် တင်တင်ဝင်း နဖူးမှာ ပတ်တီးအဖွေးသားနဲ့။ အိသဥ္စာလည်း မသက်မသာသက်ပြင်းတွေ ဆောင့်ကြီးအောင့်ကြီး ချမိတယ်။ တင်တင်ဝင်းကတော့ မျက်နှာငယ်လေးနဲ့။

'တင်တင်ဝင်း… ဒါက ဘယ်လိုဖြစ်ရတာတုန်း'

'ဘယ်ကစပြောရမှန်းတောင် မသိတော့ပါဘူး၊ ငါ့ဓာတ်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



နှင်ထိပြီးတဲ့ နောက်တစ်နေ့ပေါ့၊ ငါ မနက်စောစော ရပ်ကွက်ဈေးထဲ သွားတယ်။ ဈေးထဲမှာ အမဲသားသည်ကုလားနဲ့ ဝက်သားသည် တရုတ်တို့ ရန်ဖြစ်နေကြတယ်'

'အဲဒါ နှင်နဲ့ ဘာဆိုင်သလဲ'

'ငါနဲ့ ဘာမှမဆိုင်ဘဲ ခံလိုက်ရတာလေ၊ နင်ပဲ စဉ်းစားကြည့် ဟာ၊ ငါက ငါ့ဘာသာငါ ဈေးဝယ်ပြီး သူတို့ဆိုင်ရှေ့က ဖြတ်သွား တယ်၊ အဲဒီမှာ သူတို့ အချင်းများနေရာက ဝက်သားသည်က အမဲသား သည်ကို အလေးနဲ့ကောက်ထုတာ ချော်ပြီး ငါ့နဖူးကို တည့်တည့်လာ မှန်တယ်ဟာ'

'ဟင်… နင့်ဟာကလည်း မဆီမဆိုင်ကြီးပါလား'

အိသဉ္ဇာက ကောက်ချက်ချတယ်။ တင်တင်ဝင်းက သူ့နဖူး ထိုစမ်းပြီး…

'ငါတွေးကြည့်တယ်ဟာ၊ ဟိုနေ့က ခေတ်ပုံလွှင့်သွားတာ ဆော်သားတုတ်ထိုးဗန်းထဲ အရင်လွှင့်ပြီး ဗယာကြော်ကုလားဆီ ထပ် ရောက်သွားတယ်၊ သူတို့နဲ့ ဘာမှမဆိုင်ဘဲ ငါ့ခေတ်ပုံက သူတို့ဆီ ရောက်သွားတာ အခု ငါနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့ တရုတ်နဲ့ကုလား ရန်ဖြစ်တာ အလေးမှန်ခံရတာ၊ ဆက်စပ်မှုသဘောတရားတော့ ရှိမယ်။ နင်ပြောသလို တိုက်ဆိုင်မှုတွေ သက်ရောက်သွားတာပဲ နေမှာ'

'ငါလည်း တစ်နေ့တစ်နေ့ အဲဒါကြီးကိုတွေးပြီး ဘဝမှာ ဘာတွေ ဆက်ဖြစ်ဦးမလဲဆိုတာပဲ တွေးနေမိတယ်၊ အဖြေရှာရခက် တယ်ဟာ'

အိသဉ္ဇာလည်း စိတ်ကျဉ်းကြပ်နေပုံရတယ်။ ဒီတိုက်ဆိုင် တွေဟာ ဘယ်တော့များမှ အဆုံးသတ်မလဲ မသိဘူး။ သူ့ခေတ်နဲ့ ခေတ်ပုံတွေကို ထိမိကိုင်တွယ်မိရင် ဒါမှမဟုတ် သူ့လက်ထဲက ခေတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



အ တစ်နေရာကို ရောက်သွားရင် အဲဒါနဲ့ ဆက်စပ်ပြီး ခေတ်ပုံထဲက လူထာ တစ်ခုခု ဖြစ်တတ်တယ်။ သက်ရောက်မှု သဘောတရားတွေကို သူနားမလည်နိုင်တော့။

'သဥ္စာ… ဘာတွေ စဉ်းစားနေတာလဲ၊ တစ်ခါတလေကျရင် ငါလည်း အတွေးခေါင်မိတယ်ဟာ၊ ဝရမ်းထုတ်ထားတဲ့ ကောင်တွေရဲ့ ခေတ်ပုံကို နင် ကြိုးနဲ့တုပ်ထားရင် သူတို့တစ်တွေကို ဖမ်းချင်ဖမ်းမိနိုင်တယ်ဟ'

'နင်ပြောတာလည်း ဟုတ်သားပဲ၊ အိုစမာဘင်လာဒင် ခေတ်ပုံကို ကြိုးနဲ့တုတ်ပြီး အမေရိကန်သမ္မတဆီ ပို့လိုက်ရင် မကြာခင်မှာ ဘင်လာဒင်ကို မိမလားပဲ'

တင်တင်ဝင်းက သဘောကျ၍ ရယ်မောလေတယ်။

အိသဥ္စာ ဘဝမှာ ရည်မှန်းချက် အရေးမကြီးတော့။ မျှော်လင့်ချက်ထားစရာ မရှိတော့။ ကြီးပွားချမ်းသာတိုးတက်ဖို့ မကြိုးစားချင်တော့။ အဓိက အရေးကြီးတာက သူမ ခေတ်ပုံတွေနဲ့နှစ်ပါးသွားပြီး တိုက်ဆိုင်မှုတွေ မသက်ရောက်စေဖို့ပဲ။ ဒါလေးတစ်ခုပဲ ဆုတောင်းစေချင်ရဲ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

'ဒီနေ့ကစပြီး ကိုယ့်ခေတ်ပုံကို လေယာဉ်ပျံ အရုပ်တစ်ခု ပေါ်မှာ တင်ထားပေတော့ သဉ္ဇာ၊ ကိုယ်မကြာခင် ကာလမှာ နိုင်ငံခြား သွားရတော့မယ်'

လင်းဝေယံက မခွဲချင်တဲ့ ပုံစံမျိုးနဲ့ပြောတယ်။ အိသဉ္ဇာကို သူချစ်ခွင့်ပန်ထားတာကြာပြီ။ အိသဉ္ဇာက ဟိုရွှေ့ဒီရွှေ့နဲ့ စစ်တုရင် ကစားသလို၊ ဝေ့လည်ကြောင်ပတ်လုပ်နေတာ။ တကယ်တော့ အိသဉ္ဇာ ကိုယ်တိုင်က လင်းဝေယံရဲ့စိတ်ကို စမ်းသပ်အကဲခတ် စောင့်ကြည့် နေတာပါ။ သူမကိုယ်တိုင်လည်း မသိစိတ်က ဝန်ခံပြီးသား။ အိသဉ္ဇာ က လင်းဝေယံကို ချစ်မိနေပါပြီ။ မိန်းကလေးသဘာဝ လွတ်လပ်စွာ နေချင်တာရယ်၊ အဖြေပေးလို့ စောလွန်းသေးတာရယ်၊ နောက်ပြီး အဆိုးဆုံးတစ်ခုက သူစိတ်မှာ ထင်ဟပ်နေတဲ့ ခေတ်ပုံထိမှမိတဲ့ ကျိန် စာကြောင့် လင်းဝေယံကို တစ်ခုခုဖြစ်မှာလည်း စိုးရိမ်နေမိရဲ့။ ခုချိန်ထိ ဆိုးဆိုးဝါးဝါးကြီး မဖြစ်ပေမဲ့ ချစ်သူနဲ့မှ တိုက်ဆိုင်စွာ ဖြစ်ခဲ့လျှင် သူမ တစ်သက်လုံး နောင်တရနေမှာ။ ဒါကို အဓိကထားပြီး စဉ်းစား နေတာယ်။

'သွားလေ... ကောင်းတာပေါ့'

'မကောင်းသေးဘူး၊ အိသဉ္ဇာက ကိုယ့်ကို အဖြေပေးရ သေးဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



'နှင် လေယာဉ်ပေါ်တက်ခါနီး အဖြေပေးမယ်'

'ဟာ... အဲဒါ မနိပ်ဘူး၊ တော်ကြာဝမ်းသာပြီး ပြန်ခုန်ဆင်းခဲ့ရင် ဘယ်လိုလုပ်မလဲ'

လင်းဝေယံက အတည်ပေါက်နဲ့ ပြောတယ်။

'တကယ်ပါ သဉ္ဇာရယ်၊ နှင့်ကို ငါ ငယ်ငယ်ကလေးတည်းက ချစ်ခဲ့တာပါ'

'မယုံဘူး နှင်တို့ ယောက်ျားလေးတွေက ငါးစိမ်းမြင် ငါးကင်ပစ်ချင်တဲ့ အမျိုးတွေ'

'နှင်ကလည်းဟာ ပဒေသရာဇ်ခေတ်ဟောင်း စကားကြီးတွေနဲ့ မဟာနဲ့စမ်းပါနဲ့၊ နှင် ငါ့ကို စောင့်ကြည့်နေတာလည်း ကြာလှပြီ၊ ငါက ရှေးဟောင်းပြတိုက်ထဲက တန်ဖိုးကြီးရုပ်ထုတစ်ခုကို အထပ်ထပ်စောင့်ကြည့်ခံရသလို ဖြစ်နေပြီ။ နှင်မကြိုက်တာတွေလည်း ငါ ရှောင်ပစ်ပြီးပြီ။ နှင်နဲ့ မတည့်တဲ့ ကောင်တွေကိုလည်း ငါအမြင်ကပ်စာရင်းထဲ အစုလိုက် အပြုံလိုက် ထည့်ထားပြီးပြီ။ နှင်ကြိုက်တဲ့ အစားအစာတွေဆိုရင်လည်း ငါက ခံတွင်းတွေ့လျက်နဲ့ ခံတွင်းပျက်ပေးရပြီးပြီ။ ဘာလိုသေးလဲ'

လင်းဝေယံက တသီတတန်း ပြောပြရဲ့။ အိသဉ္ဇာက နှုတ်ခမ်းလေးတစ်ဖက်ရွဲ့ပြီး...

'အမလေး... နှင့်ကို ဘယ်သူက ဒါတွေ လိုက်လုပ်ခိုင်းနေလို့လဲ၊ နှင့်ဘဝနဲ့ နှင်ပါဟာ ငါက အနေသာကြီး'

'နှင် စကားကို ဆင်ဝှေ့ရန်ရှောင် သိပ်ပြောတာပဲ'

လင်းဝေယံက အိသဉ္ဇာကို အပြစ်တင်တယ်။ အိသဉ္ဇာက တစ်ထစ်လျှော့ပြီး...

'အေး... နှင်အခုလိုချင်နေတာ ဘာလဲ ငါသိတယ်၊ ငါ့စိတ်ထဲမှာ အမြဲရှိပြီးသားပဲ၊ အချိန်တန်ရင် နှင်သိမှာပေါ့ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား'

'နှစ်ခုစလုံး သိမ်းကျုံးပွေ့ပိုက်ပြီးနေရမှာ'

'အမ်... ဘာလဲဟာ'

လင်းဝေယံ ခေါင်းရှုပ်သွားတယ်။

'ဒီမှာ လင်းဝေယံ၊ ငါက မိန်းကလေး မူတာတို့ ငူတာတို့ကို သမိုင်းပေးတာဝန်အရ လုပ်ရတာပေါ့၊ ရေတစ်ခွက်ကို လွယ်လွယ် သောက်လိုက်သလို ငါ့အချစ်ကို ခပ်ပေါ့ပေါ့လေး မဖြစ်စေချင်ဘူး'

'ဒါဆို ဓာတ်ဆားရည် ခတ်သောက်လိုက်ရင် ကျန်းမာရေး အတွက် ကောင်းမယ် မဟုတ်ဘူးလား'

လင်းဝေယံက အိသဥ္ဇာကို နောက်တယ်။ ဒီအတိုင်းဆို သူမ စိတ်ကလေးကို ခပ်ဟဟလေး ခန့်မှန်းမိသွားပြီ။ နှစ်ရှည်လများ ချယ်သူငယ်ချင်း အဆင့်ကနေ အနစ်နာခံရကျိုးနပ်ခဲ့ပြီ။ လင်းဝေယံ သည် အိသဥ္ဇာအတွက် အစစအရာ ဂရုတစိုက် ချစ်ခဲ့သော ကောင် လေးတစ်ယောက် မဟုတ်ပါလား။

'အိသဥ္ဇာရယ်၊ ငါ နင်နဲ့ မခွဲချင်ပါဘူးဟာ'

'နင့်ဘဝ ကောင်းစားဖို့ပဲ ငါလို အညတရကို သတိမေ့ပစ်ရ မှာပဲ'

'အခိုက်အတန့်လေးပါ သဥ္ဇာရယ်၊ ငါ့ဘဝတိုးတက်လာ တာလဲ နင့်အတွက်ပါ'

လင်းဝေယံက အိသဥ္ဇာ မျက်နှာလေးကို စိုက်ကြည့်ပြီး ပြောနေတယ်။

'ငါ့ဘဝ ဆုတ်ယုတ်သွားရင်လည်း နင် အမြဲတမ်း ငါ့ဘေးမှာ ရှိနေမှာလား'

အိသဥ္ဇာက ခန့်ကျင်ဘက် သဘောဖြင့် လင်းဝေယံအား ပြန်မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ဟာ ဆိုးတူကောင်းဖက် သာအတူနာအမျှ မိတ်ဆွေရင်းချာတွေပဲဟာ'

'အေးဟာ… ငါလည်း သူငယ်ချင်းတွေနဲ့ ခွဲခွာရရင် စိတ်မကောင်းဘူး၊ တကယ် ရင်းနှီးတဲ့သူတွေ မရှိရင် တိုင်ပင်စရာတွေ နည်းပါးပြီး လျော့သွားတာပေါ့'

'ငါ တစ်ခုမှာချင်တယ်ဟာ'

'နင်ကလည်း အစားကြီးလိုက်တာ၊ ဒီမှာ ဆီချက်တစ်ပွဲ တောင်ပြောင်နေပြီ၊ ငါ ဗိုက်ဆံသိပ်ပါတာ မဟုတ်ဘူး၊ ဗိုက်ကအမြဲ ချောင်နေတာပဲ'

အိသဥ္ဇာက တလွဲထင်ပြီး တစ်ခုခုမှာတာကို အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားရဲ့။ မြန်းခနဲ ဆိုတော့ လင်းဝေယံလည်း အူကြောင် ကြောင် ဖြစ်သွားတာပေါ့။

'ငါမှာမှာက အဲဒီလိုမျိုး မဟုတ်ဘူး'

'စားပွဲထိုးကတဆင့် မမှာလို့ ဆိုင်ရှင်ကိုယ်တိုင် သွားပြောပြီး မှာချင်လို့လား'

'ဟာ… မှာချင်တာ အဲဒါမျိုး မဟုတ်ဘူး'

'ဒါဆို မီနူးကတ်ကြည့်လေ'

ပြောလေရှင်းလေ ရှုပ်လေပဲ။ တကယ်တော့ အိသဥ္ဇာက တမင်သက်သက် ကွေ့ပတ်လှောက်ပြောနေခြင်းပင်။ အိသဥ္ဇာရဲ့ ဓ… ယာယ်ကို မသိသော လင်းဝေယံအဖို့ ဘယ်ရောညာပါ စကားပြန်စ… မရနိုင်တော့။

'နင် တစ်ခုမှာချင်တာ ငါသိပါတယ်'

'ဘာလဲပြော ငါ ဘာမှမစားနိုင်တော့ဘူး'

'နင် ငါသွားတဲ့အချိန် ကျန်းမာရေးကို ဂရုစိုက် နောက်…

www.burmeseclassic.com



ရည်းစားတွေဘာတွေ မထားနဲ့၊ ပညာရေးကို ကြိုးစား ဒါကို နင့်မှာချင်တာ မဟုတ်လား၊ နင် မပြောလည်း ငါသိပါတယ်ဟာ’

‘ဟာ… သဩ၊ နင် ငါပြောမယ့်ဟာတွေ သိနေတယ် ဟုတ်လား’

လင်းဝေယံက ဝမ်းသာအားရပြောတယ်။

‘ကောင်စုတ်… ဖြီးမနေနဲ့၊ ငါက ခန့်မှန်းနဲ့ပြောတာ၊ နင့်ဘာသာနင် အထအနတွေ ပလပ်စတစ်ကောက်သလို ကောက်နေတာ’

‘ထားပါတော့ဟာ ငါ နင့်ကိုချစ်တဲ့စိတ်နဲ့ နိုင်ငံခြားမှာ အလုပ်တွေ ကြိုးစားလုပ်ပြီး ပြန်လာမယ်’

‘အဲဒီမှာ ဘဝတူကောင်မလေးတွေနဲ့ ဆုံပြီး အမိမြေကို သတိရသလိုလိုနဲ့ သမီးရည်းစားတွေ ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ၊ ဘယ်သူမှ အာမခံနိုင်မှာ မဟုတ်ဘူး၊ ဟိုရောက်ရင် အသစ်အဆန်းတွေ တွေ့ပြီး မျက်စိကိုလေထဲမှာ လွှင့်တင်ထုတ်လွှတ်ထားမှာ မသိဘူး မှတ်နေလား’

အိသဩက ငါတကောကောတယ်။ လင်းဝေယံ ဇက်ကလေး ပုနေရရှာရဲ့။ ပြန်နှုတ်လှန်ထိုးစရာ ဒိုင်ယာလော့ ပျောက်နေဘယ်လေ။

‘ကဲ… သဩ၊ မင်းကို ငါစကားအရာအရလည်း မနိုင်တော့ဘူး၊ ငါ့မှာပြန်ချေပစရာ စကားလည်း ခမ်းကုန်ပြီ၊ မင်းထင်ချင်သလိုထင်၊ မြင်ချင်သလိုမြင် ဘာမှ ငါမပြောလိုတော့ဘူး’

‘ဒီလိုမှပေါ့ ဒါမျိုး ပွင့်ပွင့်လင်းလင်းကို သဩတို့က သဘောကျတာ၊ လင်းဝေယံ… နင် ငါ့ကို တကယ်ချစ်သလား’

မထင်မှတ်သော မေးခွန်းကို အိသဩက ဖြုန်းစားကြီး မေးလိုက်ရာ။ လင်းဝေယံ ကြောင်အမ်းအမ်း ဖြစ်သွားရဲ့။

‘ချစ်တာပေါ့ဟာ ဘယ်လောက်ထိ ချစ်သလဲဆိုရင်’

www.burmeseclassic.com

www.burmeseclassic.com



'တိုတိုတုတ်တုတ် ဗီးကြမ်းလိုပဲပြော၊ ရှည်ရှည်ကောက်ကောက် သီးမွေးလို မပြောနဲ့၊ လိုရင်းက ငှက်ပျောသီးဆိုတာပဲ ဟုတ်လား'

အိသဉ္ဇာက ငှက်ပျောသီး အမျိုးအစားနဲ့ ဥပမာပေးလိုက်သေးတယ်။

'နှင် ငါ့ကို တကယ်ချစ်တယ်ဆိုရင် နှင့်ခတ်ပုံကို ငါ ခေးနဲ့ ထိုးမယ်ဟာ'

'ထိုးပေါ့ဟာ ငါ ကံကောင်းရင် လက်ကို ဘလိတ်ဓားရှရုံလောက်နဲ့ ကျိန်းကျေသွားမှာ ဟ… ကြောက်ဘူး'

'ဒါဆို နှင့်ခတ်ပုံကို မီးရှို့ပစ်မယ်'

'ရှို့ပေါ့ဟာ ကံကောင်းရင် အပူလောင်တာကလွဲပြီး ဘာမှ ဖြစ်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နှင့် ကျိန်စာလိုလို သက်ရောက်မှုကြီးက ထိထိမိမိလည်း ဖြစ်တာ မဟုတ်ဘူး၊ ငါသိနေပါပြီ'

လင်းဝေယံက အပိုင်ပြောလိုက်ရာ အိသဉ္ဇာ ဒီတစ်ခါတော့ ဘာမှပြန်မပြောနိုင်ရှာ။ အိသဉ္ဇာလည်း ခေါင်းကုတ်ကာ…

'အေးဟာ… ဘာကြီးမှန်းလဲ မသိဘူး၊ တစ်ခါတလေကျ အူကြောင်ကြောင်နဲ့'

ဆက်၍ အိသဉ္ဇာက ခတ်ပုံနှင့်ပတ်သက်ပြီး မိဘနှစ်ပါးဖြစ်ပုံတွေနှင့် တင်တင်ဝင်းတို့ ဖြစ်ပုံတွေကို ထပ်ဆင့်ပြောပြပြန်တယ်။ လင်းဝေယံအဖို့ နားရည်ဝနေသော အကြောင်းအရာ ဖြစ်သော်လည်း ဘာမှပြန်မတုံ့ပြန်ရဲဘဲ ထုံးစံမပျက် ကြိတ်မှိတ်နားထောင်ရရှာတယ်။ ဤသည်လည်း ချစ်ရသော ဒုက္ခပင်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



တင်တင်ဝင်းကို တစ်ဖက်သတ် ခိုက်နေသော မြင့်ဝေဆိုတဲ့ အကောင်က တကယ့်မှ အူတူတူ။ ဘယ်သူပြောသမျှကိုမှ အကျယ်တဝင့် မစဉ်းစားဘဲ ထွေလီကာလီ လျှောက်လုပ်တတ်သူ။တင်တင်ဝင်း လှည့်သမျှလည်း ချားရဟတ်ကဲ့သို့ လိမ့်ပိန့်ခံရတဲ့ကောင်။ အခုလည်း တင်တင်ဝင်း ဘာတွေထူထူကြီး ကျပ်လွှတ်သလဲ မသိ။ အိသဉ္ဇာရှေ့ ဓာတ်ပုံတွေ တပွေ့တပိုက်နဲ့ ရောက်ချလာပြန်တယ်။ ဓာတ်ပုံတွေက ထွန်းပျူတာ ဖန်တီးမှုနဲ့ မြန်မာပြည်အနှံ့က နေရာစုံမှာ သူကိုယ်တိုင် သွားရိုက်ထားသလို ပြုလုပ်ထားခြင်းဖြစ်တယ်။ တကယ်တော့ မြင့်ဝေသည် ရန်ကုန်မြို့ တစ်ပတ်တောင် လည်လည်ဝယ်ဝယ် ရောက်ဖူးသူ မဟုတ်ပေ။ အိသဉ္ဇာကလည်း ပါးပါးလေးနဲ့ မြင့်ဝေကို ဈေးကိုင်ချပြီ။

'ဒါဆို ကိုမြင့်ဝေက ဓာတ်ပုံတွေထဲကအတိုင်း မြန်မာပြည်အနှံ့ကို နေရာစုံအောင် သွားဖူးချင်တယ်ပေါ့'

'သေချာတာပေါ့၊ လွင်မိုး ခရီးသွားနေသလိုမျိုး ကျွန်တော် သိပ်ဝါသနာပါတာ၊ ဒါကြောင့်မို့လည်း မအိသဉ္ဇာ အကြောင်းတွေကို တင်တင်ဝင်းက တဆင့်သိရလို့ ခုလို လာအကူအညီတောင်းရတာပဲ'

မြင့်ဝေက ရှင်းပြတော့ ခိုင်မဥ္ဇူကလည်း အချိန်နဲ့ဆက်လက်၍ စင့်ချေရဲ့။

'ခရီးသွားခြင်းဟာ အင်မတန်ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေကို ရရှိစေတာ အမှန်ပဲ၊ ဗဟုသုတတွေ ဒေသတစ်ခုရဲ့ ယဉ်ကျေးမှုတွေ သဘာဝတောတောင် ရှုခင်းတွေရဲ့ လှပသာယာမှုတွေ ခံစားနိုင်တာပေါ့။ ဟောကြည့်… အလောင်းစည်သူမင်းကြီးဆိုရင် ဖောင်စီးပြီး နေရာတကာကို စုန်ဆင်းတတ်တာပဲ၊ မာကိုပိုလို ဆိုရင်လည်း ခရီးရှည်ကြီးတို ခွဲနေပဲနဲ့ သွားခဲ့တာပဲ။ ကိုလန်ဘတ်စ်ဆို နယ်မြေသစ်တွေတောင်

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေတွေ့ရှိသွားသေးတာပဲ။ ဒါတွေဟာ အတုယူစရာ နမူနာပြစရာ သာဓကတွေ ကိုမြင့်ဝေ ဖြစ်စေချင်တဲ့ ဆန္ဒတွေကို ဟောဒီက ကျွန်မ သူငယ်ချင်း သဉ္ဇာက သူ့ ပညာနဲ့ဆောင်ရွက်ပေးမှာ'

'ဟုတ်တယ် ကိုမြင့်ဝေရဲ့၊ ကျွန်မ တမင်တကာ လျှောက် ပြောနေတာ မဟုတ်ဘူး၊ ခုဆို ကိုမြင့်ဝေ ဓာတ်ပုံတွေထဲမှာ ပုဂံ၊ အင်းလေး၊ ချောင်းသာ၊ မန္တလေး၊ စသဖြင့် အစုံတွေ့နေရတာပဲ၊ တချို့ ချင်း၊ မွန်ဒေသတွေရဲ့ အထင်ကရ နေရာတွေတောင်ပါသေး။ စိတ်ချ အဲဒီ ဓာတ်ပုံတွေကို ကျွန်မလက်နဲ့ထိလိုက်တာနဲ့ ကိုမြင့်ဝေ ခြေဘခင်မှာ ကျိန်းသေရောက်သွားမှာ'

'လုပ်ပါဗျာ ကျွန်တော် ခရီးသွားရတာ သိပ်ဝါသနာပါတယ်'

ကိုမြင့်ဝေကလည်း အားတက်သရော အူကြောင်ကြောင်နဲ့ ပြောတယ်။ အိသဉ္ဇာတို့မှာ ရယ်ချင်စိတ်ကို မနည်းထိန်းထားရတယ်။ တင်တင်ဝင်းက ပယ်ပယ်နယ်နယ်ကို အဆုံးအထိ ကျပ်လွှတ်လိုက် တာ။

'ကဲ… ကိုမြင့်ဝေ၊ သွားချင်တဲ့ ဟောဒီ နေရာတွေကို တစ်ခါ တည်း ရောက်ပြီသာမှတ်ပေတော့'

အိသဉ္ဇာက ဓာတ်ပုံတွေကို တစ်ပုံချင်းစီကိုင်ပြီး ပါးစပ်က ပွစိပွစိတွေ ပြောနေတယ်။ ဥုံဖွဆိုတာတွေလည်းပါရဲ့။

'ကိုမြင့်ဝေ… ခရီးထွက်လို့ အဆင်ပြေရင် ကျွန်မတို့ကို လည်း မမေ့နဲ့ဦး၊ ကျွန်မတို့ သူငယ်ချင်း တင်တင်ဝင်းကလည်း ခရီးသွားတာ အရမ်းဝါသနာပါတာ'

ခိုင်မဉ္ဇူက အတိုင်အဖောက်ညီညီ ပြောပြန်တယ်။ ကိုမြင့်ဝေ ကတော့ တကယ်ထင်ပြီး မျက်စိမှိတ်စွတ်ယုံနေတာမဲ။ တကယ်ဆိုရင် ဟုတ်သင့် မဟုတ်သင့် အဖန်ဖန်အခါခါ စဉ်းစားသင့်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'အခု လောလောဆယ်တော့ ကျွန်မတို့ ဗိုက်ဆာနေပြီ'

'ဘာစားမလဲ… ပြော… ကျွန်တော် ကျွေးမှာပေါ့'

အိသဉ္ဇာက စကားတောက်ကြည့်ရာ ကိုမြင့်ဝေက စားချင်တာမှာခိုင်းနေရဲ့။ ခိုင်မဥ္ဇူက အဆုံးထိထပ်ပို့ပြန်တယ်။

'အိသဉ္ဇာ ပညာကို ပေါ့သေးသေး မတွက်နဲ့၊ ဟို အကယ်ဒမီမင်းသမီး ယူသွားတဲ့ ယောကျ်ားက အိသဉ္ဇာ အစွမ်းအစနဲ့ လုပ်ပေးလိုက်တာပဲ၊ ဟိုလေ မင်းသမီး အေးသန္တာကြည်လေ'

'သိတာပေါ့ သူရသွားတဲ့ ယောကျ်ားက အနုပညာသမားတော့ မဟုတ်ပါဘူး'

'အဲဒါပေါ့… အဲဒါ သဉ္ဇာတို့ ခြံဘေးက အင်ဂျင်နီယာ၊ အဲဒီ အေးသန္တာကြည်ကို ခရေဇီဖြစ်လွန်းလို့ သူ့ဓာတ်ပုံတွေကို သိမ်းထားတာ၊ သဉ္ဇာက သူကိုယ်တိုင် ကွန်ပျူတာနဲ့ သူတို့နှစ်ဦးပုံတွေကို ဆက်ပေးလိုက်တာ၊ သိပ်မကြာဘူး ဖူးစာဆုံပြီး ညားသွားတာပဲ'

'ဟာ… ဟုတ်လား တော်တော်ထိရောက်တာပဲ၊ ဒါဆို ထင်တင်ဝင်းဓာတ်ပုံနဲ့ ကျွန်တော့်ပုံကိုလည်း ကွန်ပျူတာနဲ့ ဆက်ပေးပါလား'

ဒါမျိုးကျတော့ ထူတဲ့သူက ကောက်ကာငင်ကာ ပါးသွားတာယ်။ ခိုင်မဥ္ဇူနဲ့ အိသဉ္ဇာလည်း တစ်ယောက်နဲ့တစ်ယောက်ကြည့်ဝေစ်ကာ…

'ခဏနေဦးလေ၊ တစ်ခုအောင်မြင်မှ တစ်ခုပေါ့၊ ကျွန်မတို့ဗိုက်ထဲချင်းက ရှင့်အပေါ် မစိမ်းကားသွားပါဘူး၊ လောဘမကြီးနဲ့ဦး'

'ဟာ… ဟုတ်ပါတယ်… ဟုတ်ပါတယ်'

ကိုမြင့်ဝေကတော့ ပတ်လည်ကစားကွက်မှာ မွေ့နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်မွှေ့ကာ မီနူးကဒ်ကို အလျားလိုက် ခေါင်လိုက်နဲ့ တွက်ပြနေတယ်။ စားချင်တာတွေမှာဖို့နှင့် မစားဖူးတာတွေ စားကြည့်ဖို့ ချိန်ဆနေလေပြီ။

'ဘာပဲပြောပြော တင်တင်ဝင်းကတော့ ကိုမြင့်ဝေကို လေးစားအထင်ကြီးသွားမှာ သေချာတယ်'

ကိုမြင့်ဝေ ဘဝင်တွေ့သွားပြန်ရော။

'ကျွန်မတို့ တစ်ခုခု မှာလိုက်တော့မယ်နော်'

'တစ်ခုမကမှာ ကျွန်တော် ရှင်းမယ်'

'ဟာ... အားနာစရာကြီး'

'ဒီလူနဲ့ ဒီလူ ဘာပြောစရာလိုသလဲ၊ မှာသာမှာ'

နိုင်မဥ္စူနှင့်အိသဥ္စာ ဝိတ်တာကို လှမ်းခေါ်လိုက်ရာ ပြိုင်တူကွက်တိ ဖြစ်သွားတယ်။ ဒါလည်း တကူးတက တိုင်ပင်စရာမလို။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

အိသဥ္ဇာ အဖေနှင့်အမေက ဘိုးတော်တွေကို စွဲစွဲမြဲမြဲ [illegible]ကြည့်ပြီး ဘိုးတော်တွေ လုပ်သမျှ ခိုင်းသမျှကို တသွေမတိမ်း လိုက်လုပ်တတ်တယ်။ ဘိုးတော်တွေအဖို့ ညာစားစရာအကွက်တွေနဲ့ လိမ်နေသည်မှာ ကြာမြင့်ခဲ့ချေပြီ။ ဘိုးတော်တင်မကဘူး ပင်တိုင် [illegible]တာတော်တစ်ဦးနဲ့ ဗေဒင်ဆရာတစ်ဦးလည်း ပူးတွဲယှက်နွယ်လိမ် [illegible]ချက်ရှိကြလေတယ်။ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက [illegible]ရာမပျက် တတ်ကျွမ်းခဲ့ကြသော ပညာရပ်တွေကို ငွေကာချဲ့ကာ ဦးသွင်းသိမ်းတို့ကို မမည်စမည် မက်လုံးတွေနဲ့ မထူမပါးလေး ရိပ်စား [illegible]ကြခြင်းပင်။ ဒါကို အိသဥ္ဇာက နည်းနည်းလေးမှ မကြိုက်။ အဖေ [illegible] ဆန္ဒကို မလွန်ဆန်နိုင်သောကြောင့် အသာကြိတ်မှိတ် နေရရှာတယ်။

ဒါပေမဲ့ ဤလူလိမ် ရိုက်စားတွေကို ပညာပေးရန် အချိန်ကျ [illegible]ပြီမို့ အိသဥ္ဇာ သူငယ်ချင်းတွေနဲ့ တိုင်ပင်ကာ ဉာဏ်နီဉာဏ်နက် တွေ ထုတ်ရတော့တယ်။ အိသဥ္ဇာရဲ့ မွေးရာပါပညာရပ် ခတ်ပုံ [illegible]ဆိုင်မှုနဲ့ ပညာခန်းပြမယ်ပေါ့။ အိသဥ္ဇာလည်း စာမေးပွဲနီးပြီ [illegible]ကြောင်းပြချက်နဲ့ မိဘတွေကို ပူဆာကာ ဆရာတွေကို အိမ်[illegible]ိုင်ရာ [illegible] ပင့်ဖိတ်ခိုင်းလေတယ်။ စာမေးပွဲအတွက် အထက်ပုဂ္ဂိုလ်တွေ [illegible]မှာ ဘာညာအဆောင်တွေတောင်း ယတြာတွေချေ[illegible]ဖို့ဟု [illegible]ကြောင်းပြချက်တွေနဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မှာ အိသဉ္ဇာ မိဘတွေက ကန်တော့ပွဲထိုးထားတယ်။ နတ်ဆက်ဖို့ ပုလင်းတွေ ကြက်ကင်တွေလည်း လုပ်ထားတယ်။ ဖိတ်ကြားထားတဲ့ သူတို့ကတော့ ဘိုးတော်အမည်ခံ ပိတ်ဖြူစင်ကြယ်ဝတ် ထွက်ရပ်ပေါက်လမ်းစဉ်ကို စဉ်ဆက်မပြတ်လိုက်သော ဘိုးတော် စိန်လင်းပိုင်။ ရုပါက အသားမည်းတူး မုတ်ဆိတ်မွေးဖြူ မျက်စိတစ်လုံးက နားထင်နားကပ်၊ ပါးစပ်ပြဲပြဲနဲ့ ဥပမိရုပ်မရှိသော ဘိုးတော်ပင်။ နောက်တစ်ယောက်က နတ်ကတော် ဒိုးဒိုးဆိုသော မာမရှိန်းပင်။ တန့်ကလျှ ပိန်လိုပြားချပ်နဲ့ နှုတ်ခမ်းတလန် ပန်းတလန်ရှိလှသော ဂျိုပုန်း။ အတွင်း ၃၇မင်း၊ အပြင် ၃၇မင်းစသော နတ်တွေကို ပင့်ဖိတ်ဝင်ပူးချင်သယောင်ယောင်နဲ့ ညာဖြီးအာရှိုးနေသော နတ်အခိုင်းအစေမကြီး။ နောက်တစ်ယောက်က ဗေဒင်ဆရာဦးနက္ခတ်ငြိမ်းရှင်။ ဘာကယ်တော့ ကလိန်စေ့ငြိမ်းဆင်သော ဗေဒကလိမ်ပင်။ နှုတ်ခမ်းမွေး ကော့ကော့ကားကား၊ ပါဝါမျက်မှန်ထူထူနှင့် ဓာတ်ဆရာရုပ်။ မျက်လှည့်ပညာကို တတ်မြောက်ထားသူဆိုတော့ လိမ်စားရတာလဲ စပျစ်သီး ပါးစပ်ထဲပစ်ထည့်သလို လွယ်ကူလှသူတစ်ဦး။ သုံးယောက်စလုံးရဲ့ ရည်ရွယ်ချက်ကတော့ အယုံလွယ်သူတွေကို သာသာနဲ့နာနာ ရိတ်လှီးဝါးမျိုရန် ဖြစ်တယ်။

အိသဉ္ဇာက သူတို့သုံးယောက်ရဲ့ ဓာတ်ပုံတွေကို အိမ်မလာခင် ဓာတ်ပုံဆရာတစ်ဦးကို ငှားရမ်းပြီး ချောင်းရိုက်ခိုင်းထားသဖြင့် သူတို့ ဓာတ်ပုံတွေ အဆင်သင့်ရှိနေတယ်။ အဲဒီ ဓာတ်ပုံတွေကို ကန်တော့ပွဲရဲ့ အောက်မှာ ညှပ်ထားရဲ့။ ဘယ်သူမှမသိအောင် အိသဉ္ဇာ၊ တင်တင်ဝင်းနဲ့ ခိုင်မဥ္စူတို့ တိုင်ပင်ပြီး စီစဉ်ထားခြင်းဖြစ်တယ်။

အိမ်တွင် ဦးလွင်သိန်းတို့အပြင် အခြားဝါသနာပါရာ မိန်းမတွေလည်း စုပြုံရောက်ရှိနေတယ်။ အိသဉ္ဇာ၊ တင်တင်ဝင်းနှင့်ခိုင်မဥ္စူ

www.burmeseclassic.com

www.burmeseclassic.com



တို့လည်း အသင့်ရှိနေကြတယ်။ ဆရာတွေကို ဆရာပြန်လုပ်ဖို့ အချိန် ကျလာပြီ။ အစီအစဉ်တွေ ကျိန်းသေပေါက် အကွက်ချထားချေပြီ။

'ဟဲ့… အရေးအကြောင်းဆို နင့်ပညာက ထိရောက်မှု ရှိပါ့မလား၊ မဟုတ်တဲ့အခါကျရင် သက်ရောက်မှုရှိပြီး ဘာကယ်လက် တွေ့ နဖူးတွေ့ ဒူးတွေ့ကြုံလာမှ မစွမ်းရင် ရှက်စရာကြီးနော်'

တင်တင်ဝင်းက စိုးရိမ်စွာဖြင့် အရင်သတိပေးတယ်။

'ငါလည်း ဒီဓာတ်ပုံတိုက်ဆိုင်မှု ဖြစ်နေတာ တော်တော်ကြာ ပြီပဲ၊ နောက်ပြီး လူလိမ်တွေကို ပညာပေးရမှာဆိုတော့ ကံကြမ္မာ ကောင်းကို စောင့်တဲ့နတ်တွေက ကူညီပေးမှာပါ'

'အေးဟာ… နင်လည်း ဒင်းတို့ကို အပြတ်ဆော်မှပဲ၊ နို့မို့ဆို ဘိုးတော်တွေက နင့်မိဘတွေ ချမ်းသာတာကို လက်ဝါးကြီး အုပ် သွားလိမ့်မယ်'

ခိုင်မဥ္ဇူက အိသဉ္ဇာကို အပြတ်အသတ် အားပေးအားမြှောက် လုပ်တယ်။ သူငယ်ချင်းသုံးယောက်ကတော့ တိုးတိုးတိတ်တိတ်နဲ့ စီစဉ်နေကြပြီ။

ပထမဦးစွာ နတ်ကတော်ဗိုးဒိုး အရင်ရောက်လာတယ်။ နတ်ပဲ့ အဝင်တော့မလိုပုံစံနဲ့ ကန့်ကလျလုပ်ပြီး ပျစ်ချွဲချွဲနဲ့ နတ်ပင့်နေရဲ့။ ဒုတိယဝင်လာတာက ဗေဒင်ဆရာဦးနက္ခတြမ်းရှင်ပင်။ သူကတော့ ဝတ်ရာဇာ၊ ပြဿဒါး နေ့သင့်နံသင့် ဂြိုဟ်ပြေနံပြေ ဒါတွေကို ထပ်တ လဲလဲ အာဂုံဆောင်နေရဲ့။ နောက်ဆုံး ကြွလာတာကတော့ ဘိုးတော် မင်းသင်းပိုင်။ အထက်ဆရာတွေကို ပင့်ဖိတ်ပြီး သပြေခက်နဲ့ ရေတွေ ပက်နေတယ်။ သူတို့လာကြတာက အိသဉ္ဇာ စာမေးပွဲအောင်ဖို့ နတ်ကို ပသယ့်သူ၊ မဟာဘုတ်တိုင် ထူမယ့်သူနဲ့ ပုဂ္ဂိုလ်တွေဆီအပ်မယ့်သူတို့ တွေ့အကြောင်းတွေနဲ့ပေါ့။ ဦးစွာဗေဒင်ဆရာ ဦးနက္ခတ်ငြိမ်းရှင်က

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင် မအောင် ဟောကိန်းအရင်ထုတ်တယ်။

'ဆရာဆီလာတဲ့ စာမေးပွဲဖြေမယ့် တပည့်တွေ ဂအောင်တာ ခပ်ရှားရှားပဲ'

'ဆရာက ကျူရှင်ရော သင်သလား'

'တစ်ခါတလေ ဂိုက်လေးဘာလေးလုပ်၊ ဟာ… ယောင်ကုန်ပါပြီ၊ ဆရာပြောချင်တာက ဆရာရဲ့ ယတြာ ဗေဒင်ကိန်းခန်းတွေအရ ခေတ်ရိုက်ခေတ်ဆင် လုပ်ပေးမှာကိုပြောတာ၊ ယတြာကောင်းရင် မင်းလောင်းတောင် ပျောက်သေးတာပဲ'

'သမီးကိုတော့ ပျောက်အောင် မလုပ်နဲ့နော်'

'စိတ်ချ သမီး၊ ခဏ ဆရာတိုင်ထုကြည့်ဦးမယ်'

'ဆရာ… အလုပ်သမားတွေ နေ့စားနဲ့ခေါ်ရဦးမလား'

တင်တင်ဝင်းက သိသိနဲ့ဝင်ဖောက်တယ်။

'ရပါတယ် ပုတ်ပြတ်၊ အာ… ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ၊ ငါတိုင်ထုမယ်ဆိုတာ မဟာဘုတ်တိုင်ထုတာကို ပြောတာဟ'

ဦးနက္ခတြမ်းရှင် စိတ်ညစ်သွားတယ်။

'အောင် လံ့ ထူ စစ် သူ ကြီး ပွဲ… ဟုတ်ပြီ'

ဦးနက္ခတြမ်းရှင်က သူ့ဘာသာသူ တွက်ချက်နေရဲ့။

'သမီး… မွေးနေ့ ဘယ်တော့လဲ'

'စာမေးပွဲမဖြေခင် နှစ်လ၊ သီတင်းကျွတ် မရောက်ခင် တစ်ပတ်၊ လဆုတ်မတိုင်ခင် တစ်ရက်၊ တနင်္ဂနွေနေ့ သမီး ထင်တာလဲ တနင်္ဂနွေဂဠုန် ရှေ့မြောက်ကြုံ နေတဲ့ခြောက်နှစ်မျှလို့တော့ ပြောဖူးတာပဲ'

'ရပြီ… ရပြီ၊ အဲဒီလောက်ဆို သမီးဟာ တနင်္ဂနွေသမီးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သေချာသွားပြီ'

'သမီး အခု အခက်တစ်ခု တွေ့နေတယ် ဆရာ'

'ဘာခက်လဲ၊ သပြေခက်လား ဆီးခက်လား'

'အဲဒီ အခက်ကိုပြောတာ မဟုတ်ဘူး၊ အခဲနဲ့တွဲထားတဲ့အခက် အခဲအခက် အခက်အခဲဆိုတဲ့ အကြောင်းပေါ့၊ သမီး ခုရက်ပိုင်းတွင်း အိုင်အိုင်ဒင်းနက္ခတ်ထဲ ရောက်နေတယ်၊ ဘာလုပ်လုပ် အဆင်မပြေဘူး'

'တစ်ခါမှလဲ မကြားဘူးပါလား၊ အိုင်အိုဒင်း နက္ခတ်'

'ဆရာကလဲ ဝေးပါ့၊ အကြံကုန်တော့ ဂဠုန်ဘာလုပ်သလဲ'

'ဆင်ကြီးကို သွားချီတာလား၊ ဟုတ်သေးပါဘူး'

ဦးနက္ခတြမ်းရှင်က စေဝေဝါနဲ့ဖြေတယ်။ ပြောင်းပြန်တွေ။

'ဆရာကလည်း ညံ့ပါ့၊ ဂဠုန်ဆားချက်တဲ့ နက္ခတ်မိနေတာ၊ ဒီမှာ သမီးအကြံတွေ အိုက်နေတယ်၊ အခု စာတွေကခက်နေပြီ'

'သူတို့က စပါးနှံတွေ မစားတော့လို့လား'

'အဲဒီစာကိုပြောတာ မဟုတ်ဘူး၊ စာမေးပွဲစာတွေကို ပြောတာ၊ သမီး စာမကျက်ဘဲ စာမေးပွဲအောင်ချင်တယ်'

'ဟာ... ဖြစ်ရမှာပေါ့၊ သမီး လက်ဖဝါးလေး ခဏပြစမ်း'

အိသဥ္ဇာက သူမ လက်ဖဝါးကို ဖြန့်ပြလိုက်တယ်။

'သမီးရဲ့ ဉာဏလေခလို့ခေါ်တဲ့ ဉာဏ်လမ်းကြောင်းက နည်းနည်းတွေးနေတယ်'

'ဆရာရယ် ချိုင့်တွေရှိနေလို့ ထင်တယ်'

'စည်ပင်ကလည်း လာမပြင်၊ အာ... ဘာဆိုင်လဲ၊ ဆရာ့ကို ပြောင်စမ်းပါနဲ့၊ ဒါပေမဲ့ ဓေယျလေခလို့ခေါ်တဲ့ အောင်မြင်ရေး လမ်းကြောင်းကတော့ ထင်းနေတာပဲဟေ့... သမီး ဒီတစ်ခေါက် အောင်မှာပဲ ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းသာလိုက်တာ ဆရာရယ်၊ သမီးကို ခုလို ဖြီး… အဲလေ ဟောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ဟုတ်ပြီ သမီး၊ ဆရာ ယတြာ အစီအမံတွေ ဆင်ကြည့် လိုက်ဦးမယ်'

အိသဥ္ဇာက ဗေဒင်ဆရာအလှည့်ပြီးတော့ ဘိုးတော်ကို လှည့်လိုက်တယ်။ ဘိုးတော်က မျက်စိစုံမှိတ်၍ တရားထိုင်နေရဲ့။ ဘိုးတော်က ဘယ်ဘက်လက်ကို တစ်ချက်ဆန့်ထုတ်လိုက်ရာ ဖယောင်းတိုင်မီးတောက် ဟုန်းခနဲ ဖြစ်သွားတယ်။ ပါးစပ်မှလည်း ပွစိပွစိတွေ ရွတ်နေတယ်။

'ပုထုဇဉ်စကော ဥမ္မာစကော… သုဒ္ဒက္ခ မာလာ သတ္တဝါ နတ္တိ'

ဖယောင်းတိုင်မီးတောက်ကို ထပ်တောက်စေပြန်တယ်။

မသိသေးသူတွေအတွက် ဒါဟာ ဘိုးတော်အစွမ်းကြောင့် အထက်ပုဂ္ဂိုလ်တွေ စောင့်ရှောက်တာ ထင်နိုင်ပေတယ်။ တကယ်တော့ ဘာမှမဟုတ်။ မျက်လှည့်ပညာရပ်တစ်ခုနှင့် အသုံးချသွားခြင်းပင် ဖြစ်ရဲ့။

'ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းတို့ တနင်္ဂနွေသမီးလေး စာမေးပွဲအောင်ရန် အောင်အတိတ် အောင်နိမိတ်နှင့် စောင့်ရှောက်ကြပါလေ၊ အမှောင့်အဖျက် ပယောဂတွေရှိရင်လည်း ဖယ်ရှားပေးတော်မူပါ၊ ကောင်းဆိုးဝါး အတားအဆီးများရှိက ချက်ချင်းပျောက်ကွယ်စေသား…'

ဘိုးတော်က အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးမျက်နှာကို လက်အုပ်ချီ မော့ကြည့်ကာ အထက်ပုဂ္ဂိုလ်တွေကို တိုင်တည် နေလေရဲ့။ အိသဥ္ဇာက မျက်လုံးလေး ကလယ်ကလယ်နဲ့ နားထောင်

www.burmeseclassic.com

www.burmeseclassic.com



နေလေတယ်။ အဲဒီမှာ တစ်စခန်းထလာတာက နတ်ကတော်ဒိုးဒိုး။

'ကဲ… သမီးလေး အစစအရာရာ အဆင်ပြေချောမွေ့စေဖို့ နတ်တွေကို မေတ္တာပို့သရမယ်'

'နတ်ကတော်ကြီး မသိလို့မေးပါရစေ'

ခိုင်မချူက မသိသေးတဲ့ ပုံစံလေးနဲ့ ရိုရိုလေးမေးတယ်။

'နတ်ဝင်တယ်ဆိုတာ လူက နတ်ထဲဝင်တာလား၊ နတ်က လူထဲဝင်တာလား'

နတ်ကတော်ဒိုးဒိုး ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားတယ်။

'ဟဲ့… ကောင်မရဲ့၊ နတ်က လူထဲဝင်တာပေါ့'

'နတ်က လူထဲဝင်လာတော့ ဘယ်နေရာက စဝင်တာလဲ'

ခွကျကျမေးခွန်းတွေကို ဒိုးဒိုး ဝေ့လည်ကြောင်ပတ် ဖြေရတော့မည်။

'ဟဲ့… ဝင်ပါတယ်ဆိုပဲ၊ အောက်ကစဝင်တာပေါ့၊ ကြည့်ပါလား နတ်ဒိုးသံမြူးလာရင် ခြေထောက်ကနေ စည်းချက်လိုက်ပြီး နတ်ဝင်တာပဲ ဟဲ့'

'ဪ… ဒါနဲ့ အခုနတ်တွေက အတွင်းဉာဏ်မင်း၊ အပြင်ဉာဏ်မင်း ရှိတာ၊ သူတို့က လူတွေထဲကိုဝင်ဖို့ အလှည့်ကျတာန်းစီစနစ်ကို ကျင့်သုံးလား၊ ဒါမှမဟုတ် ပါဝါကြီးတဲ့နတ်က အရင်ဝင်တာလား'

'ဟာ… ဘာတွေလျှောက်မေးနေတာလဲ ဟ၊ မေးချင်ရင် နောက်မှမေးဟော့၊ အခု သမီးလေးကို နတ်လက်ထဲအပ်ဖို့ ပင့်လိုက်ဦးမယ်'

နတ်ကတော်က လက်ဝါးနှစ်ဖက်ကို နဖူးတွင်ကပ်ကာ တဒိုဒို တုန်ယင်ယင်လုပ်နေရဲ့။ ထိုစဉ် အိမ်သာကြက တစ်ကိုယ်လုံး ယိမ်းနှံ့ပြီး တုန်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သမီး ဘာဖြစ်တာလဲ'

'ဟာ… အမှောင့်ပယောဂ နှောင့်ယှက်ပြီ ထင်တယ်'

'ဓာတ်စီးတာလား'

'နတ်တစ်ပါးပါး ဝင်ပြီထင်တယ်'

'လုပ်ကြပါဦး ကျွန်မ သူငယ်ချင်းကို'

အကုန်လုံး ဆူညံပွက်လောရိုက်သွားတယ်။ အိသဥ္ဇာက တစ်ကိုယ်လုံး ဘယ်ညာရိမ်းကာ ရှေ့တိုးနောက်ဆုတ်လုပ်နေရဲ့။

'ဟေ့… နင်တို့ မခေါ်ဘဲ ငါရောက်လာတာဟေ့'

'အမေဂျမ်း ဝင်တယ်ထင်တယ်၊ ဖွာတော်ဆက်ဟေ့'

ဒိုးဒိုးက အလန့်တကြားအော်တယ်။ အိသဥ္ဇာက ခြေဖနှောင့် တစ်ချက်ဆောင့်ရင်း…

'ဘာ အမေဂျမ်းလဲ၊ ထမီရင်ရှားအဆင့်နဲ့ နတ်မျိုးမဝင်ဘူး ဟေ့၊ အခု မင်းတို့တွေ မကြားဖူးတဲ့ နတ်ဝင်တာဟေ့'

'ဘာနတ်ပါလဲ သိပါရစေ'

'နဝမ်ကိုင်ရီကိုတော်လတ် ပဲဟေ့၊ နဝမ်ဆိုတာ ကျင့်စဉ်အ ရစ်ရစ်မှာ ကိုးကြိမ်မြောက်ပြီးခဲ့တဲ့ ပညာရပ်တွေပဲ၊ ကိုင်ရီဆိုတာ အီဂျစ်ပညာရပ်တွေထဲကနေ သင်ယူလာတဲ့ ဗေဒင်ပညာပဲ၊ ပညာ ပေါင်းစုံရောသမမွှေပြီး ကိုယ်တော်လတ်အဖြစ်နဲ့ မင်းတို့ရှေ့ကို ရောက် လာတာပဲ၊ မင်းတို့ မကြားဖူးရင် အခု ကြားဖူးသွားပြီ မဟုတ်လား ဟဲ့၊ ငါ့ကို ပါနီ ကင်ချီ မန်းပေါက်စီ ဝီစကီနဲ့ KTV ဆက်စမ်းဟေ့'

တင်တင်ဝင်းနှင့်ခိုင်မဉ္ဇူက ရယ်ချင်စိတ်ကို မနည်းထိန်းထား၍ ကြောက်ချင်ယောင် ဆောင်နေကြတယ်။

'မင်းတို့ ဆရာသုံးယောက် ဒီမှာ ဆုံမယ်ဆိုတာ ငါသိတယ် ဟေ့၊ ငါ မင်းတို့ ဓာတ်ပုံတွေကို မနေ့ ဓာတ်ပုံ…ပြီး လောက်

www.burmeseclassic.com



အင်တာနက်ကနေ ပုံထုတ်ခဲ့တာ အခု မင်းတို့ အင်္ဂါရုပ်တွေဟာ ကန်တော့ပွဲအောက် ရောက်နေပြီ'

အိသဉ္ဇာက အသံမာမာနဲ့ပြောပြီး ကန်တော့ပွဲကို လှန်၍ ဆရာသုံးယောက်ရဲ့ ဓာတ်ပုံဟွေကို ထုတ်လိုက်တယ်။ ဆရာသုံးယောက်ပုံမှာ ကွန်ပျူတာနှင့်ပေါင်းစပ်ပြီး တစ်တွဲတည်းရှိနေကာ နောက်ခံရှုခင်းတွေမှာ သရဲတစ္ဆေတွေနှင့် (ဂိမ်းထဲက တစ္ဆေတွေနှင့်) ရှိနေကြရဲ့။

'ဟာ… ငါတို့ ပုံတွေပဲ၊ ဘုရား… ဘုရား'

'မင်းတို့ သုံးယောက်ကို ကမ္ဘာအရပ်ရပ်က ဝိဉာဉ်တွေ၊ နတ်တွေနဲ့ ပုဂ္ဂိုလ်တွေက လောကီရေးရာ အရုပ်တွေကိုလုပ်၊ မသမာဓာတ်ထုတ်တွေ ခင်းပြီး လူတွေကို လိမ်လည်လှည့်ဖျားမှုတွေ ပြုလုပ်ခဲ့တာကြောင့် ဒဏ်ခတ်ဖို့ ငါ့ကို တမန်တော်အဖြစ် စေလွှတ်ခဲ့ရခြင်းဖြစ်တယ်'

'ခင်ဗျာ'

'ဟာ'

အိသဉ္ဇာက သူတို့ သုံးယောက်ပုံတွေကို လှမ်းယူလိုက်သည်။

'လောကမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါးရှိတယ်၊ မင်းတို့ကို ပထဝီမှာ အခြေတည်ပြီး ကျန်တဲ့ဓာတ်သုံးပါးနဲ့ တစ်ယောက်ချင်းစီ ဒဏ်ခတ်ရမယ်။ သမီးတို့ ပထမဦးစွာ နတ်တွေကို အကြောင်းပြပြီး ကန္တကလျှနဲ့ လိမ်တဲ့ နှစ်ဘက်ချွန် နတ်ဆရာတော် ဒိုးဒိုးအတွက် တေဇောဓာတ်ပေးဖို့ရာ တေဇောဓာတ်ပိုင်ဆိုင်ရာ နတ်အပေါင်းတို့ ကြွပါလေ'

အိသဉ္ဇာက ဖယောင်းတိုင်မီးနှင့် ဒိုးဒိုး ဓာတ်ပုံကို ပေါင်း၍ အင်သလို ကင်လေရာ ဓာတ်ပုံမှာ မီးတောက်မလောင်ဘဲ မီးခိုးရိုက်သွားလေတယ်။ ဒိုးဒိုးမှာ ကြောက်လန့်ပြီး ဘာမှပြန်မပြောနိုင်ရဲပေ။

www.burmeseclassic.com

www.burmeseclassic.com



'ဒုတိယအလှည့်ကျသူကတော့ ဘိုးတော်ယောင်ယောင်၊ ဝိဇ္ဇာယောင်ယောင်၊ တရားသမားလိုလို ပုတီးသမားလိုလိုနဲ့ ပွစိပွစိရွတ်တတ်တဲ့သူ၊ မင်းကိုတော့ ဝါယောဓာတ်ဖြစ်တဲ့ လေဓာတ်ပေးရမယ်။ သမီးရေ… ပန်ကာခလုတ်ကို အမြင့်ဆုံး ဖွင့်လိုက်စမ်း'

အိသဥ္ဇာက ပန်ကာဖွင့်ပြီး ဓာတ်ပုံကို ပန်ကာဒလက်ကြားမှာ ညှပ်ထားလေတယ်။ ဘိုးတော်စိန်လင်းပိုင်မှာ သွေးမရှိသော မျက်နှာကဲ့သို့ သွေးဆုတ်ဖြူရော်နေရဲ့။ တော်တော်လေးကြာမှ ပန်ကာခလုတ်ကို ပြန်ပိတ်လိုက်တယ်။

'ဒီတစ်ခါ အလှည့်ရောက်လာသူကတော့ ဗေဒင်ပညာဖောက်တခေါက်နဲ့ ဘုတ်တိုင်ထူ၊ ယတြာတွေပေး၊ ဈေးတိုးတောင်းသေရေစာတွေကို စားသောက်နေတဲ့ ဗေဒကလိမ်ဆရာ ဦးနက္ခမြင်မြင်းဆင်ပဲ၊ သူ့ကိုတော့ အာပေါဓာတ်ဖြစ်တဲ့ ရေဓာတ်ကို ပေးရမယ်။ သမီးရေ… ခရုတစ်ခွက်ခပ်ခဲ့ချေ'

တင်တင်ဝင်းက ရေတစ်ခွက် ခပ်လိုက်တယ်။ အိသဥ္ဇာက ရေခွက်ထဲကို ဗေဒင်ဆရာဓာတ်ပုံကို ထည့်လိုက်ရဲ့။ ဓာတ်ပုံက ရေထိတော့ ပျော့ခွေသွားလေတယ်။ ဦးနက္ခမြင်မြင်းရှင်လည်း မျက်လုံးကြီးအပြူးသားနဲ့ လန့်နေရဲ့။

'ကဲ… သုံးယောက်စလုံးရဲ့ ဓာတ်ပုံတွေကို ပထဝီဓာတ်ခေါ် မြေဓာတ်ထဲမှာ မြုပ်ပစ်ရတော့မယ်၊ သမီးရေ… မြေအိုးတစ်အိုးယူလာခဲ့'

'ဟာ… မလုပ်ပါနဲ့၊ ကျွန်တော်တို့ ကြောက်လှပါပြီ'

'နောက်တစ်ခါ မလာတော့ပါဘူး'

လူလိမ်သုံးယောက်မှာ ကြောက်ကြောက်လန့်လန့်နဲ့ သူတို့ပစ္စည်းတွေကိုယူပြီး ကျန်တဲ့သူတွေကို နှုတ်မဆက်နိုင်တော့ဘဲ ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားကြတယ်။ အိသဥ္စာတို့က သဘောကျပြီး ရယ်မောကျန်ရစ်ခဲ့လေရဲ့။

'သမီး… ဆရာတွေကို ဘာဖြစ်လို့ ပေါက်ကရတွေ လျှောက်လုပ်နေရတာလဲ'

'သမီး ပေါက်ကရလုပ်တာ မဟုတ်ပါဘူး၊ သူတို့တတွေက လူတကာကို လှည့်ပြီးလိမ်စားနေကြတဲ့ ဝိသမလောဘသားတွေပါ၊ အဖေတို့ဆီက ပစ္စည်းတွေကို အလစ်သုတ်ဖို့ ချောင်းနေကြသူတွေ ခုလိုမျိုးလုပ်လိုက်မှ သူတို့လည်း မှတ်သွားမှာ'

'တစ်ချိန်ချိန်မှာ သမီးကို သူတို့ ဒုက္ခပေးခဲ့ရင်ရော'

ဦးသိန်းလွင်က စိုးရိမ်စွာဖြင့် ပြောတယ်။

'မပေးရဲပါဘူး၊ သိပ်မကြာခင် သူတို့ ခံရတော့မှာပါ၊ သူတို့ သုံးယောက်ပေါင်းပြီး အဖေတို့ကို လိမ်နေတာ ကြာပါပြီ၊ နောက်တစ်ခါ သူတို့ ဒုက္ခမပေးရဲတော့ပါဘူး'

အိသဥ္စာက ကာတွန်းထဲက ဓာတ်လိုက်လေးလို လက်မထောင်ပြီး ပြောတယ်။ တင်တင်ဝင်းနှင့်ခိုင်မဉ္ဇူကလည်း ဓာတ်ပို့ဓာတ်ရဲ့တွေပီပီ ဘေးနားမှ ထပ်တလဲလဲ ထောက်ခံကြတယ်။

ဘိုးတော်စိန်လင်းပိုင်၊ နတ်ကတော်ဒိုးဒိုးနှင့် ဗေဒင်ဆရာဦးနက္ခတ်ငြိမ်းရှင်တို့ကား ဘယ်လိုဆက်ဖြစ်မည်နည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

'နင် အဲဒီလိုမျိုးတွေ လျှောက်လုပ်နေတာ ဟိုငလိမ်တွေက ပြန်ဒုက္ခပေးရင် ဘယ်လိုလုပ်မလဲ'

'သူတို့ အကုသိုလ်နဲ့သူတို့ ဒိုးကုန်ကြပြီ၊ ငါတို့ အိမ်ရိပ်ကို နင်းတောင်မနင်းနိုင်တော့ဘူး၊ ငါ့ ပညာကြောင့် သူတို့တွေ ဂျွမ်းပြန်ကုန်ပြီဟ၊ တော်တော်လဲ ထိတ်လန့်သွားပုံရတယ်'

အိသဥ္ဇာက ဂုဏ်ယူဝံ့ကြွားစွာ ပြောတယ်။ သူမပြောလည်း ပြောချင်စရာပင်။ လင်းဝေယံက တစ်ခါတလေ ဟောဟောဒိုင်းဒိုင်း ပေါက်ကရတွေ တဖွတ်ထိုးလျှောက်လုပ်တတ်သော အိသဥ္ဇာကို အပြစ်လည်း တင်ချင်သလို အပြစ်လည်း မတင်ရက်။ ဒါကြောင့် တစ်ပိုင်းတည်းမှာထိုင်သော တင်တင်ဝင်းနှင့်ခိုင်မဥ္ဇူကို လှဲချလေရဲ့။

'နင်တို့ကလည်း ဘေးကနေ မြှောက်ထိုးပင့်ကော်လုပ်တာ နည်းနည်းပါးပါး တားကြဆီးကြတာ မဟုတ်ဘူး'

'အံမာ… နင်ကလည်း ငါတို့နဲ့ ဘာဆိုင်သလဲ၊ အိသဥ္ဇာ ခုလိုတွေ လုပ်တာမှန်တယ်၊ နို့မို့ဆို ဟိုလူတွေက တစ်အိမ်လုံးကို အပိုင်စီးသွားလိမ့်မယ်'

တင်တင်ဝင်းက အချက်ကျကျ ပြောတယ်။ ခိုင်မဥ္ဇူလည်း အားကျမခံ…

www.burmeseclassic.com

www.burmeseclassic.com



'နင်ကလည်းဟာ ဘေးကနေအားပေးရမယ့်ဟာ ပျော့ညံ့နေလိုက်တာ၊ ဒီလူတွေကို အိသဥ္စာက ခြိမ်းခြောက်ရုံပဲ ခြိမ်းခြောက်တာ၊ ဘာမှတောင် မလုပ်ရသေးဘူး၊ အိသဥ္စာက သူ့ခေတ်ပုံသဘောတရားအရ ဒီလူတွေကို ထိထိမိမိ လုပ်တာပဲ၊ အခု ထိတောင်ထိနေပြီလား မသိဘူး··· ဟိ'

'အေးဟ··· တော်တော် လွန်လွန်ကျူးကျူးတွေပဲ ဖြစ်နေမလားမသိဘူး'

အိသဥ္စာက စဉ်းစဉ်းစားစား ပြောတယ်။

'နင် အဲဒီ ခေတ်ပုံအယူသီးမှုကြီးကို စွန့်လွှတ်လိုက်ပါဟာ'

'ဟဲ့··· သူ့ဘာသူဖြစ်နေတဲ့ ဒီကိစ္စကြီးကို ငါက ဘယ်လိုလုပ်စွန့်လွှတ်လို့ရမှာလဲ၊ ငါ့အရင်ဘဝက ဘာတွေလုပ်ခဲ့မှန်းမှ မသိတာ၊ သူများခေတ်ပုံလေး ကိုင်မိတာနဲ့ အဲဒီ ခေတ်ပုံပိုင်ရှင် ကမောက်ကမဖြစ်တာ ငါ့စိတ်ထဲကနေ ကျိန်စာတိုက်နေတယ်လို့ နင်ထင်သလား'

'နင့်ဟာက အမြဲလိုလို တိုက်ဆိုင်နိုင်လွန်းနေတယ်'

လင်းဝေယံက မျက်မှောင်ကြုတ်၍ ပြောတယ်။ တင်တင်ဝင်းက လျှော့လျှော့ပေါ့ပေါ့ ဆင်ခြေပေးရဲ့။

'လင်းဝေယံကလည်း အိသဥ္စာဖြစ်နေတာက ကြီးကြီးမားမားရှော့ကြီးတွေမှ မဟုတ်တာ၊ စိတ်မပူသင့်တာ ပူမနေစမ်းပါနဲ့'

'ဟုတ်ပ··· အိုးကမပူ စလောင်းကပူနေတယ်'

သူငယ်ချင်းတွေက လင်းဝေယံကို ဝိုင်းပြောရာ လင်းဝေယံစက်ကလေးပုပြီး ငြိမ်သွားတယ်။

'ဟဲ့··· နင် နေပါဦး နိုင်ငံခြား ဘယ်တော့သွားမှာလဲ'

အိသဥ္စာက ဖျန်းစားကြီး မေးတယ်။

'သွားတော့မယ်ဟာ သိပ်မကြာတော့ဘူး ဘာလုပ်မေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ငါတို့က နင့်ကို လက်ဆောင်တွေ ဘာတွေ အမှတ်တရ ဝယ်ပေးမှာပေါ့'

'မလိုချင်ပါဘူးဟာ'

'ဘာလဲ… နင်က အိသဥ္စာဆီက အဖြေကိုပဲ လိုချင်နေတာလား'

တင်တင်ဝင်းက ဗွင်းဗွင်းကြီး မေးလိုက်ရာ လင်းဝေယံ ရှက်သွားတယ်။

'နင်တို့ကလည်း ငါ့ဘူတာပဲ လာလာဆိုက်နေ'

'လင်းဝေယံ နင်ကလည်း လိုချင်ရင်လိုချင်တယ် ပွင့်ပွင့်လင်းလင်းပေါ့၊ ယောကျာ်းလေးမဲ၊ ရှက်မနေနဲ့'

'ဟာ… နင်တို့ကလည်း လိုတော့လိုချင်တာပေါ့၊ ကာယကံရှင်ကမှ အင်းမလုပ် အဲမလုပ် သစ်ငုတ်ဖြစ်နေတာ'

လင်းဝေယံလည်း အရဲစွန့်ပြီး တင်တင်ဝင်းတို့ကို မခံချင်စိတ်ဖြင့် ပြန်ပြောတယ်။

'ကဲ… သူငယ်ချင်းတို့ ငါလည်း ရှက်မနေတော့ဘူး'

အိသဥ္စာက မတ်တပ်ထပြီး ပြောတယ်။ ပြီးတော့ သူ့စလင်းဘတ်အိတ်ထဲက စာအိတ်တစ်အိတ်ကို ထုတ်ပေးတယ်။

'အဲဒီထဲမှာ ငါ့အဖြေပါတယ်… ရော့'

လင်းဝေယံတစ်ယောက် သမ္မတအရွေးခံရတဲ့ လူတစ်ယောက်လို ထခုန်မတတ် ပြုတ်ကျမတတ် ဝမ်းသာလုံးဆို့သွားတယ်။ သူ့ခက်ခက်ခဲခဲ တောင်းနေသော အဖြေကို မထင်မှတ်ဘဲ လွယ်လွယ်ကူကူ ရလိုက်ပြီး အိသဥ္စာက ရှက်သလိုလို မူသလိုလိုနဲ့ ပိုင်ဆိုင် အိတ်ကလေးကိုပိတ်ကာ ခပ်သော့သော့လေး ထွက်သွားတယ်။ တင်တင်ဝင်းက ရယ်ပြီး…

www.burmeseclassic.com



'နင်ကလေ သိပ်လောတာပဲ၊ အပြေးပြိုင်ပွဲမှာဆို ကြွက်တက် သွားနိုင်တယ်'

'ဟုတ်ပ ငါ့တို့သူငယ်ချင်းက အိမ်မြွေကြီးတစ်ပြည်တောင်နဲ့ နေလာတာ၊ အခု နင်လုပ်ပုံက သောနတ္တိုရ်မုဆိုး ဆင်စွယ်တောင်းသလို ဖြစ်နေပြီ'

ခိုင်မချူကလည်း လင်းဝေယံ နဖူးကို လက်နဲ့တို့ကာ နှစ်ယောက်စလုံး အိသဥ္ဇာနောက်ကို ပြေးလိုက်သွားတယ်။ လင်းဝေယံမှာ ရင်ခုန်ခြင်းတွေ တဖျတ်ဖျတ် လွန့်လူးပြီး ကတုန်ကယင်နဲ့ စာအိတ်ကို ဖွဖွလေး ဖွင့်ကြည့်ရာ ဓာတ်ပုံတစ်ပုံကို တွေ့ရတယ်။ ဓာတ်ပုံက လင်းဝေယံပုံ။ ဒါပေမဲ့ အိသဥ္ဇာက ကွန်ပျူတာ ဖန်တီးချက်နဲ့ လင်းဝေယံပုံကို ဖြတ်ညှပ်ကပ်လုပ်ကာ ကိုယ်ပွားခွဲထားတယ်။ တရုတ်လို တစ်ကိုယ်၊ ကုလားလို တစ်ကိုယ်၊ ကိုရီးယားလို တစ်ကိုယ်၊ အင်္ဂလိပ်လို တစ်ပုံ၊ ဓာတ်မင်းသားလို တစ်ပုံ ငါးကိုယ်ခွဲထားတယ်။ လင်းဝေယံ ခေါင်းလေးတွေကို နိုင်ငံတကာမင်းသားတွေရဲ့ ခေါင်းနေရာမှာ ထည့်သွင်းထားခြင်း ဖြစ်တယ်။ လင်းဝေယံ ဓာတ်ပုံနောက်ဘက်ကို လှန်လိုက်ရာ...

'ဘယ်နေရာရောက်ရောက် ရင်ထဲမှာ ထာဝရ ရှိနေမှာပါ'

အိသဥ္ဇာနာမည်နှင့်လက်မှတ် ထိုးထားတယ်။ လင်းဝေယံ အရမ်းပျော်သွားတယ်။ စိတ်လွတ်ကိုယ်လွတ် ထကဖို့တောင် ရည်ရွယ်ထားတာ ကင်တင်းထဲမှာ ဖြစ်နေတာကြောင့် စိတ်လျှော့ထားလိုက်ရတယ်။ တဆက်တည်းမှာပင် အိသဥ္ဇာရဲ့ သစ်လွင်လှသော အိုင်ဒီယာကို ပိုပိုသာသာလေး ချီးကျူးမိလေတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အဖြည့်ဖြည့်ဆိုင်ရာလေဆိပ်တွင် အိသဉ္ဇာတစ်ယောက် ထန်းနုရောင် ဂါဝန်လေးဖြင့် ရုပ်ရှင်မင်းသမီးလေးတစ်ဦးနှယ် လှပနေတယ်။ နိုင်ငံခြားသွားတော့မည့် ချစ်သူ လင်းဝေယံကို လေဆိပ်သို့ လိုက်ပို့ခြင်း ဖြစ်တယ်။ အိသဉ္ဇာရဲ့ အလှအပကို လူတကာက လည်ပြန်တင်မကဘဲ ဇက်ပါစောင်းသွားတဲ့အထိ ရင်သပ်ရှုမောကြည့်ရှုကြလေရဲ့။ လင်းဝေယံကလည်း အနောက်တိုင်းဝတ်စုံနဲ့ ကြော့မော့ခန့်ညားနေတယ်။ လင်းဝေယံရဲ့ မိဘနှစ်ပါးကလည်း မျက်ရည်လေးတစမ်းစမ်းနဲ့ တင်တင်ဝင်းနဲ့ခိုင်မဉ္ဇူလည်း သူတို့ သူငယ်ချင်းကို နှုတ်ဆက်ကြဖို့ လိုက်လာကြတယ်။

'သဉ္ဇာ… လိမ်လိမ်မာမာနေနော်'

'နင်လည်း ဟိုမှာ သိပ်မကဲနဲ့'

'အေးပါဟာ ငါ အလုပ်ကြိုးစားပြီး ငွေစုမှာပါ'

'ဟိုမှာ မတည့်တာတွေ မစားနဲ့နော်'

'စိတ်ချပါဟာ ငါ လူတကာနှင့် တည့်အောင်နေပါ့မယ်'

'နင် ဖုန်းလည်း ခဏခဏ ဆက်နော်'

အခုမှ ချစ်သူနှစ်ဦး အတိုင်အဖောက် ညီနေကြတယ်။ တင်တင်ဝင်းက…

'အမလေး… အဖြစ်သည်းနေလိုက်တာ၊ ကိန္နရီ ကိန္နရာ မောင်နှံတောင် ဒီလောက်ထိသည်းမှာ မဟုတ်ဘူး… ဟွန်း'

'ဟုတ်ပ… နီးတကျက်ကျက် ဝေးတသက်သက်ဆိုတာ ဒါမျိုးပေါ့'

ခိုင်မဉ္ဇူက တင်တင်ဝင်းစကားကို ထောက်ခံတယ်။

'နင် အခု ဘာစကားတွေ သင်ထားလဲ'

'အဓိကကတော့ အင်္ဂလိပ်စကားပြောပါပဲ၊ အရေးအနေနဲ့ တရုတ်နဲ့ ကိုရီးယား နည်းနည်းသင်ထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'နင် နိုင်ငံခြားသူတွေနဲ့ စကားပြောရင် ဗမာလိုပဲပြောနော်၊ ဖြစ်နိုင်ရင် ပါဠိစကားလေး ဘာလေးထည့်ပြော'

'ဇာတ်သံလေးပါနော၊ပြီး ပြောပါလား'

တင်တင်ဝင်းက လှမ်းနောက်တယ်။ လင်းဝေယံ အမေက လည်း တောသူမကြီးမို့ ရိုးရိုးအအကြီး ဝင်ပြောတယ်။

'သား… ဟိုရောက်ရင် ဝက်သားမစားနဲ့နော်၊ နတ်မကြိုက် ဘူး'

'အစ်မကလည်း နတ်တွေက နိုင်ငံခြားထိ လိုက်မကြည့်နိုင် ပါဘူး'

'ဟဲ့… နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့ ဘာသိလဲ'

'မိန်းမကလည်းကွာ၊ သား သွားခါနီး ဘာတွေလျှောက် ပြောနေတာလဲ၊ မင်း နတ်တွေက အဝေးကြီးထိသိဖို့ ပါဝါတွေ မပါ ဘူးကွ'

လင်းဝေယံ အဖေနှင့်အမေက ရယ်နေရသဖြင့် အိသန္တာတို့ ယည်း ရောယောင်၍ ရယ်မောမိတယ်။ လင်းဝေယံကတော့ အားလုံးကို စိတ်မပူရန် တဖွဖွမှာနေတယ်။ အိသန္တာလည်း အရင်ကသူ လင်းဝေယံ အပေါ် အနိုင်ယူခဲ့သမျှ ခုတော့ ခွဲခွာရမှာမို့ ရင်ထဲတော့ မကောင်း ပေ။

'လင်းဝေယံ နင်ပြန်လာရင် ဘဝင်လည်းမြင့်မလာနဲ့ဦး'

'အေး… ငါလည်း မှာရဦးမယ်၊ နင်လည်း ရုပ်ကလေး ယုတပတလေးနဲ့ ပေါတောတော မနေနဲ့ဦး၊ နောက်ပြီး ကိုယ်က မိန်းကလေး၊ အခြားယောက်ျားလေးတွေက အထင်သေးလိမ့်မယ်'

'ဟဲ့… ငါတို့ကတော့ ပျော်ပျော်ပဲ၊ ပေါတယ်လို့ငင်လဲ ဆောတ်နိုင်ဘူး၊ စိတ်ထဲမှာ မြဲပြီးကောက်ကျစ်တဲ့ မိန်းမတွေလောက်စာရင်

www.burmeseclassic.com

www.burmeseclassic.com



အများကြီးသာသေးတယ်။ ဘဝင်ကိုင်ပြီး မာနတွေနဲ့ လွှတ်နေတဲ့ ကောင်မတွေထက် အပြည့်အဝတန်ဖိုးရှိတယ်'

'ဟုတ်ပါတယ် ငါ နင့်ကိုအပြစ်ပြောတာ မဟုတ်ဘူး၊ စေတနာနဲ့ဆုံးမတာ'

'ဟဲ့... ဆုံးမရအောင် နင်က ငါ့ဆရာမို့လို့လား၊ လင်းဝေယံ နော်... နင် ငါ့ကို ကန့်လန့်မတိုက်နဲ့နော်၊ ဘေးစောင်းလည်း မလိုက်နဲ့'

အိသဉ္ဇာက လောလောလတ်လတ်ကြီး ရန်တွေ့တယ်။

'တော်ကြပါတော့ဟာ၊ နင်တို့ နှစ်ယောက်ကလည်း ခွဲခွာခါနီးမှာ သူများတွေလို အလွမ်းမသယ်ဘဲ ရန်ဖြစ်နေကြတယ်၊ တကယ်ဆို နှစ်ယောက်စလုံး မျက်ရည်လေးတွေ ကလယ်ကလယ်နဲ့ ဖြစ်နေရမှာ'

'ပထမတော့ အလွမ်းသယ်မလို့ပဲ၊ အခု ဘုဘောက်တွေ ဖြစ်ကုန်ပြီ၊ ကျမယ့်မျက်ရည်တောင် အထဲပြန်ဝင်သွားပြီ'

အိသဉ္ဇာက ကက်ကက်လန် ပြန်ပြောတယ်။

'ကဲ... ကဲ သဉ္ဇာ၊ မင်းနဲ့ ငါနဲ့ ဆက်ငြင်းနေရင် ပြီးဆုံးမှာ မဟုတ်တော့ဘူး၊ လေယာဉ်ချိန်လည်း နီးနေပြီ'

'အဲဒါဆို သွားတော့လေ'

'ဟဲ့... သဉ္ဇာ၊ နင်ကလည်း ကြေကြေကွဲကွဲ အမူအရာလေးနဲ့ ဖီလင်အပြည့် မုဒ်ထည့်လေဟာ၊ ခုလို တုံးတိကြီး မလုပ်လိုက်နဲ့'

တင်တင်ဝင်းက အိသဉ္ဇာလက်ကို ကိုင်၍ သတိပေးတယ်။ ခိုင်မဉ္ဇူက မနေသာတော့ဘဲ အိသဉ္ဇာ လက်ကိုဆွဲကာ လင်းဝေယံ လက်ထဲထည့်ပေးလိုက်ရဲ့။ လင်းဝေယံကလည်း အိသဉ္ဇာလက်ကို လှမ်းဆွဲရာ အိသဉ္ဇာရဲ့ချောင်နေသော လက်စွပ်ကို ဆွဲချွတ်မိသား ဖြစ်သွားတယ်။ လက်စွပ်ကလေးမှာ လင်းဝေယံ လက်ထဲကနေ လျှော

www.burmeseclassic.com

www.burmeseclassic.com



ကျသွားပြီး မောင်းကွင်းလေးဆိုတော့ လိမ့်ဆင်းသွားရဲ့။ လင်းဝေယံမှာ ထပျာကယာလှမ်း၍ လိုက်ကောက်ရလေတယ်။ လေးဘက်ထောက်ပြီး လိုက်အဖမ်း ခရီးဆောင်အိတ် တင်ထားသော တွန်းလှည်းတစ်ခုနဲ့ နဖူးကို ဂွပ်ခနဲတိုက်မိတယ်။

'ဆောရီးနော်··· ဆောရီး'

လင်းဝေယံ နဖူးကိုပွတ်ပြီး ဦးဖြူလုပ်နေရတယ်။ 'တော်ပါသေး ရဲ့။ လက်စွပ်ကလေးကို ပြန်ရသွားလို့။ အိသန္တာတို့လည်း ရောက်လာ တယ်။

'လက်စွပ်က တော်တော့်ချောင်နေလို့၊ လင်းဝေယံ နင်တော် တော်နာသွားလား'

'မနာပါဘူးဟာ လေဆိပ်မှာတော့ သရုပ်နည်းနည်း ပျက်သွား တာပေါ့'

လင်းဝေယံက ရှုံ့မဲ့မဲ့နဲ့ ပြောတယ်။

'နင်ကလည်း ငါ တမင်တကာ လုပ်တာမှ မဟုတ်တာ'

အိသန္တာက ဘုတောပြန်တော့တယ်။

'တော်ကြပါတော့ဟာ၊ နင်တို့ကလည်း ရန်ဖြစ်ဖို့ပဲ ချောင်းနေ ကြတာပဲ၊ ငါ့မှာ ဟန်းနီးပလာစတာ ပါတယ်၊ အိသန္တာ··· နင် လင်းဝေယံ နဖူးကို ကပ်ပေးလိုက် ဟိုမှာဖုသွားပြီ'

တင်တင်ဝင်းက အေးမှုနေ၍ ဖေးဖေးမမပြောတယ်။ အိသန္တာ လည်း နှုတ်ခမ်းလေးစူပြီး ဟန်းနီးပလာစတာဖြင့် လင်းဝေယံ နဖူးကို ကပ်ပေးရလေတယ်။

'အကြင်နာလေးတွေနဲ့ ကပ်ပေးနော်၊ ဒါမှ ဒဏ်ရာချက်ချင်း ပျောက်မှာ'

ခိုင်မန္တလူက တခွိခွိရယ်ပြီး အေးကပ်လှော်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'စင်ကာပူ သွားခါနီး အမှတ်တရ လက်ဆောင်ပေးတာက ဟန်နီးဝလာစတာတစ်ခု ဖြစ်နေတယ်… ဟား'

တင်တင်ဝင်းက သူ့စကားသူ သဘောကျ၍ ရယ်မောတယ်။ မကြာခင် လေယာဉ်ထွက်ခွာ ပျံသန်းရန် အချိန်ရောက်တော့မည်။ နောက်ဆုံး နှုတ်ဆက်ခါနီး ပီပီပြင်ပြင် အလွမ်းသယ်ကြဖို့လိုပြီ။

'သဉ္ဇာ… ငါ သွားတော့မယ်နော်၊ နင် ကျန်းမာရေးကို ဂရုစိုက်ဦး'

'စိတ်ချပါဟာ နင်လည်း အလုပ်ကြိုးစားနော်'

'သေချာပါတယ်ဟာ ငါ ဟိုရောက်တာနဲ့ အလုပ်တန်းဝင်ရမှာ'

'ကံကောင်းပါစေဟာ နင် ငွေလည်းစုဆောင်းဦးနော်'

'အေးပါဟာ… ငါက နဂိုကမှ ကပ်စီးကော်တရာကောင်ဝဲဟာ'

သူတို့နှစ်ယောက် နှုတ်ဆက်နေတာလည်း အသက်မာတ်မပါသကဲ့သို့ အေးတိအေးစက်။ တင်တင်ဝင်းက မနေနိုင်၍ ဝင်ပြောတယ်။

'နင်တို့ကလည်း တဟားဟားနဲ့ ကလေးတွေ စကားပြောနေတာ ကျနေတာပဲ၊ ရုပ်ရှင်တွေထဲကလို အလွမ်းသယ်ကြပါလား'

'ဟုတ်ပ ကြည့်ရတာ စိတ်ဝင်စားဖို့ မကောင်းဘူး'

'ဟဲ့… ကောင်မတွေ၊ အပိုတွေ ပြောမနေနဲ့'

အိသဉ္ဇာက လှမ်းငေါက်ရာ တင်တင်ဝင်းနှင့်ခိုင်မဉ္ဇူတို့ ဖြိုင်တူပခုံးတွန့်ပြရဲ့။ ရုပ်ရှင်တွေထဲကလို ခွဲခွာခါနီး တစ်ယောက်နဲ့တစ်ယောက် အကြာကြီး စိုက်ကြည့်ပြီး ချက်ရည်ဝေကျတာတို့ နှုတ်ဆက်ထွက်သွားပြီးမှ ပြန်လှည့်ဖက်ပြီး ငိုတာတို့ မရှိကြပေ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း ဒါတွေသည် အလကားပါ။ တစ်ယောက်က ဖြောင့်ဖြောင့်သွားမယ့် ဥစ္စာကို တစ်ယောက်က ပေါ့ပေါ့ပါးပါးလေး ကျုန့်ရစ်ခဲ့ပေါ့။ ငိုတာဆိုတာကလည်း Over တွေပါ။ သဘာဝဟာ အရှိအတိုင်းပဲ ကောင်းပါတယ်။ အဲဒီလို ငိုယိုခံစားပြီး တစ်ယောက်နဲ့ တစ်ယောက်ဝေးသွားမှ သတိမေ့သွားတာတွေလည်း ရှိသေးတာပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

လင်းဝေယံ နိုင်ငံခြားထွက်သွားပြီးနောက် အိသဥ္စာတို့ သူငယ်ချင်းတွေလည်း ဘဝအတွေ့အကြုံ လုံလုံလောက်လောက် ရနိုင်စေဖို့ အလုပ်ခွင်ထဲသို့ အသီးသီး ဝင်ရောက်ခဲ့ကြတယ်။ အဲဒီမှာ စတွေ့တာပဲ။ အိသဥ္စာရဲ့ ခါတ်ပုံသက်ရောက်မှုကြီး။ အလုပ်လျှောက်ဖို့ ကိုယ်ရေးရာဇဝင်ဖြည့်ပြီး ဓာတ်ပုံကပ်တာ ရိုးရိုးတန်းတန်း မကပ်ဘူး။ လစာကောင်းကောင်းရအောင် သူမဓာတ်ပုံကို ငွေနဲ့တဖျတ်ဖျတ်ရိုက်ပြီး သက်ရောက်မှုထွင်သေးရဲ့။ အိသဥ္စာ ကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။ ဝင်ဝင်ချင်း အခြေခံလစာက အနည်းငယ် ပိုပေးထားတယ်။ တင်တင်ဝင်းက ကွန်ပျူတာသင်တန်းတက်ပြီး စာစီစာရိုက် လုပ်နေသလို မိုင်မဉ္ဇူကတော့ ကျောင်းဆရာမ ဝါသနာပါသူပီပီ ဆရာမ လျှောက်ထားတယ်။ အရင်လို သိပ်မတွေ့ဆုံတော့။ အရေးတကြီး ကိစ္စတွေရှိမှသာ တွေ့ဆုံဖြစ်တယ်။ နဂိုကမှ ရုပ်တီးရုပ်ပြာ အိသဥ္စာဟာ လုပ်ငန်းခွင်ထဲ ရောက်သောအခါ အများမကင်းသော တာဝန်များနှင့် လုံးထွေးနေရတယ်။ အိသဥ္စာက အလုပ်တာဝန် ပေါ့လျော့မှုအပိုင်း မရှိသော်လည်း ရုံဖန်ရုံခါ ပြီးစလွယ်လုပ်လိုက်သော ကိစ္စလေးတွေနဲ့သာ လွဲချော်လေ့ ရှိတတ်တာ။

လင်းဝေယံနဲ့ ဖုန်းပြောတိုင်း အလုပ်ဝင်နေပြီဖြစ်ကြ အခြေခံပြောင်း ပြောပေမဲ့ ထင်သလောက် အဆင်မပြေဖူးပေ။ ကုမ္ပဏီ

www.burmeseclassic.com

www.burmeseclassic.com



တွင် အိသဥ္စာရဲ့ လူမှုဆက်ဆံရေး ကောင်းမွန်ပုံကြောင့် ကုမ္ပဏီ ဝန်ထမ်းတွေနှင့် အဆင်ပြေပြေ ရှိသော်လည်း ခြွင်းချက်တစ်ဦးနှင့် အဆင်မပြေလှပေ။ သူကတော့ ကုမ္ပဏီတွင် မန်နေဂျာရာထူး ရထားသူ အပျိုကြီး ဒေါ်ခင်နွဲ့ဝင်းကြောင့်ပင်။ သူမသည် အိသဥ္စာ အပါအဝင် ကုမ္ပဏီတစ်ခုလုံးနှင့် တည့်သောသူမဟုတ်။ ဇီဇာကြောင်တတ်သော သူ့စိတ်ဓာတ်ကြောင့် ဝန်ထမ်းအားလုံးနှင့် အမြဲတမ်း ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ခဲ့ရသူ။ သူသည် ကုမ္ပဏီပိုင်ရှင် သူဌေး၏အဒေါ် တော်စပ်မှုကြောင့် နေရာတကာတွင် ဟိုစပ်စပ် ဒီစပ်စပ် ပါတတ်သူ တစ်ဦး။ ပိုင်ရှင်ဘောစ့်ကို ချွန်တွန်းတတ်သော ပူးတွဲတာဝန်တစ်ခုကို လည်း မပျက်မကွက် ထမ်းဆောင်နေသူလည်း ဖြစ်တယ်။ အပေါက် ဆိုးတဲ့အပြင် အတွင်းစိတ်ကလည်း အမြဲရန်စောင်နေသော အပျိုကြီး။

အိသဥ္စာအတွက် ရန်ကပူးတွဲချန်ပီယံလာရဲ့။ ခုနက အပျိုကြီး က အိသဥ္စာကို မျက်မုန်းကျိုးအောင် ကြည့်မရပေမဲ့ အိသဥ္စာကို သူမရဲ့မောင်က တမ်းတမ်းစွဲ ဖြစ်နေတယ်။ အဲဒီအကောင် နာမည်က ရန်ပိုင်စိုး။ လူပုံစံက နေ့မစွေဘဲ မွေးလာတဲ့ အီသီယိုးပီးယားက ပိုလီယိုရောဂါသည် ဘော်ဒီနဲ့။ လက်ပြင်ကိုင်းကိုင်း ခါးရှိုက်ရှိုက်နဲ့။ အသားအရည်က သွေးစုတ်ခံရတဲ့ လူမမာလို။ ရုပ်ကတော့ အဘိုးကြီး မဟုတ်ပါဘူး။ စကားပြောရင် ပေကပ်ကပ်နဲ့ ထောင့်မကျိုးဘူး။ မျက်နှာမှာလည်း ဝက်ခြံဗရပျစ်နဲ့။ မျက်နှာပေါက်က စုတ်ချွန်းချွန်းနဲ့။ သူက အိသဥ္စာကို တွေ့တွေ့ချင်း မြင်မြင်ချင်း သဘောကျနေခဲ့ပြီး အစ်မက အရောမဝင်သလောက် ဒင်းက အတင်းဝင်ရောပြီး ကပ်ပါး ထောင် လုပ်ပါလေရော။

အိသဥ္စာမှာ ဘေးကျပ်နံကျပ်နဲ့ အခက်ဝရုချာ ဖြစ်နေတော့ ပေါ့။ သူ့ဘာသာသူတောင် ငိုချင်းလေးစပ်ပြီး တင်တင်ဒင်းတို့ရှေ့ ရောက်ရင် ဆိုပြနေသေး။

www.burmeseclassic.com

www.burmeseclassic.com



အိသဉ္ဇာက ဟန်နဲ့ပန်နဲ့ကို ဆိုပြတော့ တင်တင်ဝင်းတို့က အရမ်းသဘောကျသွားတယ်။ အိသဉ္ဇာ အလုပ်ဝင်ပြီး တစ်လလောက် ကြာမှ သူငယ်ချင်းတွေစုပြီး မုန့်ဟင်းခါး ချက်စားတဲ့အခါမှ အားရပါး ရ ခေါင်းတင်မောင်းတင် အကြောင်းစုံ ပြောနိုင်တယ်။ ဒိုင်ခံအပြော ဆုံးက အိသဉ္ဇာ။ သူနဲ့အပျိုကြီးမောင်နှမ ပေါက်တက်ကရတွေ ဖြစ် ပုံကို စီကာပတ်ကုံး ပြောပြနေတော့တာပေါ့။ တဝါးဝါးတဟားဟားနဲ့။

'အဲဒီ အပျိုကြီးက ငါ ရုံးစတက်တဲ့ နေ့ကတည်းက သိပ်မ ကြည်ဘူး၊ သူ အင်္ကျီတာဖျူးလုပ်တာကို ဘုဂလန့် ပြန်ဖြေလို့၊ သူ မေးတာတွေကိုလည်း ကြည့်ဦး၊ ငါ့အဖေရဲ့ ဇာတိနဲ့ မွေးဖွားခဲ့တဲ့ ဆေးရုံတဲ့၊ ငါက လက်သည်နဲ့မွေးတာလို့ ပြောတာ ငါ့ကို လိမ်ပြော လို့တဲ့'

'ဟင်… ဘာအပျိုကြီးလဲ မသိပါလား'

တင်တင်ဝင်းက နှာခေါင်းရှုံ့ပြီး မှတ်ချက်ချတယ်။

'အေးဟာ… ဘာတွေ လျှောက်မေးမှန်းလဲ မသိဘူး၊ ငါ အလုပ်ဝင်ပြီး သိပ်မကြာဘူး၊ ပြဿနာ စတက်တာပဲ'

'ဘာဖြစ်ကြတာလဲ အလုပ်ကိစ္စနဲ့လား'

'ဘာမှ မဖြစ်စလောက်ပဲဟာ၊ တကယ်ကြောင်တဲ့ အဘွား ကြီး သူက ရုံးမှာမှန်တစ်ချပ် ထားတယ်၊ ကိုယ်လုံးတစ်ဝက်ပေါ်မှန်ပါ၊ ငါကလည်း ရုံးသန့်ရှင်းရေးလုပ်နေရင်း သူ့မှန်ကို သွားတိုက်မိတယ်။ သူလာတဲ့အချိန်နဲ့ ငါသွားတိုးနေတယ်။ ငါလည်း ဘာသိဘာသာနဲ့ မှန်ကိုပဲ ဆက်တိုက်နေတာပေါ့၊ သူက ငါ့ကိုမေးတယ်။ ဒီမှန်က ဘယ်လောက်တန်သလဲတဲ့ ငါကလည်း သူ့စကားကို နားကျပကျ နားဆောင်မနေဘဲ ကြားမိကြားရာကို ပြန်ပြောမိတယ်'

'ကျွန်မ မှန်ဆိုင်မှာ အလုပ်မလုပ်ဖူးလို့ ဘယ်လောက်တန်မှန်း မသိပါဘူးရှင်'

www.burmeseclassic.com

www.burmeseclassic.com



'အမှန်က သူဆိုလိုချင်တာ ဒီမှန်က သိပ်အဖိုးတန်တယ်၊ ဂရုတစိုက် သန့်ရှင်းရေးလုပ်ပါလို့ ပြောချင်တာဖြစ်မှာပေါ့'

'အဲဒါနဲ့ ဘာဖြစ်သေးလဲ'

'ငါ့ကို ဖုသွားတာပေါ့၊ ချက်ချင်းကို ချာခနဲ လှည့်ထွက်သွားတာပဲ'

'အိမ်သာတက်ချင်တာလည်း ဖြစ်နိုင်တယ်နော်'

တင်တင်ဝင်းက အရေးထဲ အတွေးခေါင်နေပြန်တယ်။

'အဲဒါနဲ့ပဲ ငါ့ကို တောက်လျှောက် အလုပ်တွေ ဖိနိုင်းတော့တာပဲ၊ ကွန်ပျူတာနဲ့ ဆွဲရမယ့်ဇယားကွက်တွေကို ငါ့ကို ပေတံအမဲ့နဲ့ ဆွဲခိုင်းတယ်၊ ငါကလည်း ကျားကွက်လို အကွက်စိပ်နေတဲ့ အကွက်တွေကို ဘယ်ဆွဲတတ်မလဲ၊ မညီညာဘဲ တွန့်လိမ်ပေစောင်း ကုန်တာပေါ့၊ ငါ့ကို ကောင်းကောင်းကောတာပဲ'

'ဒါကြီးကတော့ မကောင်းပါဘူး၊ လူကြီးမပီသတာပဲ'

'ဟုတ်တယ် ကျန်တဲ့လူတွေက မရိပ်မိဘူးလား'

'သိတာပေါ့ဟာ ပြောမကောင်းလို့ ကြည့်နေကြတာ အဲဒီက တည်းကစပြီး ငါနဲ့ငြိတာပဲ'

'သူနဲ့တွေ့ရင် နင်က ဆံပင်လေးဘာလေး စည်းထားပေါ့ဟာ'

'နင်ကလည်းဟာ သူတင်မကဘူး သူမောင်ရန်ကလည်း ရှိသေး၊ ဒီကောင်က ငါ့ကို အသေအလဲ အရှင်ရရ အသေရရခိုက်နေတာ၊ ငါ့ဆီက ဘာအစိတ်အပိုင်းရရ လိုချင်နေတာ'

'ဟယ်… အဲဒီလောက်တောင်မှလား၊ နင် သူလိုချင်းပိုင်း လျှောက်ထုတ်မပေးနဲ့နော်'

'ငါက ဥပမာပြောတာ၊ သူလိုချင်တိုင်း တစ်ချင်းစီ လျှောက်

www.burmeseclassic.com



ထုတ်ပေးမလား နင်တို့က ငါ့ကို အမဲသားသည်များ မှတ်နေသလား'

'မိုးခိုသားကတော့ ဈေးနည်းနည်းကြီးမယ်နော်'

ထင်တင်ဝင်းက ရယ်ကျဲကျဲနဲ့ နောက်တယ်။

'ပြောပြစမ်းပါဦး၊ ဒီကောင်နဲ့ နင်နဲ့ ပတ်သက်ပုံလေး'

'ပြောတောင် မပြောချင်ဘူးဟာ'

'နင်ပြောချင်နေတာ ငါသိပါတယ်၊ ရယ်ရတာပေါ့ဟာ'

အိသဉ္ဇာက သူ့ကို ကြောင်နေသော ဝက်ခြံမင်းသား နံ့ပိန်တောင် အကြောင်းကို ပြောပြလေရဲ့။

❖ ❖ ❖

အဲဒီနေ့က အပျိုကြီး ဒေါ်ခင်နွဲ့ဝင်းက သူ့မောင်ရန်ပိုင်စိုးနဲ့ အိသဉ္ဇာကို တာဝန်တစ်ခုပေးခဲ့တယ်။ တလွဲတချော် ကိစ္စတွေအစထွင်ဖို့ တာဝန်ပေးလိုက်သလိုပဲပေါ့။ အိသဉ္ဇာ ကုမ္ပဏီကိုရောက်ရောက်ချင်း ရန်ပိုင်စိုးက ရုပ်ရှင်မင်းသားတစ်ဦးကဲ့သို့ သစ်လွင်တောက်ပြောင်နေရဲ့။ ပိုးပုဆိုး အသစ်စက်စက်ကြီးကို ရေမချဘဲ ဝတ်ထားတာမို့ တဗ္ဗဲဗ္ဗဲကို ခါးပွင့်ပတ်ထားသလို တောင့်တောင့်ကြီး။ အစင်းစင်း အကျားကျားတွေနဲ့ ရှပ်အင်္ကျီကလည်း တောင့်နေရဲ့။ ဝက်ခြံဖုတွေ ထကြွမလာစေဖို့ လူးထားဖို့ထားသော မိတ်ကပ်တွေက ပိန်နေသော မျက်နှာလေးကို ဖောင်းအစ်နေစေတယ်။ ဆံပင်ကို ဂျယ်လူး၍ ထောင်ထားတာကလည်း ဝါယာကြိုးမျှင်တွေကို ဖွပြီး ငှက်သိုက်ထဲ ထည့်ထားသလို။ ရန်ပိုင်စိုး ပုံစံက စာခြောက်ရုပ်ကို နတ်ကတော် အသွင် ပြင်ဆင်ထားသကဲ့သို့။ အိသဉ္ဇာ စိတ်အပျက်ကြီး ပျက်နေ လေတယ်။ အိသဉ္ဇာကိုလည်း ပြိုတီပြိုတီနဲ့ ကြည့်ရင်း…

'သဉ္ဇာ… ဒီနေ့ မင်းနဲ့ကိုယ်နဲ့ တစ်ခုလုပ်ရမယ်၊ မမ

www.burmeseclassic.com



နဲ့က ကိုယ်တို့နှစ်ဦးကို ကုမ္ပဏီပစ္စည်းသိုလှောင်ခန်းအတွက် ဘောက် တွေ ရှာခိုင်းထားတယ်၊ အဲဒါ မင်းနဲ့ကိုယ် သွားရှာရမယ်'

'ဘောက်တွေ ဘာလုပ်ဖို့လဲ'

'ဒါတော့ မသိဘူး၊ ကိုယ်ကတော့ မင်းနဲ့ သွားရမှာပဲ သိ တယ်၊ အဲဒီ ဘောက်တွေကို သွားငှားဖို့ တာဝန်က အရေးကြီးတယ်'

အိသဉ္ဇာမှာ ဘုမသိဘမသိနဲ့ ရန်ပိုင်စိုးနောက်သို့ စိတ်ညစ် ခြင်း အပြည့်ဖြင့် လိုက်ပါသွားရလေတယ်။ လမ်းမှာ ထုံးစံအတိုင်း ရန်ပိုင်စိုးက ခတ်ပြားဟောင်းကြီးကို တအိအိနဲ့ ပြန်ဖွင့်ပြန်ရဲ့။

'သဉ္ဇာ... မင်းမှာ မူပိုင်ချစ်သူရှိသလား'

'တစ်ကမ္ဘာလုံးရဲ့ တစ်နိုင်ငံစီမှာ တစ်ယောက်လောက်တော့ ရှိတယ်'

အိသဉ္ဇာက အမြင်ကတ်ကတ်နဲ့ ရွဲ့ပြောရာ ရန်ပိုင်စိုးက အူကြောင်ကြောင်နဲ့။

'မြန်မာနိုင်ငံမှာတော့ ကိုယ်တစ်ယောက်တည်း ရှိနေသင့် တယ်'

'ရန်ပိုင်စိုး... နင် အဲဒါတွေ ခဏခဏ ပြောမနေနဲ့၊ မရှက်ဘူးလား၊ ဘေးနားမှာ လူတွေနဲ့'

အိသဉ္ဇာက ဒေါသသံနဲ့ဟောက်တယ်။ ရန်ပိုင်စိုး ဇက်ကလေး ပုသွားပေမဲ့ အရှိန်လျှော့တာ မဟုတ်။ ဘာပြောရမလဲတွေးရင်း နောက် သို့ အားယူခြင်းဖြစ်တယ်။

'သဉ္ဇာ... ကိုယ့်ကို ဖြည်းဖြည်းနဲ့ မှန်မှန်လေး စဉ်းစားပေးပါ၊ သဉ္ဇာကို ကိုယ်စိတ်ဝင်စားနေတာ တစ်ခါတလေကျရင် ကိုယ့်ကိုယ် သိမ်ငယ်မိတယ် သဉ္ဇာရယ်။ သဉ္ဇာရဲ့ အလှအပ ဆွဲဆောင်မှုမှာ ကိုယ် စိတ်တွေဟာ အရှေ့အနောက်တောင်မြောက် ပတ်ဝန်းကျင် မှမလောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ကယောက်ကယက်တွေ ဖြစ်ခဲ့ရပါတယ်။ သဘ္ဘာရဲ့ အသွင် အပြင် အပြုအမူ အနေအထိုင် မလှုပ်မရှားရှိနေတဲ့ အိန္ဒြေဂုဏ်ပုဒ်ကို စွဲမက်မိတယ်'

'မလှုပ်မရှား ဖြစ်နေရအောင် သဘ္ဘာက အောက်ပိုင်းသေနေလို့လား၊ ဒီမှာ ရန်ပိုင်စိုး စကားတွေ တောင်စဉ်ရေမရ လျှောက်ပြောမနေနဲ့ အခု ကျွန်မတို့ လမ်းလျှောက်နေတာ ဆယ့်ငါးမိနစ်ကျော်နေပြီ'

'ဆောရီးပါ သဘ္ဘာ၊ အမှန်တော့ ကိုယ်တို့ သွားရမယ့်နေရာက မှတ်တိုင်ကဆင်းတာနဲ့ ရောက်နေပါပြီ၊ သဘ္ဘာနဲ့ စကားပြောချင်တာနဲ့ပဲ လမ်းကို တွေ့ရိုက်လှည့်ပတ်ပြီး လျှောက်နေတာပါ၊ လာ… နောက်ကြောင်း ပြန်လှည့်ကြစို့'

'သေလိုက်ပါတော့ ကိုရွှေဉာဏ်တုံး၊ ကျက်သရေတုံးတဲ့အကောင်ရဲ့၊ ငါနဲ့ စကားပြောချင်တာများ ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစွေးပြီးပြောပါလား၊ ခုတော့ ခြေထောက်ညောင်းနေပြီ သိရဲ့လား'

'ဒါဆို ဒီနားမှာ ခဏထိုင်ပြီး စကားပြောကြမလား'

ရန်ပိုင်စိုးက ကျီးကြည့်ကြောင်ကြည့် လုပ်နေတယ်။

'မပြောတော့ဘူး၊ အချိန်မရှိဘူး ဘောက်ဗှားမဲ့ နေရာကိုသာသွား'

'ဟီး… ဘယ်နားမှာလဲ မသိဘူး မေ့သွားပြီ'

'ဟာ… ရှင်တော့ ပြဿနာပဲ'

'ချစ်တဲ့စိတ်တွေကြောင့် အတိမ်းအစောင်းလေး ဖြစ်သွားတာခွင့်လွှတ်ပါ'

ရန်ပိုင်စိုးက ကောင်းကင်ပေါ် မော့ကြည့်နေတယ်။ အမှန်တော့ မင်းသားစတိုင်နဲ့ ပြောနေခြင်းဖြစ်တယ်။

'ဘာလဲ မိုးရွာတော့မှာလား'

www.burmeseclassic.com

www.burmeseclassic.com



'မိုးသားတွေတော့ ရှိတယ်'

'အဲဒါဆို ဘောက်တွေ အမြန်သွားသယ်မှ ဖြစ်မယ်'

'ဘယ်နားမှာလဲ ကိုယ်လည်း မသိဘူး'

'ဟာ··· ရှင်တော့ ပြဿနာပဲ၊ ရှင်လုပ်တာနဲ့ ကျွန်မ ရူးတော့မယ်'

'အလကားပြောတာပါ ဟိုရှေ့နားမှာ ဘောက်ငှားလို့ရတယ်'

ရန်ပိုင်စိုးက ဝေါက်ပက်ဝေါက်ပက်နဲ့ ရှေ့ကထွက်သွားတော့ အိသဥ္စာလည်း ဘောက်ဆတ်ဘောက်ဆတ်နဲ့ ကပ်လိုက်သွားရတယ်။ ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ ဘောက်တွေကို တွေ့ရတယ်။ ကောင်မလေးတစ်ယောက် ထွက်လာတော့···

'ညီမလေး ဘောက်ရှိလား'

'ဘောက်မပြောနဲ့ သန်းတောင် မရှိဘူး၊ နေ့တိုင်း ခေါင်းလျှော်ထားတာ'

'ဟာ··· အဲဒီ ဘောက်ကိုပြောတာ မဟုတ်ဘူး၊ အသံတွေဘာတွေထွက်တဲ့ ဆောင်းဘောက်ကိုပြောတာ၊ အဲဒါ ငှားချင်လို့'

'ဒီမှာက ငှားလို့မရဘူး၊ ဝယ်ချင်ဝယ်'

ကောင်မလေးက အူကြောင်ကြောင် ရန်ပိုင်စိုးကို ဘုပြောတယ်။

'ဝယ်လို့မရဘူး၊ မမက ငှားပဲငှားခိုင်းတာ ဒုက္ခပဲ'

'ဒါဆိုရင် ဘောက်တွေကို ငှားလို့ရတဲ့ဆိုင်ကို လမ်းညွှန်လိုက်မယ်၊ အဲဒီကိုသွား ဒီဆိုင်မှာက ရောင်းတာ၊ ဘယ်လိုလူလဲ အူတူတူနဲ့'

'ဟုတ်ကဲ့··· ဟုတ်ကဲ့'

ရန်ပိုင်စိုးလည်း နာရီတကြည့်ကြည့်နဲ့ အိသဥ္စာတို့ ဘောက်ရှိရာရပ်ကွက်သို့ ဘောက်ရှာပုံတော် ထပ်ထွက်ခဲ့ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိသဥ္ဇာမှာ စိတ်ညစ်စိတ်လေစွာဖြင့် ရန်ပိုင်စိုး နောက်သို့လိုက်ရပြန်ရဲ့။ ဘော်တော်ကို သပွတ်ရိုက်နေတယ်။ အလှူမင်္ဂလာဆောင်တွေအတွက် ဘောက်ငှားနေတဲ့ အိမ်တစ်အိမ်ကို ရောက်လာတယ်။ ရန်ပိုင်စိုးက ဆိုင်ထဲဝင်ပြီး…

'ဟို… အစ်ကိုရေ… ဘောက်ငှားချင်လို့'

'အလှူအတွက်လား မင်္ဂလာဆောင်အတွက်လား'

'နာရေးအတွက်… အာ… ဟုတ်ပါဘူး၊ မင်္ဂလာဆောင်အတွက်ပါ'

ရန်ပိုင်စိုးက ရိုးရိုးတန်းတန်း မပြောဘဲ အိသဥ္ဇာနဲ့ သူနဲ့ပဲ ယူတော့မလိုလိုဟန်နဲ့ ပြောတယ်။ ဘောက်ငှားမယ့်သူက…

'မထင်ရဘူးနော်… ခွေးချေးပုံဘေး နှီးဆီဗူး မှောက်ကျထားတဲ့ အတိုင်းပဲ'

'အမ်… အချို့ကတော့ နေနဲ့လ ရွှေနဲ့မြလို့ ပြောကြတာပဲ'

'ရန်ပိုင်စိုး… နင် ဘာတွေရှည်နေတာလဲ၊ နင်ဆိုလိုနေတဲ့ ရည်ရွယ်ချက်ကို ငါသိတယ်၊ ဘောက်ရအောင်သာ မြန်မြန်ငှား အချိန်မရှိဘူး၊ နင့် အစ်မက အချိန်နောက်ကျရင် ပြူစူတော်မူဦးမှာ ဘောက်တွေရသရွေ့သာ အမြန်သယ်ခဲ့ပေတော့'

ရန်ပိုင်စိုးနှင့်အိသဥ္ဇာလည်း ရှိသမျှဘောက်တွေကို ငှားကာ တက္ကစီဖြင့် ကုမ္ပဏီသို့ သယ်ဆောင်လာလေတယ်။ ကုမ္ပဏီရုံးခန်းရှေ့မှာ ဒေါ်ခင်နွဲ့ဝင်းက ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာပေါ့။ အိသဥ္ဇာတို့ မလာမချင်း ထွက်မျှော်နေသော ပုံစံနဲ့။

'ကြာလိုက်တာ ဘာတွေဖြစ်နေကြတာလဲ'

အိသဥ္ဇာက ဘာမှပြန်မဖြေ။ ရန်ပိုင်စိုးက သွက်သွက်စွာ…

'မမ ရှာခိုင်းတဲ့ ဘောက်တွေရလာပြီလေ'

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဘောက်တွေကို လက်ညှိုးထိုးပြတယ်။

'ဟာ... သေလိုက်ပါတော့ ရန်ပိုင်စိုးရယ်၊ နင်ဟာသေတုံး ဒွေး နင်တို့ နှစ်ယောက်စလုံး အသုံးမကျတဲ့ သူတွေပဲ'

အိသဥ္စာက ဒေါ်ခင်နွဲ့ဝင်း အပြစ်တင်မှုကို မနေစိမ့်တော့ဘဲ...

'ဒီမှာ... မကြီး၊ မကြီးခိုင်းတဲ့ အတိုင်းလည်း သဥ္စာတို့ လုပ်ပေးရသေးတယ်၊ ဒီလိုမျိုးတော့ အပြစ်မတင်ပါနဲ့'

'ဟာ... နင်တို့ တစ်လွဲလုပ်တာကို ငါက ဒီအတိုင်းကြည့်နေရမှာလား၊ ငါမှာတဲ့ ဘောက်က ဒီဘောက်မဟုတ်ဘူး၊ ပစ္စည်းထားတဲ့ စတိုဆောင်ဆောက်မှာမို့ ပစ္စည်းတွေ ရွှေ့ပြောင်းရအောင် နေ့စားအလုပ်သမားတွေကို ပြောတာ၊ နင်တို့ကလည်း ဒုံးဝေးလိုက်တာ ဆောက်အလုပ်သမားတွေလေ၊ မြန်မာစကားက ရှင်းရှင်းလေးနဲ့ ရှုပ်နေတာ'

'ဟ... ဒါဆို မကြီးက နေ့စားအလုပ်သမားလို့ ပြောပါလား'

အိသဥ္စာက တစ်ခွန်းမခံ ပြန်ပြောတယ်။ တကယ်တော့ ဒေါ်ခင်နွဲ့ဝင်းက အိသဥ္စာကို သူမောင်နဲ့ တမင်ထည့်ပေးပြီး ခိုင်းတာကို အရေမရာ လုပ်ထည့်လိုက်ခြင်း ဖြစ်တယ်။ အိသဥ္စာနဲ့ သွားရမယ်ဆိုတာနဲ့ ဘာမှသေသေချာချာ မသိဘဲ မြန်ထူနေသော ရန်ပိုင်စိုး အပြစ်တွေလည်း ပါတယ်။ အိသဥ္စာတော့ ဒီတစ်ခေါက် ရေရေလည်လည် အခွဲခံလိုက်ရတာပေါ့။ စိတ်ထဲမှာ မကျေမချမ်း ကိစ္စတွေနဲ့ ဗလုံးဗထွေး ဖြစ်နေတာမို့ ရင်ထဲရှိတာတွေကို ထုတ်ဖော်ဟစ်ကြွေးမိတော့တယ်။

'ဒီမှာ အစ်မကြီး၊ အိသဥ္စာဆိုတဲ့ ကောင်မလေးက မှတ်ထိုးရင် ပြန်ငြိတတ်တဲ့ ကောင်မလေး၊ အခု ကိစ္စက အိသဥ္စာကို

www.burmeseclassic.com



*ဖုတ္တိုလ်ရေး အငြိုးနဲ့ ဒုံတွယ်တာပ်၊ မှတ်ထားပါ အိသဉ္ဇာဟာ မေတ္တာ*
တရား အစစ်အမှန်တွေနဲ့ တန်ပြန်သက်ရောက်အောင် လုပ်ပြမယ်'

'အံမာ… ငါ့ကိုများ ပြန်ခံပက်နေသေး နင် ငါ့ကို ဘာမှတ်နေလဲ၊ ခင်နွဲ့ဝင်း အကြောင်းကို အရင်စုံစမ်းကြည့်လိုက်ဦး'

ဒေါ်ခင်နွဲ့ဝင်းက ဒေါ်နဲ့မောနဲ့ ပြန်ရန်တွေ့တယ်။

'ဒီမှာ အစ်မကြီးအကြောင်းကို တကူးတက လိုက်စုံစမ်းနေရဦးမှာလား၊ အိသဉ္ဇာရဲ့ ပညာရပ်တွေနဲ့ အစ်မကြီးကို ရှုမ်းပြန်သွားအောင် မွှေနှောက်ပလိုက်လို့ ရတယ်၊ ဒါပေမဲ့ သဉ္ဇာ မလုပ်ပါဘူး၊ အစ်မကြီးမှာ အတွင်းခံသာ မပါရင်တော့'

'ဘာ'

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

'အဲဒီလိုနဲ့ပဲ ပြဿနာတွေ စီကာပတ်ကုံး တရုန်းရုန်း တက်ခဲ့တာပေါ့'

တင်တင်ဝင်းက သက်ပြင်းလေးလေး မှုတ်ထုတ်ရင်း ပြောတယ်။ အိသဉ္ဇာက စိတ်ထဲရှိတဲ့အတိုင်း ပြောတာမို့ ဒေါသသံတွေ စွက်နေရဲ့။

'နင် ခုမှ ထောင့်စေ့သိမ်းကျုံး လုံးပတ်လည်ခံရတော့တာပဲ၊ နင် နှိပ်ကွပ်ဖို့ အတွေးမသန်းဘူးလား'

'ဘယ်နေမလဲဟာ ဒီမှာကြည့် သူတို့ဓာတ်ပုံတွေ'

အိသဉ္ဇာက ဓာတ်ပုံတွေ ထုတ်ပြတော့ တင်တင်ဝင်းနှင့် ခိုင်မဉ္ဇူ ရင်ထဲထိတ်ခနဲ ဖြစ်သွားတယ်။ ဓာတ်ပုံတွေကို ကြိုက်သလို စီရင်ပြီး လုပ်ပိုင်ခွင့်ရှိတာ အိသဉ္ဇာရဲ့ မူပိုင်ပဲလေ။ အခု နာကျည်းချက်လို ဖြုန်းခနဲ ပေါ်ပေါက်လာတဲ့ အိသဉ္ဇာရဲ့ စိတ်ကို တင်တင်ဝင်းတို့ ဂဃနဏ လိုက်မမှီတာ မတတ်နိုင်ပေ။

'သဉ္ဇာ… သူငယ်ချင်း အရမ်းကြီးတွေ လျှောက်မလုပ်နဲ့နော်'

'နင်တို့ လုပ်ခိုင်းတောင် ငါ မလုပ်ဘူး၊ ဒီဓာတ်ပုံတွေကို ဆော့ကစားမှာပါ ငါပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



အိသဥ္စာက သူတစ်ခါက မွေးနေ့လက်ဆောင် ရထားသော ဖုံတီးနေတဲ့ မျောက်ရုပ်လေးကို ထုတ်လာတယ်။ သံပတ်ပေးရင် ဗုံတီးတတ်တဲ့ မျောက်ရုပ်ကလေး။ အိသဥ္စာက အပျိုကြီး ခေါင်းပုံကို ဗုံလေးပေါ် တင်ထားလိုက်ကာ သံပတ်ပေးလိုက်တော့ အရုပ်ကလေး က ဗုံတိုတီးပါရော။

'အပျိုကြီး မကြာခင် ထုထောင်းခံရတော့မယ်၊ သဘော ပေါက်'

တင်တင်ဝင်းနဲ့ခိုင်မဥ္စူက ရယ်ချင်စိတ်ကို ကြိတ်မှိတ်မျို သိပ်ထား ပြုံးတုန့်တုန့်ခမ်းခဲ့လိုက်တယ်။ အိသဥ္စာက မြင်ဖြစ်အောင် မြင်သွားပြီး…

'ကောင်မတွေ ငါ့ကို မယုံသလိုနဲ့ တွန့်မနေနဲ့'

'နင့် ပညာကို ငါတို့ တဝါးဝါးတဟားဟား ဖြစ်အောင် စောင့်ကြည့်ချင်တယ်၊ ဒါနဲ့ ရန်ပိုင်စိုးကိုရော ဘယ်လိုစီရင်မလဲ'

'ဒီကောင့်ကိုတော့ တစစနဲ့ အမှည့်ချွေပစ်မယ်'

'လေ့ပ်ပါနဲ့ဟာ သူ့နံရိုးတွေ တစ်စစီပြုတ်ထွက်ပြီး ခွေးလေ ခွေးလွင့်တွေ အတွက် ဆာတေးပါတီ ဖြစ်သွားဦးမယ်'

အိသဥ္စာက ခိုင်မဥ္စူ စကားကို သဘောကျပြီး ရယ်မောလိုက် တယ်။

'နံရိုးတွေတော့ ပြုတ်ထွက်မသွားလောက်ပါဘူး၊ ထိုးကိုင်းတွေ လေပါလို့ ကန်ထွက်သလောက်ပဲ လုပ်မှာပါ၊ ဟင်းဟင်း'

'နင်က ဘယ်လိုလုပ်မှာလဲ'

'ရန်ပိုင်စိုး ခေါင်းပုံကို မီးပူဖိထားမယ်လေ'

'ဟာ… အဲဒီလောက်ထိ မလုပ်နဲ့လေ၊ ဖြည်းဖြည်းလေးနဲ့ ဝထုတ်တဲ့နည်းတွေ ရှိပါတယ်၊ ငါ အကြံပေးမယ် ရန်ပိုင်စိုးက

www.burmeseclassic.com

www.burmeseclassic.com



အသန့်အပြန့်ကြိုက်တာမို့ သူ့ခြတ်ပုံကို အမှိုက်ပုံးအောက် ထားထား ရင်ရော’

‘ဟာ… ဒါ မဆိုးဘူး ပေါ့ပေါ့လေးနဲ့ ရိုက်တာပဲ’

အိသဉ္ဇာက တင်တင်ဝင်း အကြံကို သဘောကျသွားပုံရ တယ်။ အိသဉ္ဇာရဲ့ သက်ရောက်မှုကို ဖန်တီးတဲ့ ဖြစ်ရပ်တွေမှာ ယုံ ကြည်မှုနဲ့ အစွန်းရောက်သွားရင် သိပ်မကောင်းဘူး။ ဝဋ်သဘောအရ တစ်ချိန်ချိန်မှာ ပြန်ခံရရင် မလှပဘူး။ ဒါပေမဲ့ အိသဉ္ဇာလည်း အရမ်း တဖွတ်ထိုး မိုက်ရူးရဲဆန်သော ကောင်မလေး မဟုတ်။

❖ ❖ ❖

ကြောင်သောနေရာမှာ Level 1, 2, 3 ပေးမယ်ဆိုလျှင် ရန်ပိုင်စိုးသည် ၄င်းအဆင့်တွေကိုပင် ကျော်ဖြတ်၍ ဖိုင်နယ်သို့ တိုက်ရိုက်သေရောက်သွားချေမည်။ ဗိုလ်အောင်ဒင်လည်း မမြဝင်းကို ကြောင်ပိုးပိုးတာပဲ။ မင်းနန္ဒာလည်း ရှင်မွေ့နွမ်းကို ကြောင်ပိုးပိုးတာပဲ။ ဒါပေမဲ့ အိုဗာအက်ရှင်နှင့် လိုရာမကျယ်မထွင်ကြပေ။ ခေတ်မှီသော ယောက်ျားလေးတိုင်းသည် မိန်းကလေးအများစုအား ကြောင်ကွက်နှင့် တစ်ကောက်ချက်စ် ချင်ကြသည်မှာ မထူးဆန်း။ ဖွန်ကြောင်အမူအရာ တွေနဲ့ မှန်မယောင်ထူလာရင်တော့ ပုဇွန်တောင်ဘူတာမှာ ငုံးဥပြုတ် ရောင်းခိုင်း ရပေတော့မယ်။ ရန်ပိုင်စိုးသည် အိသဉ္ဇာကို ဘောလုံးကစား သလို ကြောင်သူ။ ကွင်းလယ်ကနေ လိမ်ခေါက်ပြီးလည်း ကြောင် သလို ထောင့်ကန်ထောင့်ဖြတ် သယ်ယူလာသည်အထိ ကြောင်တယ်။

အိသဉ္ဇာကတော့ အချိန်နှင့်အမျှ ပတ်ကြောင်နေသော ရန်ပိုင်စိုးကို ဆုံးမည့်အချိန်ကို တာဝက ဗျိုင်းချောင်းသလို ချောင်း နေတော့တယ်။ အခွင့်အခါက မသင့်သေး၊ တိုက်ခိုက်ဖို့လည်း မရှိ

www.burmeseclassic.com



သေသေချာချာ ရန်ပိုင်စိုး ဟာကွက်ကို ရှာမတွေ့သေးပေ။ တိတိကျကျ ထုတ်ပြဖို့ကလည်း သူမက မိန်းကလေးဆိုတော့ ချင့်ချိန်နေရတာတွေက များလှတယ်။

အိသဉ္ဇာ ရုံသွားရုံးပြန်မှာ ဖောက်တဲ့ကို စုပါဝလူးနဲ့ ကပ်ထားသလို ထပ်ကြပ်မကွာ ကပ်နေရဲ့။ အခုလည်း ရုံးဆင်းချိန် မှတ်တိုင်မှာ ရန်ပိုင်စိုးနဲ့ အိသဉ္ဇာ ရှိနေတယ်။ ရန်ပိုင်စိုးက အိသဉ္ဇာ သဘောကျမယ့် ကိုရီးယားဇာတ်လမ်းတွဲတွေကို စာအံသကဲ့သို့ ရွတ်ပြောနေတယ်။ အိသဉ္ဇာ နားညီးနေတာတော့အမှန်။ ပြန်မပြောသာ၍ ငြိမ်နေပေမဲ့ ရန်ပိုင်စိုးကို ဒုက္ခပေးနိုင်မယ့် အနေအထားကို ရွေးဇယားလုပ်နေတယ်။

'ရန်ပိုင်စိုး… နင်ပြောတဲ့ ကိုရီးယားကားတွေ ငါတစ်ခုမှ စိတ်မဝင်စားဘူး၊ တစ်ခါလာလည်း သွေးကင်ဆာဖြစ်တာ တစ်ခါလာလည်း မယ်မယ်ကြီး ကျန်းမာရေးချုချာတာနဲ့ ဒါတွေပဲ လာနေတာ'

'အဲဒါ ဇာတ်လမ်းရဲ့ အဓိကသော့ချက်တွေပေါ့'

ရန်ပိုင်စိုးက ခေါင်းကုတ်နေရဲ့။ ဘာစကားဆက်ပြောရမလဲ မသိတော့။ ထိုစဉ် ကားတစ်စီး ဆိုက်လာတယ်။ အိသဉ္ဇာက ရှေ့ပေါက်က အမြန်တက်လာတယ်။ ကျန်တဲ့ခရီးသည်တွေက ရှေ့ပေါက်ကို စုပြုတက်ကြရာ ရန်ပိုင်စိုးကလည်း နောက်ပေါက်မှ ဖျတ်ခနဲ တက်လာတာပေါ့။ အလယ်ကောင်မှာ သွားဆုံမယ့်သဘော တွေးပေမဲ့ အလယ်ကောင်မှာ မိန်းမဝဝကြီးတစ်ဦး ခြားသွားတယ်။ ကားကလူ ချက်ချင်း ပြည့်သွားတယ်။ ရန်ပိုင်စိုးက မိန်းမဝဝကြီးကို အလယ်မှာထားပြီး အိသဉ္ဇာကို စကားလှမ်းပြောတယ်။

'သဉ္ဇာ… တန်းကို မိမိရရကိုင်ထား'

စကားမရှိစကားရှာ ပြောသဖြင့် အိသဉ္ဇာလည်း မသိချင်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဆောင်နေရဲ့။ မိန်းမဝဝကြီးက ရန်ပိုင်စိုးကို စွေ့ခနဲ တစ်ချက်ကြည့်တယ်။ တောဝက်ကြီးတစ်ကောင်က ခွေးပိန်လေးကို ပက်ခါနီးကြည့်သလိုမျိုး။ ကားကမြေပြင်နဲ့ မထိဘဲ မောင်းနေသလား ထင်ရတယ်။ ဝိုးခနဲ ဝေါခနဲပဲ။ ရန်ပိုင်စိုးက အိသည္ဘာ နားကပ်ချင်သော်လည်း မိန်းမဝဝကြီးက ကွယ်နေသဖြင့် မကပ်နိုင်။

'ဟာ… ဒေါ်နီ ဘယ်က ပြန်လာလဲ'

ရန်ပိုင်စိုး တစ်ဘက်ဘေးက မိန်းမကြီးတစ်ဦးက မိန်းမဝဝကြီးကို လှမ်းမေးတယ်။ အသိတွေ ကားပေါ်မှာ လာတိုးတဲ့ပုံပဲ။

'ငွေသွားထုတ်ပြီး ပြန်လာတာလေ၊ သား ငွေပို့လိုက်လို့'

'အခု သားက ဘယ်ရောက်နေလဲ၊ မတွေ့တာတောင် ကြာပြီနော်'

'သားက အခု စလုံးမှာလေ အဆင်ပြေပါတယ်'

ကြွားလုံးတွေနဲ့ စကားဦးသန်းချေတာမို့ ရှေ့ဆက်ဝင်လာမှာ ထလည်း ကြွားလုံးတွေပဲ ဖြစ်နိုင်ပါတယ်။ ရန်ပိုင်စိုး နားကြားပြင်း ကပ်သွားတယ်။

'ကျွန်မ သားက အခု ကုမ္ပဏီထောင်ထားတယ်'

'ဖဲပိုင်းထောင်တာ ခုနှစ်ရက်စလုံး ခင်ဗျားဦးလေးကလည်း လွန်ပါရောဗျာ'

ရန်ပိုင်စိုး နောက်ဘက်က ယောက်ျားကြီးတစ်ဦးရဲ့ အသံထွက်လာတယ်။ သူတို့လည်း ဟိုမိန်းမကြီးတွေကဲ့သို့ စကားပြောနေခြင်း ဖြစ်တယ်။ မိန်းမကြီးနှစ်ဦးက နောက်သို့ ရှုတင်းတင်းနဲ့ လှည့်ကြည့်ကြတာပေါ့။ သူတို့ကိုပြောခြင်း မဟုတ်ပေမဲ့ စကားက ဆက်စပ်သလို ဖြစ်သွားတယ်။

'အေးဗျာ… ကျုပ် ဦးလေးက ဖဲဂျိုးကြီးဗျ၊ ဒုလာချဲ့ လောက်အောင် ရိုက်တာဗျာ'

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဝဝကြီးနှင့် ပြောနေသော မိန်းမက သူ့စကားကို ပြန်ဆက်တယ်။

'သားကတော့ အခု ဆရာဝန်မလေးတစ်ဦးနဲ့ အိမ်ထောင်ပြုကာမယ်'

'ဟာ… ကောင်းတာပေါ့၊ A ကိုက်ရင် အနီးကပ်ပြုစုပေးမယ့်သူ ရှာစရာမလိုတော့ဘူး'

တစ်ဘက်နောက်ကျောက အသံသြသြကြီး ထွက်ပေါ်လာပြန်တယ်။ သူတို့လည်း သူတို့ဘာသာ ပြောနေကြသော်လည်း စကားတွေက ဖောင်းပွကုန်ရဲ့။

'အေးဗျာ… ဒီကောင့်သားက ငပွေငရှုပ်ဗျ၊ မလွယ်ပါဘူး'

'ရှင်တို့ ယောကျ်ားတွေဖြစ်ပြီး စကားကို စောင်းမပြောနဲ့နော်'

မိန်းမဝဝကြီးက အရင်ထတွတ်ပါရော။

'ဟာ… ခင်ဗျားတို့က ဘာလဲ၊ ကျုပ်တို့ဘာသာ စကားပြောနေတာ နေရင်းထိုင်ရင်း ပြဿနာလာရှာနေပါလား'

လူကြီးတစ်ယောက်က တစ်ခွန်းမခံ ပြန်ပြောတယ်။

'ရှင်တို့နော် မရိုင်းစိုင်းနဲ့'

'ခင်ဗျားတို့ကသာ အရှက်မရှိ ကက်ကက်လန်နေတာ'

ယောကျ်ားကြီးကလည်း နှုတ်သီးကောင်းလှပါး ပြန်ရန်တွေ့တယ်။ ရန့်ပိုင်စိုးက ကြားထဲကနေ ရှန်းမထွက်နိုင်ဘဲ ကန့်လန့်ညပ်နေရဲ့။ သူလည်း အတင်းတိုးထွက်ရန့်ပြင်စဉ် မထင်မှတ်တာ တစ်ခုနှင့် သွားကြုံတယ်။ မိန်းမဝဝကြီးက သူ့ခန္ဓာကိုယ်ကြီးနဲ့ တစ်ဘက်လှည့်ပြီး ဟိုလူကြီးတွေကို ရန်တွေ့တာ အနေအထွတ်သော ရန့်ပိုင်စိုး ဒူးခေါင်းကို သူ့ဒူးတုတ်တုတ်ကြီးနဲ့ ခွပ်နဲ့ တိုက်မိတယ်။ ဒူးပိန်လေး ရန့်ပိုင်စိုးမှာ ဒူးခေါက်ချက် ပြုတ်ထွက်သွားမတတ်

www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရတာယ်။ အောင့်အီးဝေဒနာကို မျိုသိပ်ကာ ပဲလှော်ကြားဆား ညှပ်စေဖို့ အသာရှောင်ထွက်ခဲ့ရပေါ့။

အိဿရာက ရန်ပိုင်စိုးကိုကြည့်ပြီး ပြုံးစေ့စေ့ လုပ်နေတယ်။ ရန်ပိုင်စိုးမှာ မခံစားနိုင်တော့ဘဲ ရှုံ့မဲ့နေရဲ့။

'ကောင်းတယ်… ငပိန်ကောင်၊ ဒူးဆစ်ကြီးပါ ပြုတ်ထွက်သွားရင်ပိုကောင်းမယ်၊ ဒါမှ နောက်နေ့တွင် ငါ့နောက်ကို မလိုက်နိုင်မှာ… ဟိ'

အိဿရာ ဆင်းမည့်မှတ်တိုင်ရောက်တော့ ရန်ပိုင်စိုးက နောက်ခုလိုက်လာသေးတယ်။ ဒူးခေါင်းနာနေသောကြောင့် ခြေလှမ်းကျဲကျဲ မလှမ်းနိုင်။

'သဉ္ဇာ… ခဏနေပါဦး၊ ကိုယ်လိုက်ပို့ပါရစေ'

'ရှင် မမှတ်သေးဘူးလား၊ သွား… ပြန်တော့'

အိဿရာက အတင်းနှင်ထုတ်တယ်။ ရန်ပိုင်စိုးမှာ ခြေထောက်ကို ဆန့်ကာဆန့်ကာနဲ့ ဒူးနာပျောက်အောင် လုပ်နေရတာပေါ့။ တော်တော်လေးကို ကမူးရှူးထိုးကြောင်တဲ့ အကောင်။ အိဿရာက မြန်မြန်လျှောက်တော့ ရန်ပိုင်စိုး လိုက်မမှီ။ အမှိုက်ပုံတစ်ခုရှားမှာ ရန်ပိုင်စိုး ဟပ်ထိုးလဲပါလေရော။ အမှိုက်ပုံထဲလဲကျတာမို့ ညစ်ပတ်သေတျာကုန်ရဲ့။ အိဿရာက လဲသံကြား၍ နောက်သို့ လှည့်အကြည့်…

'သဉ္ဇာ… နောက်မှာ… နောက်မှာ'

ရန်ပိုင်စိုးက တစ်စုံတစ်ခုတွေ့သွား၍ အလန့်တကြား ထအော်တယ်။ အိဿရာလည်း ရုတ်တရက် နောက်လှည့်ကြည့်ရာ ဂီယာထိုးပြီး နောက်ဆုတ်လာသော အမှိုက်ကားကြီးကို တွေ့လိုက်ရသည်။ အိဿရာ အချိန်မှီ ခုန်ရှောင်လိုက်သော်လည်း အမှိုက်အချို့ ဝေါခနဲ အိဿရာအပေါ်ကျလာတယ်။ အိဿရာကို အမှိုက်တွေနဲ့ ဖတ်ပုံတ်သလို ဖြစ်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သွားပါပြီ'

အိသဥ္စာနဲ့ ရန်ပိုင်စိုးတို့နှစ်ယောက် အမှိုက်များနဲ့ လူဖြစ်သွားကြတော့တယ်။

❖ ❖ ❖

သူများမကောင်းကြံ့ ဘေးဒဏ်ထိ ကိုယ်သာခံရ၏ စကားအတိုင်းဆို အိသဥ္စာ ညစ်ပတ်တဲ့စိတ် သေးသေးလေးထားမိသောကြောင့် ဒီတစ်ကြိမ်မှာ မွှန်ထူနေအောင် ခံလိုက်ရတယ်။ ကိုယ်တိုက်ဆယ်ပြာတစ်တုံး တစ်ဝက်ခန့် ချောသွားတယ်။ သူ့ခေတ်ပုံ သက်ရောက်မှုက သူကိုတောင်မရှောင် ပြန်ထိနေပါလား။ ရန်ပိုင်စိုးကို မုန်းတဲ့စိတ်လေး သွားထားမိတာနဲ့ ကိုယ်ပါရောယောင် ခံလိုက်ရတယ်။

တိုက်ဆိုင်မှုလို့ပဲ ဆိုရမလား။ အိသဥ္စာတစ်ယောက် နောက်နှစ်ရက်ကြာ ကျောအောင့်နေ၍ ရုံးမတက်နိုင်။ အပျိုကြီးခေတ်ပုံကိုမျောက်ကလေး ဖုံတီးတဲ့အရုပ်မှာ ပင်ထားတာလေ။ အပျိုကြီးကခုထိ ဘာမှမဖြစ်ဘဲ သူမသာ ခံရပါလား။ ဒီခေတ်ပုံသက်ရောက်မှုကြီးက သူမကိုပါ ဒဏ်ခတ်စေသလော။ တွေးမဆုံးပေါင် တွေးလုံးတစ်ထောင် ဖြစ်ချေပြီ။

ရန်ပိုင်စိုးကြောင့်လည်း အိသဥ္စာ လွန်တကာ အလွန်ဆုံးစိတ်တွေညစ်ရပြီ။ သူငယ်ချင်းတွေကို ရွှေပုဇွန်မှာ ရေခဲမုန့်ကျွေးကာ ပိုကောင်းသော အစီအစဉ်များကို တွေ့ဆုံဆွေးနွေးကြသည်။ သူငယ်ချင်းနှစ်ယောက်လည်း သစ်လွင်သော ဉာဏ်နီဉာဏ်နက်များ ထပ်မံမထုတ်နှုတ်နိုင်တော့။

'ရန်ပိုင်စိုးဟာ လူတစ်ယောက်မှာရှိတဲ့ ပုံမှန်စိတ်ထေးတိတ်ထားမရှိဘူး၊ နင့်ကိုချစ်တဲ့ စိတ်တွေက သူ့ဦးနှောက် တစ်ဝက်လောက်နေရာယူထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



တင်တင်ဝင်းက တွေးတောတွက်ဆ၍ သုံးသပ်ပြတယ်။

'နင်တို့ကလည်း တိုင်ပင်ပါတယ်ဆို ဒီကောင်နဲ့ ပတ်သက်တဲ့ အကြောင်းပဲ ပြောနေကြတယ်၊ တစ်ခါတလေကျတော့ ရန်ပိုင်စိုးက စိတ်ရင်းလေး ကောင်းရှာပါတယ်၊ ဒါပေမဲ့ဟာ တစ်ခါတလေကျတော့လည်း ငါမကြိုက်မှန်း သိသိလျက်နဲ့ တဇွတ်ထိုးတွေ လုပ်တတ်တာ ဆိုးတယ်'

'ဘာပဲပြောပြောဟာ ရန်ပိုင်စိုးကို ပလိန်းကြီး ဥပေက္ခာတော့ မပြုလိုက်နဲ့၊ နင့်စိတ်ကြောင့် သူဂယောက်ဂယက်တွေ ဖြစ်ကုန်ပါ့မယ်'

ခိုင်မဥ္ဇူက ရင်ဘတ်လေးဖိရင်း စိုးရိမ်စွာပြောတယ်။

ထိုအချိန်မှာ ရွှေပုစွန်ထဲသို့ လူသုံးယောက် ဝင်လာသည်။ တစ်ယောက်က ရက်ပ်ပါအဝတ်အစား ကိုးရိုကားယားနဲ့။ နောက်နှစ်ယောက်က ကုတ်အင်္ကျီအနက်တွေနဲ့ မျက်မှန်နက်တွေနဲ့ ကျောက်ရုပ်တွေလို။ အိသဥ္စာကို့ အလှမ်းမကမ်းဝိုင်းမှာ ထိုင်နေကြတယ်။ ကြည့်ရတာ အဲဒီရက်ပ်ပါကောင်က ကိုယ်ရံတော်တွေနဲ့ တစ်ခုခုလာစားသောက်ခြင်းဖြစ်မယ်။ ရက်ပ်ပါက သိပ်နာမည်မရသေးသောသူမို့ အိသဥ္စာတို့ မသိပေ။

'ဟဲ့… ဟဲ့… သဥ္စာ… အဲဒီရက်ပ်ပါကို သေချာကြည့်စမ်း'

'အေးဟဲ့… ပါးစပ်နည်းနည်း ပြဲသလားလို့'

'အဲဒါကိုပြောတာ မဟုတ်ဘူး၊ ဒီကောင်ပုံစံကို မျက်စိထဲမှာ ရင်းရင်းနှီးနှီး တွေ့ဖူးသလိုပဲ၊ တကယ့်ရင်းရင်းနှီးနှီးနော်'

တင်တင်ဝင်းက လှမ်းကြည့်ရင်း သဥ္စာတို့နှစ်ဦးကိုပါပြ၍ ပြောတယ်။ ရက်ပ်ပါက သူ့မျက်မှန်ကို ဆွဲချွတ်လိုက်တယ်။ အိသဥ္စာနှင့်ခိုင်မဥ္ဇူက လည်ပင်းများရှေ့ဆန့်၍ မျက်လုံးလေးများ ပြူးထွက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ခွေးနီ'

ခွေးနီဆိုသည်က ရက်ပ်ပါကောင်လေးရဲ့ ကျောင်းခေါ်နာမည် မဟုတ်။ မိဘပေးနာမည် မဟုတ်။ နောက်ပြောင်ကျီစယ်၍ ပေးထားသော နာမည်ပြောင်။ ကျောင်းသားဘဝတုန်းက မတွေ့ဆုံဖြစ်ဘဲ ကွဲကွာသွားသော ငယ်သူငယ်ချင်း တစ်ယောက်သည် မထင်မှတ်ဘဲ တိုက်တိုက်ဆိုင်ဆိုင် ရက်ပ်ပါလာဖြစ်နေ၏။

'သွားနှုတ်ဆက်ရမလား၊ ခွေးနီက ဘာမှန်းမသိဘူး'

'လာပါဟာ… သွားခေါ်ကြမယ်၊ ခွေးနီ ငါတို့ကို မှတ်မိမှာပါ'

'ခွေးနီအစစ်ရော ဟုတ်ရဲ့လား'

ခိုင်မချုက မသိမသာ တစ်ချက်လှမ်းကြည့်လိုက်ရင်း…

'အစစ်ပါဟာ… ဒီရုပ်ကို ဓာတ်တူသားချိုသွားရင်တောင် မှတ်မိသေးတယ်၊ ခွေးနီမှ ခွေးနီ၊ လာပါ… သွားခေါ်ကြမယ်၊ မှားတော့လည်း ရက်ပ်ပါကို လာနှုတ်ဆက်တဲ့ သဘော… ဘာမှမဖြစ်ပါဘူး'

သုံးယောက်သား ရက်ပ်ပါတို့ ထိုင်နေတဲ့ဝိုင်းကို ထွက်သွားကြတယ်။ မထင်မှတ်ဘဲ သုံးယောက်စလုံး သံပြိုင်ထွက်သွားတာက…

'ဟဲလို… ဝွတ္တလစ်ခွေးနီ'

ရက်ပ်ပါက ခေါင်းထောင်အကြည့် သူ့ဘေးမှ ဘော်ဒီဂတ်တွေက ကိုယ်ဟန်အနေအထားဖြင့် အန္တရာယ်ဖြစ်မှာစိုး၍ ကာကွယ်ထားကြတယ်။ ရက်ပ်ပါက မျက်လုံးလေးပြူး၍ အိသဥ္စာတို့ သုံးယောက်ကို ကြည့်လိုက်၏။

'ဟာ… အိသဥ္စာ… တင်တင်ဝင်း… ခိုင်မချု'

ခွေးနီက တပည့်နှစ်ဦးကို လက်ကာပြလိုက်ရ နှစ်ယောက်စလုံး ပြန်ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ခွေးနီ၊ နင့်ပုံစံက အရမ်းလန်းတယ်ဟာ၊ နင်နဲ့ ငါတို့နဲ့ (၁၀)တန်းကတည်းက ကွဲသွားတာ၊ အခု နင့်ပုံစံတွေ ပြောင်းလဲနေပါလား'

အိသဥ္စာက အားရပါးရပြောတယ်။

'ဟား ဟား… နင်တို့နဲ့တွေ့ရတာ ဝမ်းသာတယ်ဟာ၊ ထိုင်ကြဦးဟေ့၊ ငါအခု နင်တို့ခေါ်တဲ့ ခွေးနီ မဟုတ်တော့ဘူး၊ ဟစ်ဟော့အဆိုတော် ဂိမ်းလေးဖြစ်နေပြီ'

'နင့်ကိုလည်း အခွေတွေထဲမှာ မတွေ့သေးပါဘူးဟာ'

ခိုင်မဥ္စုက သီချင်းကြိုက်သူပီပီပြောတယ်။

'ဘယ်တွေ့ဦးမလဲ၊ ငါက ခုမှ အခွေစထုတ်ဖို့ စီစဉ်ထားတုန်း ရှိသေးတာ၊ ကျောင်းတုန်းက သူငယ်ချင်းတွေလည်း မတွေ့ဖြစ်တော့ဘူးနော်'

ဂိမ်းလေး(ခေါ်) ခွေးနီက တမ်းတမ်းတတ ပြောတယ်။

'နင်မသိလို့ အခု အိသဥ္စာနဲ့ လင်းဝေယံက သမီးရည်းစားတွေ ဖြစ်နေပြီဟ၊ ဒီကောင်လည်း နိုင်ငံခြားမှာ'

'ဟုတ်လား ဝမ်းသာပါတယ်၊ ငါလည်း ခုမှ အနုပညာလောကထဲကို ဝင်မှာဟ'

'ပရိုဂျူဆာတွေ့ထားပြီလား'

'တွေ့ပြီးပြီ၊ သိပ်မကြာခင် အခွေထွက်တော့မယ်'

'နင်ကလည်း အခွေတောင် မထွက်ရသေးဘူး၊ ဘော်ဒီဂတ်တွေ ဘာတွေနဲ့'

အိသဥ္စာက ကိုယ်ရံတော် နှစ်ဦးကိုကြည့်၍ ပြောတယ်။

'ဘာရယ်တော့ မဟုတ်ဘူး၊ လူရှိန်အောင် လုပ်ထားတာ'

'နင် အခု သူဌေးဖြစ်နေပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးဟာ၊ အခု ငါ့ကောင်မလေး အဖေက တေးသံသွင်းဆိုင်ရှင်လေ'

'ဟာ… စိုင်ကော်လို့ တိုက်ပေါ်ရောက်ပြီပေါ့'

'ချုံပေါ်လုပ်ပါဟာ၊ စကားပုံတွေ ပျက်ပါတယ်… သဗ္ဗာရဲ့'

'ဟဲ့… ဘာသိလို့လဲ၊ စည်ပင်က ပတ်ဝန်းကျင် စိမ်းလန်းဖို့အတွက် ချုံတွေကို ရှင်းနေကြပြီတဲ့'

အရေးထဲ အတိုင်လေး အဖောက်လေးနဲ့ နောက်နေကြတယ်။

'နင် ကျောင်းတုန်းက မေသူခိုင်ကို သတိမရတော့ဘူးလား'

'မေသူခိုင်လား… မှတ်တောင်မှတ်မိမှာ မဟုတ်တော့ဘူး'

'နင်တို့ ယောက်ျားလေးတွေဟာလေ၊ ပြောတော့မူး လူးတော့ခိုင်ဆိုသလိုပဲ၊ အပြောင်းအလဲကို သိပ်မြန်တယ်။ အခု မေသူခိုင်က အင်ဂျင်နီယာတစ်ယောက်နဲ့ စေ့စပ်ကြောင်းလမ်းသွားပြီ'

'ဆရာဝန်ပါဟာ နင်ကလည်းတလွဲ'

တင်တင်ဝင်းက မှားပြောသော ခိုင်မဇ္ဈူကို ပြစ်တင်သည်။

'ဘာပဲဖြစ်ဖြစ်ဟာ အကိုင်အတွယ် သပ်ရပ်ပိရိဖို့က အင်ဂျင်နီယာရော ဆရာဝန်မှာပါ ရှိသင့်တဲ့ အရည်အချင်းပဲ၊ တော်သေးတာပေါ့၊ မေသူခိုင် နင်နဲ့ရရင်တော့ ဟာမိုနီလိုက်ပေးရမလား၊ ဒန်ဆာအဖွဲ့မှာပဲ ပါရမလား၊ တစ်ခုခုတော့ ကျိန်းသေပဲ'

ဂိမ်းလေး(ခေါ်)ခွေးနီက သဘောကျ၍ ရယ်မောတယ်။

'ဟဲ့… အတော်ပဲ နောက်တစ်ပတ် စနေနေ့ မျှော်စင်ကျွန်းမှာ ငါတို့ ရက်ပ်ပါတွေစုပြီး ပွဲလုပ်မလို့၊ အဲဒါ နင်တို့လာအားပေးဟာ ဝင်ကြေးဖရီးပဲ'

'မျက်စိနောက်ဦးမယ်၊ ဘယ်အချိန်လဲ'

အိသဇ္ဇာက အတည်ပေါက်နဲ့ နောက်တယ်။ ဂိမ်းလေးက…

www.burmeseclassic.com

www.burmeseclassic.com



'ပိုစတာကြော်ငြာတွေ အမှတ်တရ လက်ဆောင်ယူသွားကြ'

ဂိမ်းလေးရဲ့ တပည့်တွေက ပိုစတာစာရွက်တွေ အိသဉ္ဇာတို့ကို ပေးတယ်။ အိသဉ္ဇာမှာ ဓာတ်ပုံတွေကို သိပ်မကိုင်ရဲသော်လည်း ဂိမ်းလေး သိမှာစိုး၍ ယူလိုက်ရသည်။ ဂိမ်းလေးက သုံးယောက်စလုံးကို ဆက်ဆက်လာဖို့ မှာကြားတာပေါ့။ အိသဉ္ဇာက ဂိမ်းလေး(ခ) ခွေးနီကို တွေ့တော့ မဆီမဆိုင် လင်းဝေယံကိုပါ သတိရနေသေး။ အရင်က ခွေးနီနှင့်လင်းဝေယံက တပူးပူးတတွဲတွဲကိုး။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

အိသဥ္စာကို သက်သက်မဲ့ ဒုက္ခပေးမှာက ဟစ်ဟော့ဂိမ်းလေး (ခေါ်)ချေးနီရဲ့ ကြော်ငြာပိုစတာကြီး။ သူအပါအဝင် အခြားဟစ်ဟော့ အဆိုတော်တွေရဲ့ ဓာတ်ပုံတွေ အစီအရီပါတယ်။ အဆိုတော်သစ်ကလေးတွေပါ။ အဖွဲ့လိုက် အစုလိုက်လေးတွေ စုဆုံပြီး ရှိုးပွဲလုပ်ကြတာ။ ခေတ်ဂီတ ရေစီးကြောင်းကို ကိုယ့်လောင်းလှေနဲ့ကိုယ် အလိုက်သင့် စီးမျောနေကြတာ။ ဝါသနာတူရာ တူရာလေးတွေစုလာရင်း ကိုယ်လုပ်ချင်တဲ့ အရာလေးကို အားလုံးတိုင်ပင်ပြီး လက်တည့်စမ်းလိုက်ကြတာပဲ။ အဲဒီထဲမှာ အောင်မြင်တဲ့သူက အောင်မြင်ပေါ့။ အောင်မြင်သွားတဲ့အခါ ကိုယ့်ဘော်ဒါတွေကို ပြန်လှည့်ကြည့်ကြပေါ့။ အချို့ကျတော့လည်း ကိုယ်ထင်ပေါ်သွားရင် အရင်ကဝါသနာတူ အိပ်မက်တူ ဘော်ဒါတွေကို မသိချင်ယောင်ဆောင်နေကြတယ်။ ဘဝင်မြင့်သွားတာပေါ့လေ။ အရင်ဒုက္ခတွေကို မှုဝေခံစားရင်ဆိုင်ကျော်ဖြတ်ပြီး သုခဘက်ရောက်လာမှ ခွဲထွက်လာကြတဲ့သူတွေ လုပ်နေးတွေ အများကြီးရှိပါတယ်။

ဘာပဲပြောပြော ချေးနီရဲ့ နာမည်ဂုဏ်သတင်းကို စောင့်ကြည့်ရမယ်။ အိသဥ္စာ ပြန်တွေးကြည့်ရင်လည်း ကျောင်းသားဘဝတုန်းက အရမ်းပျော်စရာ ကောင်းခဲ့တယ်။ ဘာနဲ့မှမလဲနိုင်တဲ့ ပျော်ရွှင်မှုတစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးပါ။ သန်းကြွယ်သူဌေးဖြစ်နေရင်တော့ မိမိအတိတ်ဘဝကို ပြန်ဝယ်လို့ မရဘူး။ ပြင်သစ်ကြွက်စားဖိုမှူးကားလေးကို လေ့လာသင့်တယ်။ ဝေဖန်ရေးဆရာကြီးက စားဖိုမှူးကောင်လေးချက်တဲ့ ဟင်းတွေကို အပြတ်အသတ်ဝေဖန်ဖို့ တာစူနေတာလေ။ သူငယ်စဉ် ကလေးဘဝက မိဘတွေနဲ့အတူ လယ်လုပ်ရင်းစားခဲ့တဲ့ အရသာတစ်မျိုးကို ပြန်ရတော့ သူ့အတွေးက ချက်ချင်းပဲ ငယ်ဘဝထဲ ပြန်ဝင်စားသွားတယ်။ ဝေဖန်ဖို့ရေးမယ့် ဘောပင်လ်လေးတောင် လွှတ်ကျသွားတယ်။ ဘယ်လောက် အတွေးပါသလဲ။

အိသဥ္စာ ဆက်တွေးမိတာက ခွေးနီနဲ့မေသူခိုင် အကြောင်းလေး။ မေသူခိုင်က အိသဥ္စာတို့ အုပ်စုထဲက မဟုတ်။

မေသူခိုင်က တံဆိပ်ခေါင်းလေးတွေစုတာ ဝါသနာပါတယ်။ ခွေးနီနဲ့ ရင်းနှီးတော့ သူ့ဝါသနာကို မပြောပြသေးဘူး။ ခွေးနီက သူ့ကိုချစ်ခွင့်ပန် ပရိုပိုစ့်လုပ်တော့ မေသူခိုင်က သူ့မွေးနေ့မှာ တံဆိပ်ခေါင်းတစ်ရာ လိုချင်တယ်လို့ မတင်မကျနဲ့ ပြောထားတယ်။ ခွေးနီမှာ ပျော်လွန်းလို့ ဘယ်သူနဲ့မှ မတိုင်ပင်ဘဲ အခြားသူငယ်ချင်းတွေရှေ့မှာ မေသူခိုင် မွေးနေ့ပွဲလုပ်တော့ ကျေးဇူးရှင်က စာတိုက်ကဝယ်လာတဲ့ တံဆိပ်ခေါင်းတစ်ရာကို ပါကင်ထုတ်ပြီး ဘတ်ဒေးပရဲဆင့်ပေးတယ်။ မေသူခိုင်က ဝမ်းသာအားရနဲ့ ဖွင့်ကြည့်တော့ သူလိုချင်သော ရှားပါး တံဆိပ်ခေါင်းတွေ မဟုတ်လို့ ရှက်သွားပြီး ခွေးနီကို ပြဿနာရှာတာပေါ့။ ဒါနဲ့ပဲ ခွေးနီအချစ်ဟာ ပွဲမစခင်ကတည်းက ခွာပြဲသွားတယ်။ မေသူခိုင်ကလည်း မပွင့်တပွင့်နဲ့စကားကို မတိမကျပြော၊ ခွေးနီကလည်း စကားကို နားကျပန်ကျ နားမထောင်၊ မေသူခိုင် သူ့ကို ချစ်လွန်းအားကြီးလို့ အလွယ်ဆုံးလက်ဆောင်ကို ရှာခိုင်းတာထင်၊ မေသူခိုင် တံဆိပ်ခေါင်း ဘယ်လိုတွေ စုနေသလဲဆိုတာ ဂဃနဏ

www.burmeseclassic.com

www.burmeseclassic.com



မသိ။ မအူမလည်နှင့် မပွင့်တပွင့်သွားဆုံတာ အဓိပ္ပာယ်တွေနဲ့ လားရာတွေ ဖွတ်ချော်ကုန်ပါရော။ သူငယ်ချင်းတွေ ကြားထဲမှာတော့ ခွေးနီဟာ ပြောစမှတ်တွင်ကျန်ခဲ့တာပေါ့။

အိသဇ္ဈာ ပိုစတာကို သူ့အိပ်ခန်းနံရံမှာ ကပ်ထားဖို့ အခင်းသင့်ပြင်နေရင်း ခွေးနီအကြောင်း ပြန်ပြောင်းစဉ်းစားမိတယ်။

'ခွေးနီ… နင် ခုတော့ ဂိမ်းလေးတောင် ဖြစ်နေပါပေါ့လား'

'သမီး… ဒါ ဘာပုံကြီးလဲ'

ဒေါ်ကျင်လင်းက အိသဇ္ဈာနောက်မှ တိတ်တဆိတ် ဝင်လာပြီး ပိုစတာကြည့်နေသော အိသဇ္ဈာဆိုက ပိုစတာကို ဖျတ်ခနဲ လုလိုက်ရာ အိသဇ္ဈာကလည်း ကိုင်ထားတဲ့ အရှိန်ကြောင့် ပိုစတာမှာ အလယ်ခေါင်မှ နှစ်ခြမ်းကွဲသွားတယ်။

'ဗြဲ'

'ဟာ… သွားပါပြီ အိုမားရယ်'

'အံမာ… သဇ္ဈာ ဒီပိုစတာလေးတစ်ခုနဲ့ အဖြစ်သည်းနေလိုက်တာ'

'အဖြစ်သည်းတာ မဟုတ်ဘူး၊ သမီးအကြောင်း သမီးသိတယ်'

အိသဇ္ဈာက ပြုံးစွာ ပြောတယ်။ သူပြောတာလည်း ဟုတ်ပေသားပင်။

'ဒီလို ကိုးရိုကားယားကောင်တွေက ကလေးတွေပြောတဲ့ ပါဝါရိမ်းဂျားလား'

'ဟာ… အမေကလည်း ဒါ ခုခေတ်စားနေတဲ့ ဟစ်ဟော့အဆိုတော်တွေ သူတို့ပွဲကို သမီးတို့ သွားကြည့်မလို့'

အိသဇ္ဈာက အခွင့်အရေးရတုန်း တစ်ပြိုင်နက် နှိုးတောင်းထားတယ်။

www.burmeseclassic.com



'အမလေး… သွားမကြည့်ရပါဘူး၊ လူအုပ်ထဲမှာ ခြေချစရာ နေရာမရှိဘဲနဲ့ နောက်ပြီး လူတွေကဖောက်သောက်'

'အမေရဲ့ တင်တင်ဝင်းတို့ ခိုင်မဥ္ဇူတို့လည်း ပါပါတယ်'

'မသွားရဘူး ဘယ့်နှယ် ကိုယ့်အတွက် အကျိုးရှိမယ့် နေရာတွေပဲ သွားစမ်းပါ၊ ကွန်ပျူတာသင်တန်း တက်ဆိုတော့လည်း ဆင်ခြေဆက်လက်နဲ့ နောက်ပြီး ညီးက မိန်းကလေး၊ ဘာမှတ်နေလဲ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်နေလား'

'အမေကလည်း ဒီအဖွဲ့ထဲက တစ်ယောက်က သမီးရဲ့ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး အားနာစရာကောင်းအောင် မလုပ်ပါနဲ့'

အိသဥ္ဇာက မရမက ပူဆာနေတယ်။ ဒေါ်ကျင်လင်း ကလည်း တစ်ဦးတည်းသော သမီးလေးအကြောင်းကို အူမချေးခါး သိထားသဖြင့် တစ်ချက်လွှတ် အာဏာဖြင့် တစ်ခွန်းတည်း ပြောလိုက်တယ်။

'မသွားရဘူး… အိသဥ္ဇာ'

အိသဥ္ဇာ ပါးစပ်ပိတ်သွားတယ်။ နှစ်ပိုင်းပြဲနေသော ပုံလေးကို ကြည့်ပြီး နှမျောတသ ဖြစ်မိတယ်။ ဟိုကောင်မ နှစ်ယောက်ကလည်း သူမသွားဖြစ်ရင် သွားမှာမဟုတ်ဘူး။ မေတ္တာလက်ဆောင် ပွဲကြည့် လက်မှတ်တွေကလည်း တင်တင်ဝင်းဆီ ရောက်နေပြီ။ သွားချင်စိတ် ကို မျိုသိပ်ကာထားပြီး ဟိုနှစ်ကောင်ကို မသွားဖြစ်အောင် ကြပ်မှ ဖြစ်မယ်။

အဲဒီနေ့က အိသဥ္ဇာတို့ သူငယ်ချင်းတွေ ဘယ်သူမှ ဆေးခင် ကျွန်းကို မသွားဖြစ်လိုက်။ တင်တင်ဝင်းက ပွဲကြည့်လက်မှတ်တွေ ကို သူတူလေးတွေကို ပေးလိုက်တယ်။ အိသဥ္ဇာ စိတ်ထဲက သွား

www.burmeseclassic.com

www.burmeseclassic.com



ချင်ပေမဲ့ အဲဒီနေ့မှာ သူမကို အိမ်ပေါက အိမ်ပြင်တောင် မထွက်နိုင်။ အိသဉ္ဇာလည်း တစ်နေ့လုံး အလိုမကျ ဖြစ်နေတော့တယ်။ အဖေဖြစ်သူ ဦးလွင်သိန်းက တရားလာချတယ်။ အိသဉ္ဇာ နေမကောင်း ဖြစ်ချင် ဟေ ာင်ဆောင်ပြီး စောင်ခေါင်းမြီးခြုံနေတယ်။ ဦးလွင်သိန်းတို့ကလည်း ပြုံးစိစိနဲ့ အိသဉ္ဇာ စိတ်ဆိုးတာကို ပြေအောင် ထပ်၍ပိုင်းစနေကြ တယ်။

'ကလင်… ကလင်… ကလင်'

အိသဉ္ဇာက နှုတ်ခမ်းလေးစူပြီး ဖုန်းကောက်ကိုင်လိုက်တယ်။

'ဟဲလို… အဓိန့်ရှိပါ'

'ဟာ… သဉ္ဇာလား၊ ငါပါ တင်တင်ဝင်းပါ'

'ပြော… သူငယ်ချင်း ခုမှ ညကြီးအချိန်မတော်'

'ငါတို့ ရှိုးပွဲသွားမကြည့်တာ ကောင်းတယ်၊ ဟိုမှာ ပြဿနာ နည်းနည်းတက်သွားတယ်၊ ဂိမ်းလေးခွေးနီတို့နဲ့ တစ်ဘက်က ဟစ် ဟော့အဖွဲ့ ငြိပြီး ရော့တွေဖြစ်တာ ပွဲလည်း တော်တော်ဆူသွားတယ်'

'ဟုတ်လား… ငါထင်တယ်၊ ပိုစတာကြီး ယူလာကတည်း က နိမိတ်သိပ်မကောင်းဘူး ထင်နေတာ၊ အခု မှန်သွားပြီ'

'ဟဲ့… ဟဲ့… နင့် ပိုစတာကြီးကို ဘာလုပ်လိုက်လဲ'

အိသဉ္ဇာက သူ့အမေဆွဲလုလို့ ပိုစတာနှစ်ခြမ်းပြဲသွားတာ ပြောပြတယ်။ တင်တင်ဝင်းက ဖုန်းထဲမှာ တခစ်ခစ်ရယ်ရင်း…

'ကောင်မ… ပိုစတာ နင်လုပ်လို့ နှစ်ခြမ်းပြဲသွားတာ အခု ခွေးနီတို့ ဟိုဘက် ဒီဘက် အချင်းချင်းတွေလည်း နှစ်ဖွဲ့ကွဲကုန်ကြပြီ၊ တော်သေးတာပေါ့၊ ပိုစတာသာ အစိတ်စိတ် အမြွာမြွာဖြစ်သွားရင် ဓူး… မလွယ်ဘူးနော်'

'အေးဟာ… အဲဒီလိုပဲ ပြောရတော့မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ခွေးနီ ဆိုတာလေးတောင် မကြည့်လိုက်ရဘူး'

တင်တင်ဝင်းက အားခဲထားသမျှလေး လျှော့ပါးသွားသော လေသံနဲ့ ပြောတယ်။

'နောက်ပွဲတွေ ရှိပါသေးတယ်၊ ခွေးနီ တစ်ကိုယ်တော် အခွေ ထုတ်ဖို့ရှိတာပဲ၊ အဲဒီ ပရိုးမိုးရှင်းပွဲကျမှ ငါတို့ သွားတာပေါ့ဟာ'

'အေး… အေး… ဒါပဲ'

အိသဥ္ဇာ ဖုန်းချတော့ ဦးလွင်သိန်းနှင့်ဒေါ်ကျင်လင်းက သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေတယ်။ ဦးလွင်သိန်းက အတည်ပေါက် ဖြင့်…

'သမီး… သမီးအသံနဲ့ အခွေထုတ်မလား'

'မထုတ်ဘူး'

'သီချင်းခွေပြောတာ မဟုတ်ဘူးနော်… အူမကြီး'

မိဘနှစ်ပါးက ရှုံ့မဲ့သွားသော သမီးလေးကိုကြည့်ပြီး အားရ ပါးရ ရယ်မောလိုက်တယ်။

❖ ❖ ❖

'လူတစ်ဦးရဲ့ ဘုန်းကံကို ရာခိုင်နှုန်း တော်တော်များများအထိ သေသေချာချာ တွက်လို့ရတယ်'

'ဟုတ်တယ်… မမြင်ရတဲ့ ကံကြမ္မာကို ဘေးလူအနေနဲ့ ခန့်မှန်းလို့မရဘူး'

ခိုင်မဥ္ဇူ အဆိုတင်သွင်းစကားကို တင်တင်ဝင်းက စမူဆာ တစ်ခြမ်း ပါးစောင်ထဲငုံရင်း ထောက်ခံသလိုသဘောနဲ့ ပလုပ်ပ လောင်းဆိုတယ်။

'ဒါဆို သူငယ်ချင်းတို့ ကျွန်တော်မျိုးမ ဘာဆက်ပြောရမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အမေရိကန်က အာဖဂန်ကို ဝင်တိုက်တုန်းက စစ်ရေးအရ လေယာဉ်ပေါ်ကနေ ဗုံးတွေပဲကြဲတာ မဟုတ်ဘူး'

'ရေခွက်တွေရော ရေပိုက်တွေရော တပါတည်းချပေးတာလား၊ ဘုံဘိုင်မှာ တန်းစီနေရတာကို မကြည့်ရက်လို့နေမယ်'

အိသဉ္ဇာက ရယ်ကျဲကျဲနဲ့ အရွှန်းဖောက်တယ်။

'အဲဒီတုန်းက ဂျီးဖြူစနစ် မပေါ်သေးလို့ပါ'

တင်တင်ဝင်းက တခွိခွိရယ်ပြီး ဝင်ပြောတယ်။ ခိုင်မဉ္ဇူက သူမ ဥပမာပေးခဲ့သော တိမ်းစောင်းသွားသဖြင့် ခုသွားတာပေါ့။

'နင်တို့ကလည်းဟာ ငါပြောတာ ဂိတ်ဆုံးနားထောင်ပါဦး။ အာဖဂန်ကို ဗုံးချတာကသပ်သပ်၊ ပြီးတော့ လေယာဉ်တွေက အာဖဂန်ပြည်သူတွေကို ဆော်တာမှ မဟုတ်ဘဲ၊ အကြမ်းဖက်ဝါဒကို နှိပ်ကွပ်တာပဲ'

'နင့် ဥပမာရဲ့ အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းချက်'

အိသဉ္ဇာက အင်တာဗျူး မေးသူလေသံနဲ့ ပြောတယ်။

'ငါ ရှင်းမယ်၊ အခု အိသဉ္ဇာ Flow က ရန်ပိုင်စိုးကို ဗုံးကြဲချင်တာပဲ သိတယ်၊ နောက်ဆက်တွဲ ကိစ္စတွေကို ပြီးစလွယ် လျစ်လျူရှုထားတာ၊ ရန်ပိုင်စိုး ဖူးစာက နင့်ကို အသည်းအသန်ရရှိလိမ့်မယ်လို့ ပညတ်ချက်ပေးထားတာ၊ ဒါကို နင်က သက်ရောက်မှုတွေ တိုက်ဆိုင်မှုတွေ ထည့်မတွက်ဘဲ စားနပ်ရိက္ခာတွေကို ကြဲချပေးရမှာ၊ ဒီကောင် နင့်ဆီ သပ်သပ်ကလေး လျှို့ဝင်လာမှ ကိုယ်ဖြစ်ချင်တဲ့ ပုံစံကိုသွင်းလိုက်ရုံပေါ့၊ ဘိုကေလား၊ ဒွေးကေလား၊ အီမိုကေလား၊ ပန့်ကေလား ပြောမရရင် ကတုံးသာတုံးလိုက်တော့... ဟား... ဟား'

ခိုင်မဉ္ဇူက သူ့အကြံကို သူသဘောကျ၍ ရယ်မောတယ်။

'ငါ သဘောပေါက်ပြီ ခိုင်မဉ္ဇူ၊ ရန်ပိုင်စိုးကို ခရုဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ငါ ဖိဖိစီးစီး လုပ်ရမယ်၊ အဲဒီလိုလုပ်ရင် တိုက်ဆိုင်မှုတွေနဲ့ သက်ရောက်မှုတွေကို ရှောင်ကွင်းပြီး လုပ်ရမှာ ငါရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ လှည့်စားရမှာပေါ့'

'အဲဒါ အသင့်တော်ဆုံးပါပဲ… သူငယ်ချင်းရယ်'

တင်တင်ဝင်းက ရယ်ချင်စိတ်ကို သက်ပြင်းအဖြစ် လွှင့်ထုတ်၍ ပေါ့ပေါ့ပါးပါး ပြောတယ်။

'နောက်ပြီး တစ်ခုရှိသေးတယ်၊ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်၊ ရက်ပ်ပါနှစ်ကောင်ပေါင်းပြီး ပန့်သီချင်းတစ်ပုဒ် ကစ်လို့ရတယ်၊ နင် ရန်ပိုင်စိုး အားနည်းချက်ရှာပြီး နင်းနိုင်ရင် အပျိုကြီးကိုလည်း ဆက်စပ်ဗျင်းလို့ရတယ်။ ငါတို့တော့ နင့်ကို အကြံမပေးတော့ဘူးဟာ၊ နင် ဘာသာနင်သာ ကြံစည်ပြီး သူတို့ကို စိတ်ကစဉ့်ကလျားဖြစ်အောင် ဖြလုန့်ပေါ့ဟာ… ဟိ'

'ရန်ပိုင်စိုးကို ဖွဲ့ဖို့ ငါ့မှာ လွှရှိတယ်၊ အဲဒါက အခြားတော့ မဟုတ်ဘူး၊ ငါတို့ သိနေတဲ့ ပတ်ဝန်းကျင်ထဲက အသင့်လျော်ဆုံး ဝရိဂရမ်ပဲ'

တင်တင်ဝင်းက လက်ခလယ်က လက်စွပ်ကို ကြွားပြီး သက်ဖျောက်တီးလိုက်တယ်။

'ဘာလဲဟာ ပြောစမ်းပါဦး'

'ရန်ပိုင်စိုးကို နင် အင်္ဂလိပ်လိုပြောပြီး နှိပ်ကွပ်စရာမလိုဘူး၊ ဗမာလိုပြောပြီး ပါးရိုက်စရာမလိုဘူး၊ ကိုရီးယားလိုပြောပြီး တစ်ညလုံး အားမောင်းစရာ မလိုဘူး၊ တရုတ်လိုပြောပြီး အဆိပ်မိစရာ မလိုဘူး၊ အိန္ဒိယလိုပြောပြီး တိုင်ပတ်စရာ မလိုဘူး၊ ရုရှားလိုပြောပြီး ခိုက်ခိုက်တုန်အောင် ချမ်းစရာ မလိုဘူး၊ အီသီယိုပီးယားလိုပြောပြီး လေယာဉ်ပျံ စောင့်စရာ မလိုဘူး'

www.burmeseclassic.com

www.burmeseclassic.com



'နင်ကလည်းဟာ ရှည်လိုက်တာ မုဆိုးဖို အမဲပစ်ထွက်တာ ထူနေတာပဲ'

ခိုင်မချူက စိတ်မရှည်စွာဖြင့် ပြောတယ်။ တင်တင်ဝင်းက သူ့ အကြံအစည်ကို အိသဥ္ဇာအား ဝမ်းသာအားရ ပြောလေတယ်။

'ဟာ… တော်လိုက်တဲ့ သူငယ်ချင်း'

အိသဥ္ဇာက တင်တင်ဝင်းကို ဖက်လှဲတကင်း ချီးကျူးတယ်။ တင်တင်ဝင်းပြောသော အကြံက ထူးခြားမှု ဘာရှိသနည်း။ ရန်ပိုင်စိုး တိုက်စစ်ကို ပြန်ခုခံမဲ့ အိသဥ္ဇာရဲ့ ဗျူဟာက မထင်မှတ်သော ပရိယာယ်တစ်ခုပင်။

ရန်ပိုင်စိုး ခေါင်းရှုပ်လည်သြောင်း လျှာထွက်အကြောတက် ရင်တောင့် ဗိုက်အောင့် အူကလီစာတွေ လှန်းပြန်ထိုးနေမဲ့ အကြံအစည်တွေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

'ရန့်ပိုင်စိုး… နင် ငါ့ကို တကယ် သဘောကျလား'

အိသဉ္ဇာရဲ့ မထင်မှတ်သော စကားကြောင့် ရန့်ပိုင်စိုး တစ်ကိုယ်လုံး ကျင်စက်နှင့်တို့ခံရသလို ဖြစ်သွားရဲ့။

'တကယ်ပါ… အဟုတ်ပါ… ငါ နင့်ကို တကယ်ချစ်တာပါ၊ ဘယ်လောက်ထိ ချစ်သလဲဆိုရင်လေ…'

'တော်ပြီ… အရှည်အကျယ်တွေ မခင်းနဲ့၊ နင် ငါ့ကို တကယ်ချစ်ရင် ငါပြောတဲ့စကားအတိုင်း တသွေမတိမ်း လိုက်နာမှာလား'

'နာရုံတင် မကဘူး၊ လိုက်အိုလို့လည်းရသလို လိုက်သေလို့လည်း ရတယ်'

ရန့်ပိုင်စိုးက ဝမ်းသာလုံးဆို့ပြီး လည်ဇလုပ်အရိုးထောက်နေတဲ့ လေသံကြီးနဲ့။ အိသဉ္ဇာက သူ့ဂွင်ထဲ ဝင်လာအောင်ဆင်ချေပြီ။

'နင် ကာရန်ကို သိသလား'

'သိတာပေါ့ဟ မြန်မာစာမှာ သင်ရတယ်လေ၊ အဲဒီ ကာရန်တို့ နဘေတို့ဆိုတာ ကဗျာတွေ စာတွေထဲမှာ ပါတယ်လေ'

'ဒါဆို နင် ကာရန်သုံးပြီး စကားပြောတတ်လား'

'ဟာ… ဒါတော့ ချက်ချင်း ဘယ်ပြောတတ်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မပြောတတ်လို့ မရဘူး၊ နင့်ပညာကို ငါစမ်းသပ်မယ်၊ ငါ့ကို စကားပြောတိုင်း ကာရန်နဘောနှင့်သုံးပြီး အမြဲတမ်းပြောရမယ်၊ နင် မလုပ်နိုင်ရင် နင့်ကို ငါပေးတဲ့အမှတ်တွေ လျှော့သွားမှာပဲ၊ နင့်ကို ငါ ဝင်ပင်ပန်းပန်းတွေ မဟုတ်တာတွေ လျှောက်လုပ်ခိုင်းနေတာ မဟုတ်ဘူး၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ စဉ်းစားရမဲ့ ကိစ္စ လေးကို လုပ်ခိုင်းတာ'

အိသဥ္စာက လေသံမာမာလေးနဲ့ ပြောလိုက်ရာ ရန်ပိုင်စိုးက အိသဥ္စာ ညှိုညင်မှာကို ရင်ထဲထိတ်ထိတ်ပျာပျာ ဖြစ်သွားရဲ့။

'ဟာ… သဥ္စာ ရပါတယ်၊ အချိန်နည်းနည်းပေးပြီး လေကျင့် လိုက်ရင် ကာရန်ထည့် ပြောတတ်သွားမှာပါ၊ ငါ ကြိုးစားမယ်၊ စကားပြော သင်တန်းတစ်ခု တက်တာလောက် မခဲယဉ်းပါဘူး၊ ငါက နင့်ကို ကာရန်နဲ့ အမြဲတမ်းပြောရမှာလား'

'တွေ့တိုင်းဆုံတိုင်း နင်ပြောတဲ့ စကားပဲဖြစ်ဖြစ် ငါပြောတဲ့ စကားပဲဖြစ်ဖြစ် ကာရန်ကို နင်ထည့်ထည့်သုံးရမယ်၊ ငါ တစ်လ အချိန်ပေးမယ်၊ ပထမတစ်ပတ်အတွင်းမှာ နင် ကာရန်ကို နှစ်ဆင့်သုံး ရမယ်၊ ဥပမာဟာ အကြံကောင်းတဲ့ သံချောင်း စသဖြင့် နှစ်ဆင့်လေ၊ အဲဒါက Level 1 ပေါ့၊ Level 2 ကျတော့ ကာရန်ကို သုံးဆင့်သုံး လာရမယ်၊ ဥပမာ ဗီသညီမျှတဲ့ ဂီတသံကြားချင်တာမျိုး၊ လက်ဖက် ရည်အမှန် သောက်ရင်ဖြင့် ကျက်သရေအမှန် ရောက်ပါမယ်၊ ကြံ့ သလောက်ပြီးတဲ့ရည် ဆိုတာမျိုး၊ Level 2 အောင်ရင် Level 3 က ကာရန်လေးဆင့် ဖြစ်သွားပြီ၊ တပေါင်းတန်ခူးမှာ အကြောင်းမထူးရင် မြောင်းတူးပြီး ပြောင်းဖူးစိုက်တာတို့၊ ဒါဆို လေးဆင့် တစ်ဆင့်ပြီး တစ်ဆင့် နင် ကျော်ဖြတ်လာရမှာ၊ ဖိုင်နယ်အဆင့်ကျတော့ ကာရန်ကို ငါးဆင့်ခြောက်ဆင့်လောက် သုံးရတော့မယ်။ တစ်လအတွင်းမှာ နင့်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ တိုးတက်လာရင် ငါ နင့်ကို အဖြေဟဲဗီးကြီးပေးမယ်။ ဟုတ်ပလား။ နောက်ပြီး တစ်ခုရှိသေးတယ်။ ငါ ဘာပြောပြော နင် ကာရန်ထပ်ရမှာနော်'

အိသဥ္ဇာက စကားပြောရတာ မောသွားသဖြင့် သံပုရာရည် တစ်ခွက်ထပ်မှာတယ်။ ရန်ပိုင်စိုးက ပိန်ချုံးနေတဲ့ လဒကို လည်လိမ်ပြီး တူနဲ့ထုထားသလို။ ဒီလို အပြောမျိုးတွေက လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်နေတာကိုး။ အိသဥ္ဇာ ရက်စက်ပါပေ့။

'နင် ဘာမှမခဲယဉ်းပါဘူး၊ ရန်ပိုင်စိုးရာ၊ အငြိမ့်တွေက ပြက်လုံးတွေ များများကြည့်၊ စလေဦးပုညတို့ အချုပ်တန်းဆရာဖေတို့ရဲ့ ကဗျာတွေ စာတွေရှာဖတ်ပေါ့ဟာ၊ ပတ်ဝန်းကျင် ဗဟုသုတများရင် ပိုတောင်ကောင်းသေး၊ ငါတောင်ရသေး တံတားကြီးပေါ်က ကုလား ကြီးချော်ကျတော့ ငါးကြီးကြော်က တစ်ပွဲ၊ ဒါတွေပဲလေ'

အိသဥ္ဇာက ဟန်ပါပါနဲ့ ဟဲပြလိုက်သေး။

ရန်ပိုင်စိုးကတော့ သူကာရန်ကို ဘယ်လိုသင်ယူ ကျက်မှတ်ရမှာလဲ။ သင်တန်းလည်း မရှိ။ ဆရာလည်း မရှိ။ စာအုပ်လည်း ဖတ်ဖို့မရှိ။ ဒီကာရန်စကားပြောကြီးကို ထိထိမိမိ လေ့ကျင့်ဖို့က ကိုယ့်အားကိုယ်ကိုးဖို့သာ ရှိချေပေတော့သည်။ အိသဥ္ဇာရဲ့ ထောင်ချောက်တွင် တစ်ကောင်မှောက်ပြီး နောင်ကြောက်တော့ပေမည်။

❖ ❖ ❖

တနင်္လာနေ့ ရုံးတက်ချိန်မှာ ကာရန်စကားကို စသုံးပြီး Level II အဆင့်ကိုဖွင့်ဖို့ အိသဥ္ဇာက ရန်ပိုင်စိုးကို ကြေငြာထားတယ်။ နှိပ်ကွပ် ချင်သူ အိသဥ္ဇာက ရန်ပိုင်စိုးထက် အရင်ဦးအောင် ကားဂိုထိကို အရောက်လာခဲ့တယ်။ ပြုံးတုံးပြုံးတဲ့နဲ့ ရန်ပိုင်စိုး ဝရုန်းသုန်းကား ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာမှာကို အိသဥ္စာက ကြိုမြင်နေတာပေါ့။ Level 1 အောင်ဖို့ သူလည်း တကူးတက ကြိုးစားနေမှာပဲ။ အိသဥ္စာက လယ်ဂျာစာအုပ်တွေကို စီသလိုလို ထပ်သလိုလိုနဲ့ ရန်ပိုင်စိုးအလာကို စောင့်နေတယ်။ ရန်ပိုင်စိုး ဘိုသီပတ်သီ မျက်ကလူးဆန်ပြာနဲ့ ရောက်ရှိလာချေပြီ။

'ဟာ… ရန်ပိုင်စိုး ခလုတ်တိုက်လဲနေဦးမယ်'

အိသဥ္စာက ခပ်ပါးပါးလေး ပစ်လိုက်တယ်။

'တရုတ်တစ်သိုက်ဝဲလို့ စောင့်ရတာမို့ ခလုတ်တိုက်လဲလို့ နောက်ကျတာကို အပြစ်မမြင်ပါနဲ့ ချစ်သခင်ရယ်'

(၁၉)လမ်းထဲက ဖြတ်လာတာကို အိသဥ္စာ သိနေတာမို့ ရန်ပိုင်စိုး သုံးတဲ့ကာရန်ကို အတွန့်တက်စရာ အကွက်မတွေ့ပေ။ ဒါပေမဲ့ အိသဥ္စာ ဆက်ပြောတာက…

'နှင့်ပုံစံက ကော့ကာန်လန်ကား ဖြစ်နေပါလား'

'အပျော့သန်လန်မသွားစေဖို့ ကော့ကာန်လန်ကား ဖြစ်တာတော့ ခွင့်လွှတ်ပေးပါ'

ရန်ပိုင်စိုးက လက်တန်းနှုတ်တိုက်ရွတ် ချေပလိုက်သည်။ သူ့ပုံစံက ကာရန်ကို မနည်းဖမ်းထိန်းပြီး လိုက်ဖမ်းနေသလို။

'နင် လယ်ဂျာတွေ သွင်းဖို့ ငါ စီထားတယ်'

'တမင်တကာ မပျင်းစေဖို့ အရင်လယ်ဂျာ သွင်းထားတာ သင့်တော်မယ်'

'ခေါ်ဘူး ကောင်းသားပဲ၊ လယ်ဇယ် (1)ရာခိုင်နှုန်းမှာ အမှတ် ရနိုင်တယ်'

'လယ်ဇယ် (1) ကို တကယ်မှန်းတယ် သဥ္စာ'

အိသဥ္စာ ငေါင်သွားငိုင်သွားတယ်။ ရန်ပိုင်စိုးက လယ်ဇယ်(1) ကို အပြတ်အသတ် အောင်တော့မလို ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဆိုင်ထိုင်ပိုးမဲ့ ရန်ပိုင်စိုး၊ အပြိုင်အဆိုင် မရှိးတာမို့ ဂုနိုင် ဂနိုင်သာ ဒိုးပေတော့'

အိသဥ္ဇာက ရယ်ပြီးပြောတော့ ရန်ပိုင်စိုး ကိုယ့်ကိုယ်ကို တော်တော် ဂုဏ်ယူသွားတယ်။ တင်တင်ဝင်းတို့ ပေးသော အကြံပေးချက်အရ ကာရန်စနစ်ကို တိတိကျကျကျင့်သုံးခဲ့တာ Level (1) မှာ ရန်ပိုင်စိုး မဲသာသလို ဖြစ်သွားချေရဲ့။ အိသဥ္ဇာ ခြေပစ်လက်ပစ် ကိုယ်လက်အင်္ဂါ အကုန်ပစ် စိတ်လေသွားတယ်။

ဒီလိုနဲ့ပဲ ရန်ပိုင်စိုးဟာ Level 2 ကို တစ်ဆင့်တက်လာကာ အိသဥ္ဇာရေ့ ကာရန်တွေ စီကာပတ်ကုံးနဲ့ အိတ်သွန်ဖာမှောက် ချပြပါလေရော။ ခက်ခဲပေမဲ့ ကဗျာတစ်ခုကို မဖြစ်ညစ်ကျယ် နိုင်းစေရာမှ လွှယ်လင့်တကူ ကျေညက်သွားတာတော့ လုံးလုံးလျားလျား မတတ်နိုင်။

'သဥ္ဇာ… မင်းနဲ့ငါ အခြေအေးစေဖို့ အနေမဝေးချင်ဘူး၊ ကြောခင် အဖြေပေးပါတော့ဟာ၊ ငါ့ဘဝဟာ အဖော်လွှင့်လျက်နဲ့ မျှော်လင့်ချက်တွေဟာ တော်သင့်လျက်ပဲ ရှိနေတယ်၊ မင်းနဲ့ငါ ချစ်သူတွေဖြစ်ရင် ပျော်ရွှင်မှတ်တမ်းနဲ့ တော်ဝင်ဓာတ်လမ်းလေးဖြစ်မှာ အတိမ်အနက်တွေ ဘယ်ညာမစောင်းချင်လို့ အိပ်မက်တွေလည်ကာ ယောင်းချင်ဘူးကွာ'

အိသဥ္ဇာ ကိုယ့်နဖူးကို ကိုယ်ရိုက်ပြီး နားထင်နှစ်ဖက်ကို ဖြိုင်ထုပစ်လိုက်ချင်ရဲ့။ ရန်ပိုင်စိုးလို ရူးသလို နှမ်းသလို သဏ္ဌာန်ရှိတဲ့ ကောင်က ဘာဖြစ်လို့ ဒီလောက်ထိ သွက်လက်ချက်ချာ နေရသတုန်း။ င်းမှာသစ္စာ လူမှာကတိဆိုတဲ့အတိုင်း သတ်မှတ်ကာလပြည့်လျှင် အိသဥ္ဇာက ရန်ပိုင်စိုးကို အသာတကြည် အဖြေပေးရတော့သည်။ ကာရန်ကို အထင်သေးလျှော့တွက်မိတာ အိသဥ္ဇာ အမှား

www.burmeseclassic.com

www.burmeseclassic.com



အခု ရန်ပိုင်စိုးကို စကားတောင် မပြောရဲ။ သူ့နှုတ်တိုက် ပြောနေသော ကာရန်တွေက အံဝင်ခွင်ကျတွေ ဖြစ်နေတာ။ Level 1 မှာတောင် ထိထိမိမိ သုံးနှုန်းနိုင်တာ နောက်ထပ် လယ်ဗယ်တွေမှာ ထူးချွန်မလားဆိုတာ မပြောတတ်။ ကတိပေးထားတာမို့ ဖျက်ဖို့က လည်း မလွယ်။ အိသဉ္ဇာမှာ လျှော့ရင်ရောင့်တက်၊ မြှောက်ရင် ဆောင့်တက် ဖြစ်တော့မယ်။ အခုလည်း Level 2 မှာ ရန်ပိုင်စိုး ကာရန်တွေကို ဒရဟော သုံးစွဲလာပြီ။

'ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့ အတိုင်းပဲ၊ မြောင်းတွေ တောင်ပိတ် ရေတွေကတိုးနဲ့ ဖိနပ်သဲကြိုးတောင် မခိုင်နိုင်တော့ပါ လား'

အိသဉ္ဇာက Level 2 အဆင့်တွင် ကာရန်စကားဆက်မလား စောက်ကြည့်တယ်။

'ဆရာလို အာချောင်ရင်တော့ အထာအသို နှာကြောင်လို့ ဝါဆိုဝါခေါင်မှာ သဉ္ဇာတင်ရှော့မယ်၊ အကောင်းစိတ်က မြောင်းပိတ် ရင်တော့ ချုပ်ဖယားရေးပြီး လုပ်အားပေးကာ အကြောင်းမျှော်ပြီး မြောင်းဖော်နိုင်းလိုက်မယ်'

'နင့်ကာရန်ကလည်း အိမ်သာရေလျှံတာနဲ့ ရေမွှေးဈေးတက် သလို ဖြစ်နေပြီ၊ ကပေါက်တိ ကပေါက်ချာနဲ့'

'သဉ္ဇာစိတ်ကြောင့် ရင်မှာထိတ်ပါတယ်၊ အမြင်မှာကြိတ် ရင်ခုန်သူမို့ အလွမ်းတေးနဲ့ အလှမ်းဝေးရမှာ ကြောက်လှပါတယ်။ ရောက်စတစ်ခါလည်းရင်တောင် အောက်ကအညှာ မလွယ်ပါဘူး'

'ဘယ်··· ဘယ်အောက်ကလဲ'

'ရောဝတီတိုင်းထဲက လူပါ၊ တစ်မျိုးမထင်ပါနဲ့'

ရန်ပိုင်စိုးက အထက်စီးလေသံနဲ့ ဖြေဖြေလျှော့လျှော့ နှုတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကာရန်တွေ အသုံးတတ်ပြီး အိသဇ္ဈာကို လိမ္မာတဲ့နည်းနဲ့ ကပ်ကြောင်သလို ဖြစ်နေပြီ။ ရန်သူကို အထင်သေးမိတာ မှားပါပေ့။ ရန်ပိုင်စိုးဟာ နဂိုကမှ ရူးကြောင်ကြောင်အကောင်။ ကာရန်စွက်ပြီး အချစ်ဒဿနတွေနဲ့ အိသဇ္ဈာကို ဝက်ခေါင်းထိုးစွတ်ဝင်နေတာ။ တားမရဆီးမရ ထိန်းချုပ်မရ ထုတ်ဆီးတိုးတမ်းကစားမရနဲ့ ရှာပတ်နေတယ်။

ရန်ပိုင်စိုးက အိသဇ္ဈာနဲ့တွေ့တိုင်း ကာရန်တွေထည်လဲသုံးပြီး တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ချစ်အဖြေတစ်ခုကို မဆိုင်းမတွ တောင်းခံနေသူ။ အိသဇ္ဈာ အဖြစ်မှာ ရှောင်ပြေးရင်း ခွဲဒိုးတိုးသွားသလို ထိပ်တိုက်ဆုံရင်လည်း သိပ်ကြိုက်ပုံမရဘဲ ဇဝေဇဝါကြောင်ပတ်နဲ့ ချောင်ကပ်နေတဲ့ ကောင်မလေးအဖြစ်။

အရင်က မြှောက်ပေးတဲ့ သူငယ်ချင်းနှစ်ယောက်နှင့် ထပ်မံတိုင်ပင်သော် သူတို့က ဒီပရိဂရမ်ရဲ့ ဇာတ်မြစ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ တိုက်တွန်းတယ်။ ရန်ပိုင်စိုး ခုလို ကာရန်တွေကို အလွယ်တကူ တတ်မြောက်လာမှ အိသဇ္ဈာက ရိုက်ချရန် ပြင်ဆင်ခိုင်းတယ်။

'ရန်ပိုင်စိုးဟာ အခု ကာရန်နဲ့လူ ဖြစ်သွားပြီ၊ အခု နင့်ဆီက အဖြေရမယ်ဆိုတဲ့ စိတ်နဲ့ သွားလည်းကာရန်၊ စားလည်းကာရန်၊ အိပ်ခါနီးလည်း ကာရန်၊ နောက်ဆုံး အိမ်သာဝင်ရင်တောင် ကာရန်တွေကိုပဲ ကြိမ်ဖန်များစွာ ထပ်တလဲလဲ စဉ်းစားနေတော့မှာ၊ နင့်ဘက်က လွှတ်မယ့်ဒိုင်ယာလော့တွေကို ကာရန်နဲ့ညှိဖို့ သူ့အပြင်းအထန်နင်းကန်လေ့ကျင့်နေပြီ'

တင်တင်ဝင်းက ယထာဘူတကျစွာ ချပြတယ်။

'တော်ကြာ ငါ... ငါသတ်မှတ်ထားတဲ့ ကာလကို သူရောက်

www.burmeseclassic.com



ရှိသွားရင် သူလိုချင်တဲ့ အဖြေကို ပေးရတော့မှာ၊ အဲဒီကျမှ ငြင်းရင် ငါ ရန်ပိုင်စိုးကို ညှင်းပန်းနှိပ်စက်ရာ ကျမှာပေါ့။ နောက်ပြီး သူ့ အစ်မကြီးကလည်း ငါ့ကို သူ့မောင်ပေးပြီး ဂွင်ထဲရောက်မှ ထောင်းချင် နေတာ၊ အဘွားကြီးက ခုရက်ပိုင်းအတွင်း ငါ့ကို ပျော့ပျော့ပြောင်း ပြောင်း လိုလိုလားလား ဆက်ဆံလာပြီ။ ဒါဟာ အပျော့ဆွဲသုံးပြီး ငါ့ကို သူ့မောင်နဲ့ အကြောင်းပါမှ အတိုးနဲ့အရင်းပေါင်းပြီး ငရုတ်သီး ထောင်းသလို လုပ်ပစ်မှာ'

အိသဉ္ဇာက စိတ်ညစ်စွာဖြင့် ခေါင်းတွေတဖြီးဖြီး ကုတ်မိရဲ့။

'နင်ကလည်းဟာ ပွဲကမပြီးသေးပါဘူး၊ ရန်ပိုင်စိုးတစ် ယောက် ကာရန်တွေစွဲပြီး မရှုနိုင်မကယ်နိုင် ဖြစ်မယ့်အချိန်ကို သည်း ခံပြီးစောင့်ပါဟာ၊ နောက်ဆို သူ့ ကာရန်ပိုးဟာ နင်တင်မကဘူး၊ အခြားလူတွေကိုပါ ကူးစက်ပျော်ဝင်သွားလိမ့်မယ်။ အဲဒီကျရင် သူ့ကို အခြားလူတွေက ကြောင်လို့ ပြောကြလိမ့်မယ်။ အိသဉ္ဇာ… နင် ကလည်း ဓာတ်သိမ်းခန်း မလာခင် အီလေးဆွဲနေတဲ့ ဓာတ်ဝင်ခန်းတွေ ကို အချိန်ပေးပြီး ကြည့်စမ်းပါဟ'

'အီလေးဆွဲပြီးမှ ဓာတ်သိမ်းပါ ချာတူးလန်သွားရင် ဘယ်လို လုပ်မလဲ'

အိသဉ္ဇာက စိတ်ပေါက်ပေါက်နဲ့ ပြောတယ်။ ခိုင်မဥ္ဇူက ဥာဏ်ရှိလို မေးစေကလေးပွတ်ပြီး တွေးတောနေဟန်လုပ်တယ်။ တင်တင်ဝင်းကလည်း လက်ညှိုးလေးနဲ့ စားပွဲခုံကို တဒေါက်ဒေါက် လုပ်နေရဲ့။

'နင်တို့ပြောသလို ဖြစ်ရင်တော့ အတိုင်းထက်အလွန် ကောင်း တာပေါ့ဟာ၊ တော်ကြာ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ရင် ကိုယ်ရှူး ကိုယ်ပတ်မှာဟ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါမှမဟုတ်ရင်လည်း နင့် ခေတ်ပုံကျိန်စာကြီးနဲ့'

'တော်ပါတော့ဟာ အဲဒီလိုလုပ်မှ အပြစ်က ပိုကြီးသွားမယ်'

ထိုစဉ် အိသဉ္ဇာတို့ ထိုင်သောဝိုင်းသို့ လူတစ်ဦး ကမန်းကတန်း ရောက်လာတယ်။ တင်တင်ဝင်းက အဲဒီလူကို တွေ့တွေ့ချင်း သရဲတစ္ဆေဝတ္ထုတွေရေးသော စာရေးဆရာကို တွေ့လိုက်ရသလိုမျိုး ဖြစ်သွားရဲ့။ (သရဲတစ္ဆေတွေ့တာထက် သူတို့ အရှိန်အဝါက ပိုကောက်တယ်လေ) ဘယ်သူရှိရမလဲ။ တင်တင်ဝင်းကို ကြိုက်နေသော မြင့်ဆေဆိုတဲ့ ကမ္ဘာပတ်ချင်သောကောင်။ တစ်ခါ အိသဉ္ဇာတောင် ခေတ်ပုံတွေနဲ့ ဖောရျောလုပ်လိုက်တဲ့သူလေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

'ဝမ်းသာလိုက်တာ အိသဥ္စာရယ်၊ ဟိုတစ်ခါ ကူညီ ကဲ့ ဆွေမျိုးကို ပြန်ဆပ်မလို့ ရှာနေတာ ကြာပါပြီ၊ ဒါနဲ့ မတင်တင်ဝင်း နေကောင်းတယ်နော်'

မြင့်ဝေက တင်တင်ဝင်းကို စိုက်ကြည့်ကာမေးတယ်။

'အာရောဂျံပရမ်လာဘ်နဲ့ သင့်တင့်လျှောက်ပတ်စွာ ရှိပါတယ်'

'ဩော်... ဆေးကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေပြီလား'

တင်တင်ဝင်း ကြောင်သွားတယ်။ မြင့်ဝေက တစ်ဘက်က အပြောနဲ့ သူ့အထင်နဲ့ ရေရေလည်လည်ကို လွဲနေတာ။ ခိုင်မဥ္စူက...

'ဟာ... ကိုမြင့်ဝေက ဘာတွေ ကျေးဇူးဆပ်ချင်လို့လဲ'

'ဟောဒီက ဗေဒင်ဆရာမလေး အိသဥ္စာပေါ့၊ သူ ငါ့ခုတ်ပုံတွေကို စီမံပေးတာ အခု ငါ့ရည်ရွယ်ချက်တွေ အောင်မြင်သွားပြီ'

'ဟာ... ဟုတ်လား၊ နေရာအနှံ့ကို သွားနိုင်တဲ့အလုပ်မျိုး ရနေပြီပေါ့၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ လေယာဉ်မှူးရတာ လား၊ ဒါမှ မဟုတ်အေသအနှံ့ ကုန်ပစ္စည်းတွေ ဖြန့်ချိနေတဲ့ အရောင်း ကိုယ်စားလှယ်ကြီး ဖြစ်နေတာလား၊ သင်္ဘောတက်ဖို့များ အခွင့်ရလို့

www.burmeseclassic.com

www.burmeseclassic.com



လား၊ ကျွန်မ သူငယ်ချင်းလို တကယ့်ပညာရှင်နဲ့တွေ့တာ ရှင် တကယ် ကံထူးတာပဲ'

'မင်းတို့ ပြောတာတွေ တစ်ခုမှမဟုတ်ဘူး'

ကိုမြင့်ဝေက မင်သေသေနဲ့ လက်ပိုက်လိုက်တယ်။ အိသန္တာတို့ သုံးယောက်စလုံးက သိချင်ဇောဖြင့် ခေါင်းကလေးတွေ ရှေ့သို့ ပြူထွက်လာကြရဲ့။

'ဒါ… ဒါဆို ကိုမြင့်ဝေက ဘာအလုပ်ရတာလဲ'

'တိုင်းရင်းသားကျေးရွာမှာ လုံခြုံရေးဝန်ထမ်း'

'ဟမ်း'

အိသန္တာတို့ သုံးယောက်စလုံး ပြိုင်တူလန့်သွားတယ်။ ဘာမှလဲ မဟုတ်ပါလား။ တဆက်တည်းမှာပင် ရယ်ချင်စိတ်တွေကို ချုပ်တည်းထားရတော့တာပေါ့။ ကိုမြင့်ဝေကတော့ သူကိုယ်သူ တော်တော် ဝုဏ်ယူနေသောပုံပင်။

'အင်းလေ… ဒါလည်း နေရာစုံ ရောက်သွားတဲ့ သဘောပေါ့၊ ကောင်းပါတယ်'

အိသန္တာက အသံလေးလျှော့ပြီး ရှုံ့မဲ့မဲ့ပြောတယ်။

'သေချာတာပေါ့၊ တော်တော် အဆင်ပြေသွားတယ်၊ အခုလည်း အိသန္တာတို့ကို မုန့်လာဝယ်ကျွေးတာ'

သုံးယောက်စလုံး အားနာစရာတွေ ဖြစ်သွား၍ သိပ်တော့ မစားချင်။ ဘာမှလည်း စကားပြန်မပြောရဲ။ တစ်ခုခုလွဲနေတာကို သိလျက်နဲ့ ပြန်လည်ဖြေရှင်းရှင် ကိုမြင့်ဝေလို လူအတွက် တသီတတန်းကြီး ဖြေရှင်းထုတ်ရမှာ။ အခု သူကျွေးမှာကိုလည်း ဘယ်လို ပုံစံနဲ့ စားရမှာလဲ။

'ရပါတယ် နေပါစေ မစားတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အမလေး… အားနာမနေနဲ့, အိသဥ္စာရဲ့ကျေးဇူး အများကြီး ရှိတယ်'

အိသဥ္စာမှာ ကျေးဇူးဆိုတဲ့ အသုံးအနှုန်းကြီးကြောင့် ဘာပြန် ပြောရမှန်း မသိအောင် စိတ်လေသွားရဲ့။ တင်တင်ဝင်းကို လှမ်း ကြည့်တော့ သူမလည်းပဲ အလွန်မှမသက်မသာ ဖြစ်နေသော မျက်နှာ လေးလေးနဲ့။ ကိုမြင့်ဝေကတော့ စားပွဲထိုးလေးကို လှမ်းခေါ်လေတယ်။ သုံးယောက်စလုံး အားနာပါးနာနှင့် ဆီချက်တစ်ပွဲစီလောက်တော့ စားသင့်သည်ဟု တွေးထားကြလေ၏။

'ရှင်… ကျွန်မနောက်ကို လိုက်မလာနဲ့'

ရုတ်တရက် အော်လိုက်သော အသံကြောင့် အိသဥ္စာတို့ပါ လန့်သွားကြတယ်။ မျက်စောင်းထိုးပိုင်းက စုံတွဲတစ်တွဲ ရန်ထဖြစ် ကြခြင်းပင်။ အားလုံးစိတ်ဝင်စားစွာဖြင့် စပ်စုစွာဖြင့် လှမ်းကြည့်မိ ကြတယ်။

'မင်း… အထင်လွဲနေပြီ ဥမ္မာ၊ ငါ ရှင်းပြတာနားထောင်ဦး'

'ဘာမှ နားထောင်စရာ မလိုဘူး၊ ရှင်ဟာ အိုင်တွေ့တိုင်း ခြေဆေးချင်တဲ့ ယောကျ်ားပဲ၊ ကျွန်မ ပထမတော့ မယုံဘူး၊ အခု ကျွန်မ မျက်လုံးနဲ့တပ်အပ်ကိုတွေ့တာ'

'အဲဒါ ငါနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့သူငယ်ချင်းရဲ့ ရည်းစားပါလို့ ပြောပြီးသားပဲ၊ မင်းက အတင်းစွပ်စွဲနေတာ'

ကောင်လေးဖြစ်သူကလည်း မတ်တတ်ထ၍ ရှင်းပြတယ်။

'တော်ပြီ ဘာမှမပြောနဲ့တော့ ရှင်နဲ့ကျွန်မနဲ့ ဒီအချိန်ကစပြီး ဓာတ်လမ်းပြတ်ပြီ၊ လမ်းခွဲတာအကောင်းဆုံးပဲ'

'မင်းကွာ… မင်း တော်တော်သဘောထား သေးသိမ်တဲ့ မိန်းမပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်··· ရှင်··· ကျွန်မကို အဲဒီလို မပြောနဲ့၊ ရှင့်ကောင်မ ထိတော့ ရှင်နာတယ်၊ ရှင်နဲ့ကျွန်မကြားမှာ ဘာသံယောဇဉ်မှ မရှိတော့ဘူး'

'မင်းလို မိန်းမမျိုးနဲ့ စောစောစီးစီးပြတ်တာ ငါ့အတွက် ပိုကောင်းတယ်၊ လောကမှာ မိန်းမ မရှားပါဘူး၊ မင်း အရင်ကောင်နဲ့ တိုးလို့တွဲလောင်း ဖြစ်နေသေးတာ ငါ ဘာမှမပြောဘူး'

'ဘတ်စ်ကား တွယ်စီးတာကို ပြောတာလား မသိဘူး'

'မဖြစ်နိုင်ဘူး နှာရည်ကျတာထင်တယ်'

အရေးထဲ ခိုင်မဥ္ဇူနှင့်တင်တင်ဝင်းက စကားအကျအနကို ဝေဖန်နေသေးတယ်။

'နင်တို့ကလည်းဟာ အကြင်နာတွေ မပြီးပြတ်သေးတာလို့ အဓိပ္ပာယ်ဖွင့်ပါဟ'

သမီးရည်းစားအတွဲက သူတစ်ခွန်း ငါတစ်ခွန်းနဲ့ မီးစာမြှင့်နေပြီ။

'ရှင်··· ဘာမှပြောစရာ မလိုဘူး၊ ကျွန်မ ရှင့်ထက်သာတဲ့ ကောင်ကို ရှာတွဲပြမယ်'

'လျှာကိုတွဲလောင်းချပြရင် ပြောင်သလိုဖြစ်နေမှာ'

တင်တင်ဝင်းက ရှာနှင့်လျှာကို မကွဲပြားဘဲ ထင်မိထင်ရာ ဝေဖန်သေး။

'ဟင်းဟင်း··· ကောင်းပြီ၊ ရှင်နဲ့ကျွန်မရဲ့ အချစ်တွေ အဆုံးသတ်ခဲ့ပြီ၊ ဘာမှပတ်သက်စရာကို မလိုဘူး'

ကောင်မလေးက သူ့ပိုက်ဆံအိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်လိုက်တယ်။

'ဓားထုတ်ပြီးထိုးရင် ဒုက္ခ၊ ငါတို့က မျက်မြင်သက်သေ လိုက်နေရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



အိသဉ္ဇာက စိုးရိမ်စွာ ပြောတယ်။ ထုတ်လိုက်တာက 'ခ' အောက်ချိုက်တော့ 'ခ' အောက်ချိုက်ပဲ။ ဒါပေမဲ့ ဓားမဟုတ်။ ခတ်ပုံတစ်ပုံ။ ကျောင်းမလေးက တစ်ခါတည်း ခတ်ပုံကို မြင်သာအောင် တစ်စချင်းစီ ဆွဲဖြဲလိုက်တယ်။ ခတ်ပုံလေးမှာ တစ်စစီ အစိတ်စိတ် အမြွှာမြွှာဖြစ်သွားရဲ့။

'ဟင်း… ပလပ်စတစ်လောင်းထားရင် ဒီလို အလွယ်တကူ ဖြဲလို့ရမှာ မဟုတ်ဘူး'

တင်တင်ဝင်းက မသက်သာစွာ တွေးတယ်။ ကောင်လေးက ခတ်ပုံအပိုင်းအစတွေကို တစ်ချက်စွေကြည့်ပြီး…

'ကောင်းတာပေါ့ကွာ… ခံစားစရာကို မလိုတော့ဘူးပေါ့'

ကောင်မလေးက တောက်တစ်ချက်ခေါက်ပြီး လှည့်ထွက်သွားတယ်။ ကောင်လေးကလည်း ခဏတော့ ငြိမ်သွားပေမဲ့ သတိပြန်ဝင်လာကာ ဒေါ်ဘိုကို တစ်ချက်ကြည့်ပြီး ကျသင့်ငွေကိုရှင်းကာ ထွက်သွားတယ်။ ခတ်ပုံအပိုင်းအစလေးတွေက စားပွဲပေါ်မှာ ပြန့်ကျဲလို့။

'ဟာ… BaB ကြော်ငြာလုပ်ရမယ်'

အိသဉ္ဇာက ရုတ်တရက်ထ၍ ပြောတယ်။ တင်တင်ဝင်းနဲ့ ခိုင်မွန်းက ချက်ဆိုနှားခွက်က မီးတောက်ချေပြီ။ သားဘက်က BaB ရှိနေမှတော့ ဖေဖေ အရှုံးပေးပါပြီဆိုတဲ့ ခန့်စည်သူလို ပြုံးမိကြတယ်။

အိသဉ္ဇာက ခတ်ပုံအပိုင်းအစတွေကိုယူပြီး ဆိုင်မှတိတ်ကြည့်ဓားကာ တစ်ခုချင်းစီ ပြန်ဆက်ပေးတယ်။ ခတ်ပုံလေးက အရင်အတိုင်း အကောင်းပကတိ ပြန်ဖြစ်သွားပေမယ့် ကံဆိုးစွာ ကောင်လေးရဲ့ အောက်ပိုင်းဖြစ်သော ခါးမှခြေထောက်ထိ အပိုင်းလေး မပါ။ လေတိုက်၍ ဘယ်လွင့်သွားမှန်း မသိပေ။ အိသဉ္ဇာ ခေါင်းန

www.burmeseclassic.com

www.burmeseclassic.com



ပန်းကြီးသွားသလို တင်တင်ဝင်းတို့လည်း မျက်လုံးပြူးသွားကြတယ်။

'ဟာ… အဲဒီ အောက်ပိုင်းရှာကြပါဦး၊ ပြဿနာပဲ ငါ ဆပ်ဆော့တာ ဟိုကောင်လေး ဒုက္ခရောက်တော့မယ်'

အောက်ပိုင်းပြတ်နေခြင်းသည် သက်ရောက်မှုအရ အနေအထားမလှပေ။ တင်တင်ဝင်းနှင့်ခိုင်မဉ္ဇူရော ကိုမြင့်ဝေပါ ပျောက်သွားတဲ့ ဓာတ်ပုံအပိုင်းအစလေးတစ်ခုကို အသည်းအသန် ရှာဖွေရတော့တယ်။ မတွေ့လို့မဖြစ်။ ဓာတ်ပုံကို ဆက်တာက အိသဥ္ဇာ ဖြစ်နေပြီ။ အကောင်းဘက်ကတွေးသော် အိသဥ္ဇာက ဓာတ်ပုံကို ပြန်ဆက်ပေးပြီး သမီးရည်းစားနှစ်ဦး အထင်လွဲမှုတွေ ပပျောက်စေကာ ပြန်လည်သင့်မြတ်စေလိုသော စေတနာနဲ့။ အခု ကောင်မလေးပုံက အကောင်းပကတိ ပြန်ဆက်နိုင်ပြီး ကောင်လေးပုံကျတော့ အောက်ပိုင်းပျောက်နေတယ်။

'ကောင်လေး တစ်ခုခုဖြစ်ရင် ငါ့ တာဝန်မကင်းဘူး'

'အိသဥ္ဇာ… နင်ကလည်းဟာ မနေနိုင်မထိုင်နိုင် သွားရှုပ်တာဟာ အခု ဘာလုပ်ကြမလဲ၊ ကိုယ့်အသားကိုယ် ပွဲကြည့်ပရိသတ်လုပ်နေတာအကောင်း၊ တစ်ခန်းလောက် ဖြတ်လျှောက်ဝင်ပါတာနဲ့ ပြဓာတ်တစ်ခုလုံး ပျက်တော့မယ်'

ခိုင်မဉ္ဇူက အိသဥ္ဇာကို အပြစ်တင်တယ်။ ဓာတ်ပုံအပိုင်းလေးကလည်း ဘယ်လိုမှရှာမတွေ့။ တင်တင်ဝင်းက ဉာဏ်နီဉာဏ်နက် စက်ရုံပိုင်ရှင်ပီပီ အကြံထုတ်ရဲ့။

'ရှာမနေနဲ့တော့… ကောင်မလေးဓာတ်ပုံ အောက်ပိုင်းကိုပါ ကွက်တိဖြတ်ထုတ်ပလိုက်တော့၊ သူတို့ရှင်ထဲ အကြင်နာတွေ ရှိနိုင် Ok တာပဲ'

တင်တင်ဝင်း ပေးတဲ့နည်းအတိုင်း ကောင်မလေးဓာတ်ပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်နေတဲ့ အောက်ပိုင်းနဲ့ညီအောင် ကောင်မလေးခေတ်ပုံက အောက်ပိုင်းကိုပါထုတ်ပြီး ပြန်ညှိယူလိုက်တယ်။ အဲဒါဆိုတော့ နှစ်ယောက်စလုံး အတူတူ ဖြစ်သွားတာပေါ့။ ခုမှပဲ အိသဥ္စာလည်း သက်ပြင်းချမိတယ်။

'ဒီသမိုးရည်းစား ပြတ်သွားပြီးမှ ပြန်ဆက်နိုင်ပါစေ၊ ကျေးဇူးတင်ပါတယ်၊ အဆင်ပြေပြေ ပြန်ဖြစ်ကြပါစေ'

အိသဥ္စာက လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးရရှာတယ်။ မနေ့တုန်းကထိုင်တုတ် မုန်းသွားခူးရာမှ ဖျားတုတ်ခံရသလိုမျိုးပေါ့။

❖ ❖ ❖

အတွေးထဲတွင် ကာရန်တွေနဲ့ ပြွတ်သိပ်နေသော ရန်ပိုင်စိုးတစ်ယောက် စည်းဝါးကိုက်တိုင်း ကာရန်စပ်နေသည်။ အိသဥ္စာရဲ့ အချစ်ကိုရဖို့ ကာရန် Level တွေကို ကျော်လွှားလာခဲ့တာ ပရော်ဖက်ရှင်နယ်အဆင့်ကို ရောက်ရှိလာလေပြီ။ သို့သော် ကာရန်ကို စပ်နေသည်မှာ အိသဥ္စာ တစ်ယောက်တည်းရှေ့တွင် မဟုတ်။ အများသူငါ လူတကာရှေ့တွင်လည်း ကောက်စပ်ရင်စပ်ပစ်သလို အမြင်မတော်တာတွေ့ရင်လည်း ကာရန်နဲ့ဆော်ပစ်တာ။ နောက်ပိုင်းကျတော့ ရန်ပိုင်စိုးသည် ဥစ္စာရူး၊ တဏှာရူး၊ လောဘရူး၊ မွေးရာပါအရူးတွေထက် တစ်မူးသာကာ ကာရန်ခရေစီ ဖြစ်သွားချေ၏။ ဘယ်နေရာရောက်ရောက် ကာရန်တွေကိုသာ အဆီအငေါ်မတည့် စပ်တတ်လာပြီ။ ဘုရားပေါ်မှာ ဆုတောင်းတွေ တစ်လှေကြီးနဲ့ မိန်းမကြီးကို အင်ကတ်ကတ်နဲ့ ကာရန်စပ်ပစ်တယ်။

'ဘုရားတစ်ဆူရှေ့ အများသူတွေ့အောင် အဆုတောင်းလွှာ အဖြေများသလို ဆုတောင်းစာလည်း ရှည်လျားလှပါတယ်၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သပြေတစ်ခက်နဲ့ အဖြေထွက်ရရင် အဘွားကြီး အသေထွက်… အာ ဟုတ်ပေါင်'

မိန်းမကြီးက ဒေါသဘွေထွက်ပြီး ဘုရားဂေါပက ရုံးခန်း သွားတိုင်လို့ ရန်ပိုင်စိုး ခံဝန်လက်မှတ် ထိုးခဲ့ရသေးတယ်။ လမ်းဘေးက သူတောင်းစားကို တွေ့တော့လည်း ကာရန်နဲ့ငွေထည့်တယ်။

'အဟောင်းများနဲ့ သူတောင်းစားလေးပါလား၊ ဘဝကံမ ကောင်းလို့ အလှတစ်ဖန် မပြောင်းနိုင်လို့ အများလယ်မှာ နားလည် ပေးပါရဲ့၊ ငါးဆယ်လောက် အကြွေရှိလို့ ထည့်လိုက်ပါတယ်'

သူတောင်းစားက သူ့ကို ရိတယ်ထင်ပြီး ခဲနဲ့လိုက်ထုတာပေါ့။ လက်ဖက်ရည်ဆိုင် ထိုင်ရင်လည်း အသံကျယ်လောင်လောင်နဲ့ ကာရန် ထည့်သေး။

'လူတကာမစိမ်းရအောင် စူပါပလိန်းဟော့… အမြဲမာမာနေ တဲ့ ပဲပလာတာလေးလည်း ရှိရင်ယူခဲ့ဦး၊ ထိုင်တာနဲ့ ဘေးဆူသလို ဆိုင်ကလည်း အကြွေးတူသေး၊ ကောင်လေး တစ်ရှူးလေး ပြေးယူ လိုက်ပါဦး'

ဆိုင်ရှင်ကအကြွေးကျလို့ ဘူနေတဲ့အချိန်ဆိုတော့ ရန်ပိုင်စိုးကို ဘုကြည့်ကြည့်တယ်။ ဘေးကလူတွေကလည်း သူ့ကို ပုံမှန်ရှိတယ် မထင်ဘူး။ ကုမ္ပဏီမှာ အစည်းအဝေးလုပ်လို့ တင်ပြစရာရှိရင် လည်း…

'အပျိုယမင်း မပျင်းမထုတ်ရအောင် စတိုစာရင်းအသွင်း အထုတ်တွေ သေချာလုပ်ပါ၊ အလုပ်စိတ်ဘေးချပြီး အဟုတ်အိပ်နေသော သူတွေကို သဘောရိုးနဲ့ ပြောတာကို အပြောဆိုးတယ် ထောင်ကြ…'

အစည်းအဝေးပြီးတော့ ဒေါ်ခင်နွဲ့ဝင်းက ရှုံ့မဲ့မဲ့ ဘေးခေါ် ဆောတော ရန်ပိုင်စိုးကို ခေါ်ဆူပါလေရော။ ရုံးသူ့သားတွေက

www.burmeseclassic.com

www.burmeseclassic.com



လည်း ထင်မြင်ချက်တွေနဲ့ အိသဥ္စာကိုတောင် မျက်စောင်းထိုးချင်သေး။ အိသဥ္စာ အနေကျုံ့ရတာပေါ့။

ရန်ပိုင်စိုးက မပြောသင့်တဲ့ နေရာတွေမှာတောင် အစချိုပြီး ဟာရန့်တွေစပ်နေတာ။ နဘောတွေထပ်နေတာ။ ဇာတ်သမားလေသံနဲ့ ဟရားရေလွှတ် ပြောနေတာ။ ဘာမှကို မတတ်နိုင်။ အိသဥ္စာလည်း သူစခဲ့တဲ့ မီးတောက်လေးကို ပြန်မငြိမ်းနိုင်တော့ဘူး။

အိသဥ္စာ ကပေါက်တိ ကပေါက်ချာ အိပ်မက်တစ်ခုကို မြင်မက်မိလေတယ်။ အိပ်မက်ထဲမှာ လင်းဝေယံ ပါတယ်။ လင်းဝေယံက ဇာတ်မင်းသားလေးလိုဝတ်ပြီး အိသဥ္စာနှင့် နှစ်ပါးသွားကဖို့ ထွက်လာတာပေါ့။

'တက်သစ်နေ ပြာဂံါရဝိကဲ့သို့ ကျက်သရေမင်္ဂလာရှိပါဘိနဲ့ တဥ္စနာမဏီရယ်တဲ့ နှစ်ပါးရွှေ...'

လင်းဝေယံက ခွန်းထောက်ကလေးနဲ့ သီကျူးလိုက်ပြီး နှစ်ပါးသွားလေးကဖို့ ပြင်တာပေါ့။ ထိုစဉ် ဘီလူးခေါင်းဆောင်းထားသော ရန်ပိုင်စိုးသည် ဘွားခနဲ ပေါ်လာပြီး သန်လျက်ကြီး တဝင်းဝင်းနဲ့ ဝင်ဖျက်ပါလေရော။

'မိုက်လှတဲ့ ကလေးမ၊ မင်းဟာ တံလျှပ်ကိုရေထင် ရွှေသမင် အလိုက်မှားပြီး ခေါင်းတခြား ကိုယ်တခြား ဖြစ်ချင်သလား၊ မင်း အစဦးသာကြင်နာရမှာက ငါဟဲ့၊ သယ်... နင်တို့ချစ်ခြင်းကို ပစ်ခွင်းကာ ခွဲလိုက်မယ်၊ အသည်းလှိုက်တုန် အူအသည်းစုံကို ယူတဲ့ပုံကာ နင်တို့ အတူဝေးရအောင် ငါ ဘူဖေးလုပ်ပစ်မယ်ဟဲ့... ဟားဟား ဟားဟား'

လင်းဝေယံက အိသဥ္စာလက်ကို ဆွဲပြေးတော့ ချက်ချင်းပင် အခန်းပြောင်းသွားကာ နှစ်ယောက်စလုံး တရုတ်နန်းတွင်း အဝတ် အစားတွေနဲ့ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဝေါ်ရီရှမ်းနားသုံးလို့ဖောင်'

တရုတ်သီချင်းသံစဉ်က ပါးပါးလေး ထွက်လာတယ်။ အဲဒီမှာလည်း ရန်ပိုင်စိုးက တရုတ်သိုင်းသမားလို ဝတ်ပြီး ထွက်လာပြန်ရော။

'ဝေါ်ပုကျိုသောက်… ဝေါ်ရှားသည့်နီ… နီရွှတ်ရှေလား'

ရန်ပိုင်စိုးက ဓားပြားကြီးနဲ့ လိုက်ခုတ်ရာ လင်းဝေယံတို့လည်း ရှောင်ကာတိမ်းကာဖြင့် ထွက်ပြေးရပြန်တယ်။ တစ်ဆက်တည်း အခန်းပြောင်းသွားကာ အိန္ဒိယပုံစံ ဖြစ်သွားရဲ့။

'ဘူမတ်ဂျာလေး… ဘူမတ်ဂျာလေး'

နှစ်ယောက်သား လိမ်ဖယ်လိမ်ဖယ်နဲ့ ကနေတုန်း အိန္ဒိယမဟာရာဂျာလို ဝတ်လာသော ရန်ပိုင်စိုး မုတ်ဆိတ်မွေးတွေနဲ့ ရောက်လာတယ်။ ပါးစပ်ကလည်း ကုလားလို ဘာတွေပြောမှန်း မသိ။

အိသဥ္ဇာတို့ ဒရောသောပါး ထွက်ပြေးကြပြန်ရော။ ကိုရီးယားပုံစံဖြင့် တဖန်ပေါ်လာပြန်တယ်။ Love ဆင်းလေးဖြစ်ရန်အပြင် ရန်ပိုင်စိုးက မယ်မယ်ကြီးပုံစံ ဝတ်ဆင်လာပြီး ကိုရီးယားလို ပြောပါရော။

'ဘူရောဂိုရော… သဲရောဂဲရော၊ ဖွဲစကော၊ အညာဆန်ရော ဆားထမ်းဦး၊ သကြားထမ်းဦး၊ အိုးပါး စလောင်းပါး'

ဆက်လက်၍ ရှောင်ပြေးကြပြန်ရာ အင်္ဂလိပ်ခေတ်က ပုံစံပြန်ဖြစ်သွား၏။ အဲဒီမှာလည်း ရန်ပိုင်စိုးက အာနီးကြီးလို ဝတ်ဆင်ချထလာကာ လောင်ချာဖြင့် ထုရန်ပြင်သည်။ အိသဥ္ဇာလည်း လန့်နိုးသွားတာပေါ့။ ရန်ပိုင်စိုးရဲ့ ဌက်ဆိုးထိုးသံကို ကြားလိုက်ရတယ်။ အဲဒီအချိန်မှာပဲ…

အိသဥ္ဇာ အိပ်မက်မှ လန့်နိုးခဲ့သည်။ သူမရဲ့ ပေါ်တောက်တော အိပ်မက်ကို ပြန်တွေးပြီးလည်း ရယ်ချင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိသဉ္ဇာတစ်ယောက် အိပ်ယာထပြီး မျက်နှာသစ် သွားတိုက်တယ်။ သူအပေါ်ထပ်က ဆင်းလာတော့ အဖေနှင့်အမေက ကော်ဖီသောက်နေကြပြီ။ အိသဉ္ဇာ နာရီတစ်ချက်ကြည့်လိုက်တော့ မနက် (၈း၀၀)နာရီထိုး ရှိပြီ။ အိသဉ္ဇာ တစ်ချက်သမ်းဝေလိုက်ပြီး မိဘတွေထိုင်နေသော စားပွဲတွင် ခုံတစ်လုံးဆွဲယူပြီး ဝင်ထိုင်တယ်။

'သဉ္ဇာ… သမီး ပိန်သွားသလိုပဲ'

ဖခင်ဖြစ်သူ ဦးလွင်သိန်းက ကော်ဖီတစ်ငုံသောက်ရင်း မေးတယ်။ အိသဉ္ဇာက ကော်ဖီခရားထဲမှ ကော်ဖီငှဲ့ထည့်ရင်း…

'လူပိန်ရုံတင် မကပါဘူး၊ စိတ်ပါပိန်နေတာ ဖေဖေ သွင်းပေးထားတဲ့ အလုပ်ကြီးကလည်း မစွံပါဘူး၊ သမီးတော့ စိတ်မပါတော့ဘူး'

'သမီးကလည်း အလုပ်အတွေ့အကြုံယူရမှာပဲ အလုပ်မရှိရင် သမီးဘဝ တိုးတက်မှုရှိမှာ မဟုတ်ဘူး'

'သမီးက ငွေရှာကောင်းတဲ့ ယောကျ်ားရှာယူမှာပေါ့'

ဒေါ်ကျင်လင်းက အိသဉ္ဇာကို လှမ်းဆူတယ်။

'ဟဲ့… ကောင်မလေး၊ ဘာတွေလျှောက်ပြောနေတာလဲ'

အိသဉ္ဇာက အမေဖြစ်သူကို လျှာထုတ်ပြကာ ဘီစကစ်တစ်ချပ် ကောက်ဝါးတယ်။

'ဘာပဲဖြစ်ဖြစ် သမီးရယ်၊ ပတ်ဝန်းကျင် အတွေ့အကြုံကောင်းတွေကို အလုပ်ကပေးတယ် သမီးရဲ့'

'ဒါနဲ့ လင်းဝေယံဆီက ဖုန်းရောလာသေးလား'

ဒေါ်ကျင်လင်းက ဖြတ်၍ မေးတယ်။

'မလာပါဘူး၊ ပင်လယ်ထဲမှာ ဆိုမာလီဓားပြတွေနဲ့ တွေ့နေပြီလား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



အိသဉ္ဇာက နောက်နောက်ပြောင်ပြောင် ပြောတယ်။

'မောင်လင်းဝေယံ အဖေရော နေကောင်းရဲ့လား မသိဘူး'

လင်းဝေယံအဖေ ဦးအေးထွန်းဆိုတာက အိသဉ္ဇာအဖေ ဦးလွင်သိန်းနှင့် ကျောင်းသားဘဝက အတူတူတက်ခဲ့သော ငယ်ပေါင်းကြီးဖော် သူငယ်ချင်း မိတ်ဆွေဟောင်းတွေ။ ဒါကြောင့်လည်း နှစ်ဖက်မိဘတွေအတွက် ဘာမှရှည်ရှည်ဝေးဝေး တွေးစရာမလို။ မိဘသဘောမတူလို့ ခွဲပစ်တာတို့၊ မိဘချင်းမတည့်လို့ သားသမီးတွေက မားစာခံဖြစ်တာတို့ မဖြစ်တော့ဘူးပေါ့။

'ယောက်ျားယူရင် ဆောင်ရန်ရှောင်ရန် အချက်တွေရှိတယ်'

ဦးလွင်သိန်းက ဖတ်ထားမှတ်ထားတာတွေ ပြောရန်ပြင်ပြီ။

'ယောက်ျားတစ်ယောက် အရည်အချင်းရှိရင် ရုပ်ဆိုးမယ်၊ ရုပ်ချောလွန်းရင်လည်း ငွေမရှာတတ်ဘူး၊ စီးတဲ့ရေဆည်ကဲ့ရာန်သင်းချွေတာစုဆောင်းခြင်း မရှိတော့ဘူး၊ ငွေရှာလွန်းပြန်တော့လည်း အိမ်ထောင်ရေးကို ပေါ့ပျက်ပျက်သဘောထားတတ်တယ်။ အိမ်ထောင်ရေးအပိုင်းကို နိုင်နင်းပြန်တော့လည်း တခြားကိစ္စတွေမှာ မဖြစ်ထွန်းဘူး။ လူမှုဆက်ဆံရေးအမြင်နည်းမယ်။ အရာရာမှာအောင်မြင်တဲ့ လူကျတော့ အနုအရွလေးတွေနဲ့ ရိုမက်တစ်မဆန်ဘူး။ ခေါင်းထဲမှာ အောင်မြင်ခြင်းတွေပဲ တစ်ချိန်လုံးရှိနေတာ။ ရိုမက်တစ်ဆန်ပြီး အိစီကလီလုပ်တတ်ရင်လည်း စိတ်ချအားကိုးလို့မရဘူး။ အားကိုးလို့ရတဲ့ လူကျတော့ နိုင်းစားဖို့ကလွဲပြီး အပေအတေလို နေထိုင်တတ်တယ်။ ဒါတွေထဲက တစ်ခုမဟုတ် တစ်ခုနဲ့ ယောက်ျားတိုင်းဟာ ငြိနေတတ်တာ'

'ရှင်းလင်းပါတယ် ဖေဖေ၊ ဖေဖေကိုယ်တိုင်လည်း အဲဒီအမျိုးအစားတွေထဲက ကစ်ခုပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အိသဥ္စာက စပ်ဖြဲဖြဲနဲ့ ဆုံးမစကားပြောသော အဖေကို ဆွဲထည့်တယ်။

'ဖေဖေက အိမ်ထောင်ရေးအပိုင်းမှာ ပြီးပြည့်စုံပေမဲ့ အခြားအရာတွေမှာ လျော့နည်းနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးအတွက် အဖော်မောင်နှမတွေ ထပ်မမွေးပေးလို့ပဲ'

'ဟဲ့… ကောင်မလေး၊ ဘာတွေလျှောက်ပြောနေတာလဲ'

ဒေါ်ကျင်လင်းက လှမ်းအော်တယ်။ ဦးလွင်သိန်း ဘာပြောရမှန်း မသိဘဲ စကားစပျောက်သွားတယ်။

'သမီးသိတယ် သမီးလူ လင်းဝေယံကျတော့ ရပ်ချောပြီး ငွေမရှာတတ်ဘူး၊ လျှော့ကြီးထိုး ရိုးရိုးလိုက်ကြီး၊ သူများတွေ အဆင်ပြေမှ စိတ်ကူးပေါက်ပြီး ထလုပ်တာ၊ လင်းဝေယံအဖေကျတော့ ငွေရှာကောင်းပြီး အိမ်ထောင်ရေးဘက် သိပ်မကြည့်ဘူး၊ အရက်တွေပဲ လိုမ့်သောက်နေတာ'

'သဥ္စာ… သမီး ပေါက်ကရတွေ တော်တော်ပြော'

ဦးလွင်သိန်းက သမီးကို ငေါက်တယ်။

'အဖေပဲ အရင်စပြီး ပြောတာလေ'

'ငါက ပေါက်ကရပြောတာ မဟုတ်ဘူး'

'သမီးက အဖေကို ပေါက်ကရပြောတယ်လို့လဲ မပြောမိပါဘူး'

'အဖေက သမီးကို ဆုံးမနေတာ'

'အဖေဆုံးမနေတာ သမီးသိသားပဲ သမီးက ယောက်ျားတွေကို သိပ်ယုံတာ မဟုတ်ဘူး၊ ယောက်ျားဆိုတာ မရခင် ဖယောင်းပုဆိုးလိုလိပ် ထိပ်ပေါ်တင် ရပြန်တော့လည်း ဖယောင်းပုဆိုးခြေမင်း တက်နင်းတွန့်ကြေကုန်တာပဲ၊ ယောက်ျားဆိုတာ မိုးလေမမာမညီ မိုးလေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ရှာပြီးလည်းလာတယ်။ မရှာခင်လည်းလာတယ်။ သမီး တစ်ကောင် နွားတစ်ထောင်ဆိုရင် ယောက်ျားတစ်ကောင်ကျရင် ကား တစ်ထောင်ပဲ၊ ကားပွဲစားတော့ မဟုတ်ဘူး။ ဟိုကားလေးစီးချင်တာနဲ့ ဒီကားလေးပြောင်းစီးချင်တာနဲ့ ခုစာကလေးကြော် ခုဆီထမင်း ခုဒံ ပေါက် ခုထမင်းသုပ် သိပ်လုပ်တတ်တာ။ ရုပ်ရှင်ကားတွေကိုလည်း ကြည့်ဦး ကုလားမင်းသားတွေဆို မင်းသမီးနဲ့ကပြီဆို မျက်စိကို ခဏ ခဏမှိတ်ပြ၊ ကတ္တရာလမ်းမမှစပြီး ဘုရားကျောင်းအဆုံး လှည့်ပတ် ကပြီး ပရိသတ်အကြိုက် ဆွဲဆောင်တာ။ ကိုရီးယားမင်းသား တွေကျတော့ နှင်းထူထူထဲမှာ အနွေးထည်ကြီးတွေဝတ် ကောင်မလေး လာမယ့်လမ်းမှာ မှိုင်တွေပြီးနေ၊ လိုအပ်ရင်လမ်းမတွေပေါ် ပြေးလွှား ရှာနေတဲ့ကောင်မလေးကို ထိန်းရင်းရင်ဖွင့် အဲဒါပဲ လုပ်တတ်တယ်။ မြန်မာမင်းသားတွေကျတော့ ရေထဲပြုတ်ကျတဲ့ အခန်းပါရင် ဟာသ ဘားပေါက်အောင် သူတို့ဝင်သရုပ်ဆောင်တယ်။ ကွဲကွာနေတဲ့ မိဘနဲ့ ပြန်တွေ့တဲ့အခန်းဆိုရင် မျက်ရည်ချူ မျက်ရည်လွယ်ကျွမ်းကျင်တဲ့ မင်းသားတွေ ရှိသေးတယ်။ ဆင်းရဲသားအခန်းရိုက်တာ Arrow အစစ် အင်္ကျီဝတ်ထားတာမျိုးတွေ၊ ကလဲ့စားချေမယ်ဆိုတာကို အသားကုန် အော်တာတွေ ဒါတွေနဲ့ပဲ နာမည်ရနေကြတာ’

အိသဉ္ဇာ ပါးစပ်ထဲ ရောက်တတ်ရာရာတွေကို ငှီကာချဲ့ပြီး ပြောလေရာ မိဘနှစ်ပါးမှာ ဘယ်စကားကို ဘယ်လိုမှတ်ပြီး ဘယ်လို နားထောင်ရမလဲ မသိတော့ဘူး။

‘သဉ္ဇာရယ်… နင့်စကားကို နားထောင်ရတာ တကယ့် ဆောင်စဉ်ရေမရှပဲ၊ သမီး… စိတ်လည်း ကောင်းကောင်းထားဦးနော်’

ဦးလွင်သိန်းက စိုးရိမ်သွားတယ်။ အလုပ်မှာဖိစီးမှုတွေများ နေရင် မွန်းကျပ်မှုတွေဖြစ်ပြီး ဘရိန်းရှော့ ဖြစ်သွားနိုင်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



'သမီး စိတ်ကောင်းပါတယ်'

'အေး… အဲဒါပဲ ကြားချင်တယ်'

'*စိတ်ကကောင်းလွန်းလို့ နို့ညှစ်ရင် မခွေ့ဘူး*'

အိသဥ္စာက စိတ်နှင့်ဆိတ်ကို ရောချသွားပြန်တယ်။ ဒေါ်ကျင်လင်းက သမီးဖြစ်သူ စကားကို သဘောကျသွား၍ တစ်ချက်ရယ်လိုက်၏။ ဦးလွင်သိန်းကတော့ စိတ်တိုရခက်၊ ရယ်ရခက် ဆန့်တငံ့ငံ့ ဖြစ်သွားသည်။ အိသဥ္စာက ဘီစကစ်နှစ်ချပ်ပူးကို စွပ်ခနဲကောက်ဝါးပြီး ပလုပ်ပလောင်း ရယ်မောကာ ထွက်သွား၏။

'ဒီကောင်မလေးနဲ့တော့ ခက်ပါတယ်'

'တစ်မိပေါက် တစ်ယောက်ထွန်းလေး ဖြစ်မလားလို့၊ တစ်မိချော တစ်ယောက်ပေါလေး ဖြစ်နေတယ်'

ဦးလွင်သိန်းက ရယ်ကျဲကျဲနဲ့ပြောတော့ ဒေါ်ကျင်လင်းက လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ချစ်အဖြေပေးခါနီး မျက်စောင်းထိုးခဲ့သလို မျက်စောင်းထိုးတယ်။ ငယ်မူငယ်သွေးလေး တစ်ချိတစ်ချက် ထပေါ်တာမျိုးပေါ့။ အနှစ်လေးဆယ်ကျော်ဝင်မှ အချစ်သွေးလည်း ပေါ်ချင်သလိုလေး။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ရန်ပိုင်စိုးကို အဖြေပေးဖို့အချိန် နီးကပ်လာ‌ေ ပြီ။ အိသဇ္ဇာ ဘယ်လိုလုပ်ပြီး ရှောင်ကွင်းရမလဲ။ ထွက်ပြေးရမလဲ။ ထိပ်တိုက်ရင်ဆိုင်ပြီး မချစ်နိုင်ဘူး အပြတ်ပြောရမလား။ ချစ်သလို မချစ်သလိုနဲ့ ကြိုးရှည်ရှည် ထပ်လှန်ထားရမလား။ ကျွန်မမှာ ချစ်သူရှိတယ်။ မိဘသဘောတူထားတာ ရှိတယ်ဆိုပြီး လုပ်ထည့်လိုက်ရမလား။ စဉ်းစားလေ ခေါင်းထဲချာချာလည် ဖြစ်နေပြီ။ ရန်ပိုင်စိုး သူ့ကြောင့် တစ်စုံတစ်ခု ဖြစ်သွားရင်လည်း စိတ်မကောင်း ဖြစ်နေရဦးမယ်။ ရန်ပိုင်စိုးဟာ အရူးဗီဇကလေး ရှိတယ်။ ခတ်သိတွေ ပြောပြချက်အရ ငယ်ငယ်တုန်းက စိတ်တွေဖောက်လို့ ဆေးရုံတစ်ခါရောက်ခဲ့သေးတာ။ အိသဇ္ဇာ ဘာမှကို ဝေခွဲမရနိုင်တော့ပေ။ အခုလည်း ဥမ္မာဒန္တီကို စွဲလန်းသော သိဝိဘုရင်လို အသည်းအသန် အရူးအမူး ပစ်စလက်ခတ် ဖြစ်နေပြီ။ ရန်ပိုင်စိုး ခေါင်းထဲတွင် အိသဇ္ဇာနှင့်ကာရန်သာ ရှိတော့လေပြီ။

အိသဇ္ဇာ လချုပ်စာရင်းတွေပေါင်းတာ အပြီးလုပ်နေရတာမို့ အလုပ်ချိန်ထက် တစ်နာရီနောက်ကျပြီးမှ ရုံးဆင်းရတယ်။ ရန်ပိုင်စိုးကတော့ သူ့အလုပ်လုပ်နေတာကို ပိုင်းမကူဘဲ ဘေးမှထိုင်ကာ တစိမ့်စိမ့် ကြည့်နေတယ်။ ရန်ပိုင်စိုး စိတ်သည် ပုံမှန်အနေအထားမှာ ရှိသေးသလား။ အိသဇ္ဇာ တစ်ဘက်မှနေ၍ သံသယတွေလည်း ဆင့်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင့်ထဲမှာရှားမိတယ်။ သူ့အလိုက်အထိုက်နေပေးဖို့ တတ်နိုင်သမျှ ဟန်ဆောင်ရတာလည်း ပင်ပန်းရလေပြီ။ အိဿရာ စာရင်းတွေ လက်စသတ်ပေါင်းပြီးတော့ ပြန်ရန်ပြင်ရချေ၏။

'ရန့်ပိုင်စိုး… ငါ့ကို လိုက်ပို့ချေ'

ရန့်ပိုင်စိုးမှာ ထိပေါက်တာတက် ပိုပိုသာသာ ဝမ်းသာသွားတယ်။ အရင်ဆို အိဿရာ ခွင့်ပြုချက်မရဘဲ အတင်းခွတ် လိုက်ပို့နေတာ။ အိဿရာက သူ့ကြောင့် ရန့်ပိုင်စိုး ဘရိန်းရှော့ဖြစ်သွားမှာ စိုးရိမ်သောကြောင့်ပင်။ ပြန်ရာလမ်းတစ်လျှောက်တွင် ကာရန်အသုံးအနှုန်းတွေနဲ့ စကားခွန်းဖွဲ့သီလာရာ ကောင်းကင်ကြီးတစ်ခုလုံး သူ့ရင်ဘတ်ထဲ ရောက်နေသယောင်ယောင်၊ ပင်လယ်ကြီးတစ်ခုလုံးပဲ သူ့ဝမ်းဗိုက်ထဲ ဝင်နေသယောင်ယောင်ပေါ့။

'သဉ္ဇာဆီက အဖြေကိုရရင် ငါလေ ပင်လယ်ကမ်းစပ်မှာ ရင်ဝယ်လှိုင်းခတ်သလို အစဉ်ပုံမှန်နဲ့ ရင်ခုန်သံမြန်တော့မယ် သဉ္ဇာ၊ ငါ့ကို နင် သံသရာလုံ့သွားနဲ့ ကံကြမ္မာချန်မထားပါနဲ့ဟာ၊ တိမ်းသလိုနဲ့ ညွတ်တဲ့ဝါးလို စိမ်းသလိုနဲ့ လွတ်မဲ့မြားတွေနဲ့လည်း ငါ့ချစ်ခြင်းတရားကို ပစ်ခွင်းမသွားပါနဲ့ဟာ'

အိဿရာ ဘာမှမပြောချင်တော့။ ပြောလည်းမပြောနိုင်တော့။ အိဿရာတို့ ရပ်ကွက်ထဲ ဝင်တဲ့လမ်းက မှောင်ရီဖျိုးဖျမှာ လူနည်းနည်းပြတ်တယ်။

'ရန့်ပိုင်စိုး… နင်ဘာတွေပြောနေမှန်း မသိဘူး၊ ဒီမှာ သရဲကြောက်ရတဲ့အထဲ'

ရန့်ပိုင်စိုးလည်း ကျောနည်းနည်း ချမ်းသွားတာပေါ့။ ညှို့ငှက်တစ်ကောင်က လူသံကြားသဖြင့် ထပျံသွားသလို ခွေးစားတစ်ကောင်ကလည်း ထဟောင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ခွေးကဟောင်ရင် ဘေးကရှောင်ချင်တယ်ဟာ'

ထိုစဉ် မှောင်ရိပ်ထဲမှ လူသုံးဦးထွက်လာကြ၏။

'ဗုဒ္ဓေါ... သရဲတွေလား မသိဘူး၊ ဟဲ့... ရန်ပိုင်စိုး ဘုရားစာရွတ်'

ရန်ပိုင်စိုးလည်း သိထားသမျှ ဂါထာလေးတွေ ရွတ်ရပါလေရော။ တော်ပါသေးရဲ့။ ကာရန်တွေနဲ့ ဘုရားစာမရွတ်လို့။

လူသုံးဦးက အနားရောက်တော့ ခေါင်းတွေမရှိ။ မျက်လုံးပြူးပြူးကြီးတွေသာ တွေ့ရတယ်။ ရန်ပိုင်စိုးက သတ္တိပျောက်ရဲ့သူ့ပီပီ ထအော်တယ်။

'အမလေး... ခေါင်းမဲ့ကြီးတွေ'

'ဘာခေါင်းမဲ့လဲ ငါတို့လူတွေကွ မျက်နှာဖုံးတွေ စွပ်ထားတာ'

'လူသူမြင်အောင် ရှင်းရှင်းလေး ထားပါလား'

အိသဉ္ဇာက ရန်တွေ့တယ်။ အရေးထဲ ဘယ်သူတွေမှန်းမသိဘဲ ပြန်ပြောနေခြင်းပင်၊

'ကောင်မလေး... နင် ငါတို့နဲ့လိုက်ခဲ့'

'ဒီအချိန်ကြီး ဘာကျွေးမလို့လဲ၊ မစားတော့ဘူး'

'ကျွေးမလို့ မဟုတ်ဘူး၊ ဖမ်းမလို့ဟ... ဖမ်းမလို့'

'အံမာ... ဖမ်းရအောင် ရှင်တို့က ဘာတွေလဲ'

ရန်ပိုင်စိုးက တုန်တုန်ရင်ရင်နဲ့...

'မာဖီးယားဂိုဏ်းကလား မသိဘူး'

'မာဖီးယားကတော့ မဖြစ်နိုင်ဘူး၊ ဆလားဗီးယားဂိုဏ်းထဲကနေမယ်'

'အပိုတွေပြောမနေနဲ့ ကောင်မလေး နင့်ကို ငါတို့ ပြန်ပေးဆွဲမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဝမ်းသာစရာကြီး၊ ဘယ်နှရက်ကြာအောင် ပြန်ပေးဆွဲမှာလဲ၊ အကောင်းဆုံး ဟိုတယ်မှာ ထားမှာလား၊ မနက်စာ ညစာ ဘာတွေမှာလဲ'

အိသဥ္စာက သူ့အား တစ်စုံတစ်ယောက်က နောက်ပြောင်နေသည် ထင်သဖြင့် ပြန်စလေသည်။

'ဟာ… ကြာပါတယ်ကွာ'

မျက်နှာဖုံးစွပ် တစ်ယောက်က အိသဥ္စာ ပါးစပ်ကို လက်ကိုင်ပဝါဖြင့် အုပ်လိုက်ရာ အိသဥ္စာ မေ့လဲသွားတယ်။ ရန်ပိုင်စိုးက…

'ဟာ… အဲဒီလို မလုပ်နဲ့လေ၊ ကျွန်တော့်ကိုပါ မေ့အောင်လုပ်ပြီး သူ့နဲ့ တစ်ခါတည်း ခေါ်သွားပါ၊ သဥ္စာကို စောင့်ရှောက်ရမယ့်တာဝန်တွေရှိသေးတယ်။ မှန်သောသစ္စာပါ၊ ပြန်မပြောဖြစ်တာလဲ သိပ်ကြောက်နေလို့'

'ဟာကွာ… တော်တော် စကားများတဲ့ ကောင်ကွာ'

မျက်နှာဖုံးစွပ်တစ်ယောက်က ရန်ပိုင်စိုး ဂုတ်ကိုရိုက်ချလိုက်တယ်။ လူဆိုးဟုထင်ရသော မျက်နှာဖုံးစွပ်သုံးဦးက အသင့်ရပ်ထားသော ကားပေါ် အိသဥ္စာနှင့်ရန်ပိုင်စိုးကို သယ်ဆောင်၍ ကားကိုချက်ချင်း မောင်းထွက်သွားတယ်။ အမှန်တော့ တကယ် ပြန်ပေးဆွဲတာက အိသဥ္စာကိုပါ။ အခုတော့ ရောတောယောင်တောင်နဲ့ ရန်ပိုင်စိုးပါ အဆစ်ပါလာတယ်။

မည်သို့များ ဆက်လက်နှစ်ပါးသွားချေမည်နည်း။

အိသဥ္စာ သတိရ၍ မျက်လုံးဖွင့်ကြည့်တော့ တစ်ကိုယ်လုံး လှုပ်လို့မရပေ။ တိုင်တစ်တိုင်တွင် ကြိုးဖြင့်ချည်ထားခြင်းကို ခံရ ပတ်ဝန်းကျင်ကို အကဲခတ်ရာ အိမ်ပျက်ကြီးတစ်လုံးထဲ ရောက်ရှိနေတယ်။ အိသဥ္စာ အသေချာဆုံးတစ်ခုကို တွေးမိလေတယ်။ သူ

www.burmeseclassic.com

www.burmeseclassic.com



ကျိန်းသေပေါက် ပြန်ပေးဆွဲခံထားရပြီ။ အခန်းထဲတွင် သူတစ်ယောက်တည်း ရှိမနေပေ။ ရန်ပိုင်စိုးလည်း ရှိနေတယ်။ ရန်ပိုင်စိုးကို ဖမ်းထားပုံလည်း ကြည့်ပေဦး။ သေတ္တာတစ်ခုပေါ်တွင် ပက်လက်က လေးထားပြီး ကြိုးအထပ်ထပ် ချည်ထားတယ်။ အိသန္တာ စိတ်ပျက်သွားတာတစ်ခုက ရန်ပိုင်စိုးက ဘယ်အချိန်တည်းက အိပ်ရေးပျက်နေသလဲ မသိ။ တခေါခေါ တခူးခူးနဲ့ ဖိမ်ကျနေရဲ့။ အိသန္တာလည်း သူမကို ဘယ်သူတွေ ဘာကြောင့် ပြန်ပေးဆွဲသလဲဆိုတာ မစဉ်းစားတတ်တော့ပေ။

'ဟား... ဟား... ဟား... ဟား'

မျက်နှာဖုံးစွပ်ထားသော လူသုံးဦး တံခါးဖွင့်၍ ဝင်လာတယ်။ အိသန္တာက သူတို့ကို အချဉ်ပေါက်ပေါက်နဲ့ လှမ်းထေ့တယ်။

'ပြန်ပေးသမားတွေလုပ်ပြီး ရုပ်ရှင်တွေထဲကလို အိမ်အိုအိမ်ပျက်တွေထဲမှာပဲ ထားတတ်တာ အံ့ပါရဲ့၊ နိုင်ငံခြားကားတွေထဲမှာ ပြန်ပေးဆွဲတာ မကြည့်ဖူးဘူးလား'

'ကောင်မလေး... အာမချောင်နဲ့ တိတ်တိတ်နေစမ်း ငါတို့အခု ငွေအရမ်းလိုနေတယ်၊ နင့်မိဘတွေ ဘယ်လောက်ချမ်းသာသလဲ'

မျက်နှာဖုံးစွပ်တစ်ယောက်က ခါးထောက်မေးတယ်။

'ဟင်း... အဖေတို့ အမေတို့က အရင်တုန်းကတော့ ဥစ္စာစောင့်တစ်ယောက်ရဲ့ သိုက်ကိုတောင် အံတုရဲတာ၊ အခုတော့ ဂိုဒေါင်တစ်လုံးစာ တိုလီမိုလီလေးတွေပဲ ရှိတော့တယ်၊ အခုဆို သူတို့ နှစ်ယောက်စလုံး ဟောင်းလောင်းပဲ ရှိတော့တာ'

'ဘာရယ်... ဒီကောင်မလေး'

'ဟို... အိပ်ခန်းထဲက မီးခံသေတ္တာကို ပြောတာနော်၊ အခုဆို အဲဒီ မီးခံသေတ္တာထဲမှာ ငွေစက္ကူတွေ အထပ်လိုက်ပဲ၊ ဒါတော့ မီးခံသေတ္တာကို မှန်ကြည့်လို့တောင် ရနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်မလေး စကားလည်တယ်နော်၊ ပါးစပ်ထဲတွေ့ကရာ လျှောက်ပြောနေတာ ငါတို့ကို တစ်ခါမြွေသွားတာ မှတ်မိသေးလား'

မျက်နှာဖုံးစွပ်တစ်ယောက်က နောက်တစ်ယောက်ကို ကပ်ပြောတယ်။

'ကောင်မလေး… မင်း ဘာပဲပြောပြော မင်းကို (၁၀)သိန်းနဲ့ လာရွေးဖို့ မင်း မိဘတွေကို ပြောပြီးပြီ'

'ဟာ… လူဆိုးကြီး (၁၀)သိန်း နည်းတယ်ဂ (၁၅)သိန်း လောက် လုပ်လိုက်ချေ၊ အဖေတို့ (၁၅)သိန်း လာပေးရင် သမီးက (၅)သိန်း ယူမယ်လေ၊ မိဘတွေဆီက အဲဒီလောက် များများစားစား ရဘူးတာ မဟုတ်ဘူး၊ ဘယ်လိုလဲ'

လူဆိုးတွေ အူကြောင်ကြောင် ဖြစ်သွားတာပေါ့။

'ဟို ငပိန်ကောင်ကို ဘယ်လိုလုပ်မလဲ'

'ထားလိုက်ကွာ ဘာမှသုံးစားလို့ရမယ့်ကောင် မဟုတ်ဘူး'

'ဟုတ်တယ် သမီးကို ကြောင်နေတာ၊ အလကားကျပ်ခိုး ပြည့်တဲ့ ငပိန်၊ လူဆိုးကြီးတို့ကလည်း အချိန်နည်းနည်းလောက် ထပ်စောင့်တာ မဟုတ်ဘူး၊ သမီးချစ်သူက သိပ်မကြာခင် နိုင်ငံခြားက ပြန်လာမှာ သူနဲ့သမီး လက်ထပ်ခါနီးမှ ပြန်ပေးဆွဲတာ မဟုတ်ဘူး။ အဲဒီတော့ သမီးချစ်သူဆီက သပ်သပ်၊ မိဘတွေဆီက သပ်သပ် ငွေညှစ်လို့ရတာပေါ့။ နှစ်ဖက်နှစ်လမ်း အူစိုတာပေါ့'

အိသဥ္ဇာက ရွှေဉာဏ်တော်စူးရောက်သော နည်းလမ်းတွေ တောင် ပေးနေသေး။ လူဆိုးတစ်ဦးက သဘောကျ၍ တစ်ချက်ဝင် ရယ်မောတယ်။

'ဝါး… ငါ ဘယ်ရောက်နေသလဲ'

ရန့်ပိုင်စိုး အိပ်ယာမှ နိုးလာသလို သတိရသွားတယ်။ လူဆိုး

www.burmeseclassic.com

www.burmeseclassic.com



တွေနှင့်အိသဉ္ဇာကို မြင်တော့ သူလည်းဖြုံသွားတာပေါ့။ အိသဉ္ဇာ တ…

'လူဆိုးတွေ… သမီးကို အနိုင်ကျင့်တဲ့ပုံစံ မြန်မြန်လုပ်ပါ'

လူဆိုးသုံးယောက်စလုံး အိသဉ္ဇာကို ဘယ်လိုနှားလည်ရမှန်း မသိတော့။

ရန်ပိုင်စိုးက အသံပျော့ပျော့လေးနဲ့…

'ခင်… ခင်ဗျားတို့ ဘယ်သူတွေလဲ'

'မင်း ပထွေးလူဆိုးတွေကွ၊ မင်းနဲ့ ဘာမှမဆိုင်တာ ဝင်မပါနဲ့ ငါတို့ မင်း ကောင်မလေးကို ပြန်ပေးဆွဲထားတာ၊ မင်းက ကန့်လန့်ပါ နေလို့ ခေါ်လာရတာ၊ ကောင်မလေးက ချစ်စရာလေးကွာ၊ ပြန်ပေး ဆွဲရတာ တန်ဖိုးရှိတယ်၊ ဟင်း… ဟင်း'

လူဆိုးတစ်ဦးက အိသဉ္ဇာမေးစေ့လေးကို ကိုင်လိုက်တယ်။

'ရှင်တို့ မတရားမလုပ်နဲ့နော်၊ မယုတ်မာနဲ့'

အိသဉ္ဇာက ရပ်ရှင်ထဲက မို့မို့မြင့်အောင် လေသံနဲ့အော်တယ်။

'ဟေ့လူတွေ… ခင်ဗျားတို့ လုပ်ရပ်တွေကို ရပ်၊ ဒါ ကျွန်တော့် ကောင်မလေးဗျ'

အရေးထဲ အသားတစ်ပေါင် ဝင်ယူနေသေးရဲ့။

'ဟဲ့… ရန်ပိုင်စိုး၊ နင်ကလည်း တုံးလိုက်တာ ငါ့ အသက်နဲ့ အချက်ကို ကာကွယ်ချင်ရင် အခု ပြန်ပေးဆွဲပြီး တောင်းတဲ့ငွေထက် ပိုပေးပါ့မယ်လို့ ပြောပါလား၊ ဒါမှ ငါ့ကို သူတို့ ဘာမှမလုပ်မှာဟဲ့၊ နင်တလေ ဝေးကိုဝေးတယ်'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

လူဆိုးသုံးဦး အကြောင်းကြောင်နဲ့ ဘယ်သူ့ကို ပြန်ပေးဆွဲရမှန်း မသိဘဲ ချီတုံချတုံ ဖြစ်သွားတယ်။ ရန်ပိုင်စိုးကလည်း အိဿရာ အပြောကြောင့် ဘာမှမစဉ်းစားတော့ဘဲ…

'ခင်ဗျားတို့ ဒီကောင်မလေးကို အကြံမနေဘဲ ပြန်ပေးဆွဲတာ မှားတယ်၊ တကယ်ဆို ကျွန်တော့်ကို ပြန်ပေးဆွဲရမှာ ကျွန်တော့် အစ်မက အပျိုကြီးမို့ အလိုကြီးပြီး စုထားဆောင်းထားတာ မနည်း မနော ဗျ'

'တော်ကြတော့ မင်းတို့ နှစ်ယောက်စလုံးကို ပြန်ပေးဆွဲတယ်ကွာ၊ ဘာပြောချင်သေးသလဲ၊ တစ်ယောက်နဲ့တစ်ယောက် ဘော်လီဘော ပုတ်မနေနဲ့၊ နှစ်ယောက်ပေါင်း သိန်းသုံးဆယ်လောက် ဆိုရင် မဆိုးဘူး'

'ရှင်တို့က သိန်းသုံးဆယ်နဲ့ အဲလောက်တောင် ရင်းရသလား ခုချိန်မှာ မိဘတွေနဲ့အစ်မက တခွိခွိနဲ့ တက်နေလောက်ပြီ၊ ရှင်တို့နယ် တော်တော် အတာပဲ၊ ပိုက်ဆံရှိ အသိုင်းအဝိုင်းကလူကို ပြန်ပေးဆွဲ ပါလား၊ မြိုးမြိုးမြက်မြက် ရတာပေါ့၊ ခုဟာက ဘူဂျာလီအသိုင်း အဝိုင်းက လူတွေကို လာပြီးပြန်ပေးဆွဲတယ်။ ပေါရဲလိုက်တာ ပြန် ပေးဆွဲသင်တန်းလေး ဘာလေးတက်ဦး'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်မလေး… မင်းကို တမင်သက်သက်ကို နာကျည်းလို့ ပြန်ပေးဆွဲတာ ငါတို့ ဘယ်သူလဲ သိသလား'

မျက်နှာဖုံးစွပ်တစ်ဦးက အိသဥ္ဇာ နားကပ်၍အော်သည်။

'ငါတို့က မင်း ဓာတ်ပုံတွေနဲ့ ဒုက္ခပေးခဲ့တဲ့ လူတွေလေ'

တစ်ယောက်က မျက်နှာဖုံးစွပ်ကို ဆွဲချွတ်လိုက်ရာ တစ်ချိန်က နတ်ကတော်ဒိုးဒိုး ဖြစ်နေတယ်။ ဆက်လက်၍ ကျန်နှစ်ဦးကလည်း အသီးသီး မျက်နှာဖုံးကို ဆွဲချွတ်ရာ ဘိုးတော်စိန်လင်းပိုင်နှင့် ဗေဒင်ဆရာ နက္ခတ်ငြိမ်းရှင်တို့ ဖြစ်နေတယ်။ အိသဥ္ဇာ မအံ့သြပေ။ သူတို့ အရင်တုန်းကတည်းက ကလိမ်ကကျစ် စာရင်းဝင်တွေပင်။

'ရှင်တို့တတွေကို သူခွေးဖြစ်နေပြီထင်တာ၊ ခုတော့ မထင်မှတ်ဘဲ ဓားပြတွေဖြစ်နေတာကိုး၊ ရှင်တို့ ကောင်းရောင်းကောင်းဝယ် မလုပ်စားဘဲ ခေါင်းရောင်းခေါင်းဝယ် လုပ်စားနေတာကိုး'

'တိတ်စမ်း… ကောင်မလေး၊ မင်းလုပ်လို့ ငါတို့ ပြဿနာတွေ တက်ခဲ့တာ၊ ပထမတော့ ငါတို့က နင့်ပညာအစွမ်းလို့ ထင်တာ နောက်မှ တိုက်ဆိုင်မှုဆိုတာ သဘောပေါက်သွားတယ်'

'ဘာတွေ တိုက်ဆိုင်သွားလို့လဲ'

အိသဥ္ဇာက သူ့ ဓာတ်ပုံသက်ရောက်မှုနှင့် သက်ဆိုင်သွား၍ သိချင်ဇောကပ်ကာ လူဆိုးကြီးသုံးဦးကို မေးလေ၏။ ကနဦး နတ်ကတော်ဒိုးဒိုးက သူ့ဖြစ်စဉ်ကို အသေးစိတ်ရှင်းပြလေတယ်။

'ကောင်မလေး… နင်က နဝမ်ကိုင်ရီကိုယ်တော်လတ်ဝင်ပြီး ငါ့ကို တေဓာဓာတ်နဲ့တိုက်တာ မှတ်မိသေးလား၊ ငါလည်း တကယ် ဖြစ်မယ်ထင်ပြီး လန့်သွားပေမယ့် မယုံခဲ့ဘူး၊ သိပ်မကြာဘူး ငါ့ အိမ်တစ်အိမ်မှာ နေးဖယောင်းတိုင် ထွန်းပေးရင်းနဲ့ မီးလောင်သွားတယ်။ အိမ်ပိုင်ရှင်က ငါ့ကြောင့်ဆိုပြီး ရဲကိုသွားတိုင်တော့ ငါ့မှာ အရင်အမှု

www.burmeseclassic.com



ဟောင်းတွေပါပေါ်ပြီး ဈေးထဲကွိခနဲ ရောက်သွားတယ်။ တရားခံက နင်ပဲ ကောင်မလေး'

ခါတ်ပုံကို စာေမာခါတ်သွင်းလိုက်လို့ ခုလို ဖြစ်သွားတာကို အစွဲအလန်းကြီးသော အိသန္တာ လက်ခံသွားပြန်တယ်။ ဆက်လက်၍ ဗေဒင်ဆရာ ဦးနက္ခတ်ငြိမ်းရှင်က သူ့ဖြစ်အင်ကို ဖွင့်ဆိုပြန်တယ်။

'ငါကတော့ အာပေါခါတ်နဲ့ ပျော့ခွေသွားတယ်လေ၊ ဒီ ကောင်မလေး အစွမ်းကြောင့်လား မသိဘူး၊ ရွှေတွေကို ပွားအောင် လုပ်ပေးမယ်ဆိုပြီး တွံတေးဘက် ထွက်ပြေးတာ လှေပေါ်ကနေ ရေထဲ ပြုတ်ကျတယ်။ ကံကောင်းလို့ မသေပေမဲ့ ရဲတွေလိုက်လာပြီး ဖမ်းလို့ ကြွက်စုတ်ဘဝနဲ့ ထောင်ထဲရောက်ခဲ့ရသေးတယ်။ ကောင်မလေး နင် လုပ်လို့ ငါ ရေဆည်းနစ် ထောင်ထဲလည်းရောက်ပဲ'

ဦးနက္ခတ်ငြိမ်းရှင်က တော်တော်ဒေါသ ထွက်နေပုံရတယ်။ အိသန္တာကတော့ စိတ်ထဲကြိတ်ဝမ်းသာနေ၏။ ဘိုးတော်စိန်လင်းပိုင် ကလည်း သူ့ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြပြန်တယ်။

'ငါကတော့ ကောင်မလေးလုပ်တဲ့ ဝါယောခါတ်ကြောင့် ကိုယ်တစ်ခြမ်း လေဖြတ်သွားတယ်။ လေဖြတ်လို့ အိပ်ယာထဲ ကြိတ် ကုသပေမဲ့ ငါ လိမ်ခဲ့တဲ့ လူတွေက ပြဿနာရှာပြီး ငါ့ကို ဝိုင်းဆော် ပလော်တီးကြတယ်။ ငါလည်း တော်တော်ခံလိုက်ရတယ်။ လေဖြတ် တာ သက်သာတော့ တစ်ခါတည်း အချုပ်ထဲတန်းဝင်ရတော့တာပဲ၊ ဒါကြောင့် ထောင်ထဲက ငါတို့ သုံးယောက်ထွက်လာတော့ တိုင်ပင်ပြီး အလုပ်မရှိတာချင်း အတူတူ ပြန်ပေးဆွဲပြီး ငွေရှာဖို့ ဆုံးဖြတ် လိုက်ကြတယ်။ ကောင်မလေး မင်း မိဘတွေက ချမ်းသာကြတော့ မင်းကို အရင်ဆုံးပစ်မှတ်ထားပြီး ပြန်ပေးဆွဲဖို့ ရွေးချယ်လိုက်တာပဲ၊ အခုတော့ မင်း ဘာတတ်နိုင်သေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ကလည်း ဒီလောက်ခက်ခဲလှတဲ့ ပြန်ပေးဆွဲအလုပ်ကို စလုပ်ရတယ်လို့ အရင်အလုပ်ဟောင်းတွေကာမှ အာဝဇ္ဇန်းလေးရွှင်ရင် စားပေါက်ချောင်သေးတယ်'

အိသဉ္ဇာက တွေးတွေးဆဆ ပြောတယ်။

'တော်တော့ … အဲဒီအလုပ်တွေကို ထပ်ပြီးမလုပ်ချင်တော့ဘူး'

'ဒါနဲ့ ရှင်တို့ အခု သက်ဆိုင်ရာကို ဘယ်လောက်နဲ့ လာရွေးဖို့ ပြောပြီးပြီလဲ'

'ခုနက တောင်းတဲ့ငွေအတိုင်းပဲ အချိုးမပြောင်းဘူး'

ဘိုးတော်စိန်လင်းပိုင်က ပိုင်ပိုင်နိုင်နိုင် ပြောတယ်။ ဦးနက္ခတ်ငြိမ်းရှင်က…

'ကောင်မလေး မိဘတွေဆီ ဖုန်းခေါ်စမ်း'

ဘိုးတော်စိန်လင်းပိုင်က ဟမ်းဖုန်းလေးထုတ်ကာ အိသဉ္ဇာမိဘတွေဆီ ဖုန်းခေါ်လေတယ်။ ရန်ပိုင်စိုးက ပက်လက်အနေအထားကနေ ခွေခွေစောင်းစောင်းလေးနဲ့ ပြုံးတုံးပြုံတဲ ကြည့်နေတယ်။

'ဟဲလို … ဦးသိန်းလွင်လား၊ ကျုပ်တို့ ခတ်ကြီးသုံးပါးဂိုဏ်းကပဲ၊ ခင်ဗျား သမီးကို ငွေသိန်းသုံးဆယ်နဲ့ လာရွေးပါ၊ ရဲတွေဘာတွေတိုင်မယ်ဆိုရင် ခင်ဗျားသမီး အလောင်းကို ငမိုးရိပ်ချောင်းထဲမှာ လိုက်ဆယ်ပေတော့'

'ဟိုးထား… အဆင်ပြေတယ်ဆိုရင် သမီး မုန့်ဖိုးလေးပါ ထည့်ပေးလို့'

အိသဉ္ဇာက လှမ်းအော်ပြောတော့ ဘိုးတော်စိန်လင်းပိုင်လည်း ယောင်တောင်တောင် ဖြစ်သွားတယ်။

'ခင်ဗျားတို့ သမီး တစ်စုံတစ်ခု မဖြစ်ချင်ရင် ကျုပ်တို့

www.burmeseclassic.com



တောင်းတဲ့ငွေ ပမာဏကို နောက်နှစ်ရက်ကြာ စနေနေ့မှာ မြောက်ဒဂုံအစွန်က လူသူမနေတိုက်ပျက်ကြီးမှာ လာခေါ်ပါ၊ ဘာ… အတိအကျပြောရမှာလား၊ အဲဒါဆို စံပြဈေးမှာ ကျုပ်တို့ လူတစ်ယောက်စောင့်နေမယ်။ သူနဲ့တွေ့ပြီးလိုက်ခဲ့၊ ဦးထုပ်အနက်ဆောင်းပြီး ကုတ်အင်္ကျီအနက် ဝတ်ထားမယ်၊ ရှူးဖိနပ်အနက်စီးပြီး ခါးပတ်ကို အဖြူရောင်ပတ်ထားမယ်။ စကားဝှက်ချခဲ့မယ်၊ 'ခတ်ကြီးသုံးပါးကို အရောင်ဆိုးထားလားမေးလိုက်' ဟုတ်ပြီလား၊ သက်ဆိုင်ရာကို သတင်းပို့ရင်တော့ ခင်ဗျားသမီး ငါးတွက်တာခံရလိမ့်မယ်'

ဘိုးတော်စိန်လင်းပိုင်က ဖုန်းချပြီး အိသဥ္စာဘက်ကို လှည့်ပြောတယ်။

'ကောင်မလေး… နင့်မိဘတွေက တော်တော်တုန်လှုပ်နေတယ်နော်'

'သူတို့ အခု သမီးရမယ့် အမြွေတွေတောင် တွက်နေလောက်ပြီ… ဟိ'

'သဥ္စာ… မင်းမိဘတွေ ရွေးမယ့်ငွေပမာဏ ငါပေးမယ်'

ရန်ပိုင်စိုးက ပက်လက်အနေအထားက ဒရောသောပါး ထပြောတယ်။

'ဖုန်းတစ်ချက်လောက် ပေးဆက်ပါလား၊ နှစ်ကောလောက်ဝဲ'

'ဘယ်သူ့ဆီ ဆက်မှာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်'

ဦးနက္ခတ်ငြိမ်းရှင်က အလိုမကျစွာ မေး၏။

'သူငယ်ချင်းနှစ်ယောက်ဆီ ဆက်မှာပါ၊ သူတို့လည်း ငွေတောင့်တယ်၊ သမီးကိုယ်တိုင် မဆက်ပေမယ့် ဘေးကပြောပေးမယ်ဖြစ်မလား'

www.burmeseclassic.com

www.burmeseclassic.com



'ပြောဟာ… ဒီကောင်မလေး ရှုပ်နေတာပဲ'

ဒိုးဒိုးက အိသဉ္ဇာ ပြောသော တင်တင်ဝင်းအိမ် ဖုန်းနံပါတ်ကို ကောက်ဆက်ပေးတယ်။ တင်တင်ဝင်းကိုင်တော့ အိသဉ္ဇာ ပြောသည့်အတိုင်း ဒိုးဒိုးက မသွေမတိမ်း ပြော၏။

'အေး… နင့် ဘော်ဒါကို ငါတို့ မိထားတယ်၊ မှာချင်တာ တစ်ခုပဲရှိတယ်၊ သူ့ခေတ်ပုံကို ငှက်လှောင်အိမ် တစ်ခုထဲ ခဏထည့်၊ အပြင်ပြန်ထုတ်ပြီးမှ ငှက်ကိုလွှတ်လိုက်တဲ့'

'ဟော့ကောင်… ဘာတွေ လျှောက်လုပ်နေတာလဲ၊ ဒီကောင်မလေးက နဂိုကမှ ပေါကြောင်ကြောင်နဲ့ဟာကို'

ဘိုးတော်စိန်လင်းပိုင်က ငေါက်တယ်။ နတ်ကတော်ဒိုးဒိုးလည်း ဟန်းဖုန်းကို အမြန်ပိတ်လိုက်ကာ အိတ်ကပ်ထဲ ထိုးထည့်လိုက်၏။ လတ်တလောမှာတော့ အိသဉ္ဇာ လှည့်ကွက်မှာ ဖင်တပြန် ခေါင်းတပြန် ရေရေလည်လည် ခံနေရချေပြီ။

'ဗိုက်ဆာပြီ၊ ထမင်းဘာနဲ့ ကျွေးမှာလဲ၊ ဒံပေါက်ဆို နီလာ၊ ကြေးအိုးဆို ရွှေတောင်တန်း၊ ထမင်းဆို နေပြည် ဒေါ်စောရီ မုန့်'

'ကြီးကြီးကျယ်ကျယ် နင့်ကို ရေနဲ့ပဲကြီးလှော်ပဲ ကျွေးမယ်'

'ပဲကြီးလှော်ဆိုရင်လည်း နာရေးအိမ်ကမှ စားကောင်းတာ'

အိသဉ္ဇာက လွန်စွာအထွန့်တက်ချေရဲ့။ လူဆိုးသုံးဦး တတ်နိုင်သမျှ စိတ်တွေကို လျှော့ထားရတယ်။ မတတ်သာသည့်အဆုံး အိသဉ္ဇာကို ခေါက်ဆွဲကြော်တစ်ပွဲ ဝယ်ကျွေးလိုက်ရ၏။ ရန်ပိုင်စိုး လည်း အပါအဝင်ပေါ့။ သူတို့ မစားနိုင်၍ပိုမှ လူဆိုးသုံးဦး ဖြိုး ရေရှက်ရေ စားကြရလေတယ်။ ရန်ပိုင်စိုးနှင့်အိသဉ္ဇာလည်း ဗိုက် ဝသောအခါ အိပ်ပျော်သွားကြ၏။

'စံပြဈေးကို ဘယ်သူသွားစောင့်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျားကျားလျားလျား ရှိတဲ့သူ သွားကြေးဆိုရင် ဘိုးတော်ပဲ သွားသင့်တယ်၊ အဲဒီ ဓာတ်ကောင်စရိုက်ဟာ ဘိုးတော်နဲ့ပဲ သင့်တော်ပါတယ်'

'ငါ ကုတ်အင်္ကျီကြီးနဲ့ သွားရတာ အဆင်ပြေပါ့မလား'

ဘိုးတော်စိန်လင်းပိုင်က သူကိုယ်သူ အာမမခံနိုင်ချေ။ တောင့်တောင့်ဖြောင့်ဖြောင့် ရွေးချယ်ကြေးဆိုလျှင် ကျန်တဲ့နှစ်ယောက်ထက်စာလျှင် သူကမှ ဝံ့ဝံ့စားစား ရှိဦးမည်။ နတ်ကတော်ဒိုးဒိုးက ပျော့နှဲ့နှဲ့။ ဦးနက္ခတ်ငြိမ်းရှင်က ဇရာထောင်းနေပြီ။ ဗလနည်းနည်းပိုသူ စိန်လင်းပိုင်သာ တကယ် အဆင်ပြေလိမ့်မည်။

စံပြဈေးကို သွားစောင့်ရမယ့်တာဝန်က တော်တော်လေး လေးပင်ပင် နိုင်လှချေ၏။ ဘိုးတော်အနေနဲ့ တော်တော်အာရုံနောက်သွားတယ်။ သူ့ခမျာ ကုတ်အင်္ကျီအနက်ကြီးနဲ့ ဘာလိုလို ညာလိုလို စောင့်ရတာ မသက်သာ။ ကောင်မလေးရဲ့ မိဘတွေကို သူမြင်တွေ့ဖူးသောကြောင့် တကယ်တမ်းလာတွေ့ရင် တစ်ခုခု ပြဿနာတက်မှာလည်း စိုးရိမ်ရသေး။ ဟိုဘက်က အော်ကြီးဟစ်ကျယ်လုပ်နေရင် လူရှေ့သူရှေ့ ဖြေရှင်းရခက်မှာ။ တာဝန်နဲ့ဝတ္တရားက ကြီးစိုးနေတော့လည်း ဇွဲလည်ကြောင်ပတ်နဲ့ ဘိုးတော်လည်း စောင့်နေရသပေါ့။

'အစ်ကိုကြီးရှင့် သာကေတဘက်ကို ဘယ်လိုသွားရမလဲ'

'ဟာ… လမ်းလျှောက်သွားရင်သွား ဒါမှမဟုတ် ကားစီးသွား'

ဘိုးတော်လည်း စိတ်ထွေထွေနဲ့ ငေါက်မိတယ်။ မေးသူ အမျိုးသမီးက လုံးကြီးပေါက်လှနဲ့ သပ်သပ်ရပ်ရပ် ဝတ်စားထားသူ။ ဘိုးတော်ငေါက်လို့ သူလည်း ခွေတ္တတော့ တွေဝေသွားရဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ခါတ်ကြီးသုံးပါးကို အရောင်ဆိုးထားသလား'

ဘိုးတော် ဖြုန်းခနဲ လန့်သွားတယ်။ တောင့်တောင့် ဖြောင့်ဖြောင့် အမျိုးသမီးက စကားဒုက်တွေကို ထုတ်သုံးနေပြီ။ သူ ဘယ်သူလဲ တွေးရပြီ။ ဘိုးတော် စဉ်းစားချိန် မပေးနိုင်တော့။

'ကျွန်မက လူထဲကလူ အမျိုးသမီးထုထဲက မိန်းမသား၊ Small Girl တွေထဲက အပျိုကြီး'

'ပေါတောတောနဲ့'

'ဘာ ပေါတောတောလဲ ရှင့်ကို စကားဒုက်တွေ ပြောနေတာ'

မိန်းမကြီးက ဘိုးတော်ကို ခါးထောက်၍ ငေါက်တယ်။ အဲဒီကျမှ ဘိုးတော်လည်း သဘောပေါက်သွားတယ်။

'အဘိုးကြီးတွေ မလာဘူးလား'

'သူတို့ မအားဘူး၊ ရှင်တို့ ကျွန်မ မောင်လေးကို ဘယ်မှာ သိုထားလဲ'

'ဒါက ခင်ဗျား အလုပ်မဟုတ်ပါဘူး၊ ခင်ဗျား မောင်လေးရဲ့ အာယုဒီခလမ်းကြောင်းကို ဆိုင်လင်ဆာနဲ့ အပစ်မခံရခင် ကျုပ်တို့ ပြောတဲ့အတိုင်းလုပ်ပါ၊ ဒီလမ်းညွှန်ကိုယူပြီး ဦးလွှင်သိန်းတို့ကို ပေးလိုက်၊ လာမယ့်တနင်္ဂနွေနေ့ ညနေခြောက်နာရီ လိပ်စာထဲက အတိုင်း လာခဲ့ပါ၊ ရဲတိုင်ရင်တော့ ခင်ဗျားမောင်ရဲ့ နံရိုးလေးတွေဟာ ခွေးလေခွေးလွင့်တွေအတွက် မောနင်းဘရိတ်ဖပ်စ် ဖြစ်သွားမယ်'

'ရှင်တို့ ကျွန်မ မောင်လေးကို အစာမှန်မှန်ကျွေးရဲ့လား'

'ကျွေးတာမှ ရုပ်ပါမားကက်ကတောင် မှာပြီးကျွေးတာ'

'ရှင့်ပုံစံက ကိုရီးယားကားထဲက မန်နေဂျာရုပ်နဲ့ တူတယ်'

'ခင်ဗျား ပုံစံကလည်း ကိုလိုနီခေတ်က မင်းတော်ကြီးနဲ့ တူတယ်'

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ချီးမွမ်းခန်း ဖွင့်မိကြတာပေါ့။ နောက်မှ ကိုယ့်အဖြစ်ကို ရိပ်စားမိသွားကာ ကပျာကယာ နှုတ်ဆက်၍ လမ်းခွဲသွားကြတယ်။ ရင်ထဲမှာတော့ တစ်စုံတစ်ခုများ မြုံမိနေသလားမသိ။

ဘိုးတော်က သူပြန်လာတော့ ကျန်သောနှစ်ဦးကို ဖြစ်သမျှ အကြောင်းတွေ အစီရင်ခံတင်ပြတယ်။ ရန်ပိုင်စိုး အစ်မဖြစ်သူပါ သိသွားပြီဆိုတော့ ဘိုးတော်တို့လည်း ပွသွားမှာစိုးရိမ်နေရဲ့။ ဘိုးတော်က ခေါက်ဆွဲကြော်နှစ်ထုပ် ဝယ်လာပြီး အိသဉ္ဇာတို့ကို ကျွေးတယ်။ အိသဉ္ဇာက ပြန်ပေးဆွဲခံရတာကို ပျော်ပွဲစားထွက်လာသကဲ့သို့ ထင်နေပေမဲ့ ရန်ပိုင်စိုးကတော့ သူ့ကို ဘယ်အချိန် အမဲဖျက်မလဲသာ တွေးနေချေရဲ့။

'ဗိုက်ဝတော့ အိပ်ချင်တယ်၊ အိပ်ယာခင်းပေး'

နတ်ကတော်ဒိုးဒိုးက အိမ်ပျက်ထဲမှ ဖယောင်းပုဆိုး အဟောင်းတွေနဲ့ အိပ်ယာခင်း လုပ်ပေးရတော့တယ်။ အိသဉ္ဇာက စမတ်ကျကျနဲ့ နဖူးပေါ်လက်တင် ခြေပစ်လက်ပစ် အနားယူနေရဲ့။ ရန်ပိုင်စိုးကတော့ အိသဉ္ဇာနဲ့ ခပ်လှမ်းလှမ်းမှာ ကြိုးတုတ်ထားလေတယ်။ ဘိုးတော်က ကျန်နှစ်ယောက်ကို…

'ဒီကောင်မလေးက ဉာဏ်နီဉာဏ်နက် များတယ်နော်၊ သတိထားချေ၊ ငါတို့ တစ်ခါတုန်းကလည်း ခံရပြီးပြီ'

'ဟုတ်တယ်… ဟိုပေါတောတောကောင်ကို သိပ်စောင့်ကြည့်စရာမလိုဘူး၊ ဒီကောင်မလေးကိုသာ မျက်ခြေမပြတ် အစောင့်ခတ်ချေ'

အိသဉ္ဇာကတော့ မျက်လုံးကလေးမှိန်းပြီး သူ့ကိုသူ ငပလီကမ်းခြေမှာ အပန်းဖြေနေသလား မသိ။ ရောက်တဲ့နေရာမှာ ပျော်

www.burmeseclassic.com

www.burmeseclassic.com



အောင်နေခြင်းသည်လည်း မင်္ဂလာတစ်ပါး မဟုတ်ပါလား။ ရန့်ပိုင်စိုး ကတော့ ဗိုက်လေးတဲ့ဒဏ်ကို မခံနိုင်တဲ့ အိပ်ငိုက်နေရဲ့။

'ငါတို့ တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ကြမယ်'

'ကောင်မလေးကို ကြိုးပြန်တုတ်ထားတာ ပိုစိတ်ချရမယ်'

'အေး… အဲဒါ ကောင်းတယ်'

သူတို့ သုံးယောက်တိုင်ပင်ပြီး အိသဉ္ဇာကို ကြိုးပြန်တုတ်ထားပြန်တယ်။

'ဟာ… အဲဒီကျ အိပ်လို့ဘယ်ရမလဲ၊ စိန်နဲ့မြမွေ့ရာမှာ အိပ်ရတာလည်း မဟုတ်ဘူး၊ အခုလဲ ခိုးလိုးခုလုနဲ့ အိပ်ရဦးမယ်၊ နိုင်ငံခြားကားတွေထဲမှာ ပြန်ပေးဆွဲရင် လေယာဉ်ပျံနဲ့ နောက်ပြီး အစားအသောက် အလျှံပယ်နဲ့ ဖျော်ဖြေစရာတွေနဲ့ အခု ပြန်ပေး ကလည်း ဖွတ်ကျားပဲ'

'တော်တော် လျှာရှည်တဲ့ ကောင်မလေး၊ ရုပ်ရှင်မင်းသမီးကို ပြန်ပေးဆွဲရင်တောင် နင့်လောက် အလုပ်ရှုပ်မှာ မဟုတ်ဘူး'

နတ်ကတော်ဒိုးဒိုးက မဲ့ကာရွဲ့ကာနဲ့ ပြောတယ်။

'တကယ်ဆို ပြန်ပေးဆွဲခံရတဲ့ သူကို အင်တာဗျူးမင့်တွေနဲ့ အပျော်စားထားရမှာ သူ့ကုန်ကျစရိတ်တွေကို ပြန်ပေးငွေထဲက ပြန်ဖြတ် လို့ရတယ်လေ၊ အခုဟာက ဘူဂျာလီ ပြန်ပေးအဖွဲ့နဲ့ လာတွေ့နေ တယ်'

အိသဉ္ဇာက စကားနှုတ်လှန်ထိုးတဲ့ နေရာမှာ ပထမတန်းစား လေးပင်။

'ဟာ… ကြာတယ်ဟာ၊ သီချင်းတော့နားထောင်'

ဦးနက္ခတ်ငြိမ်းရှင်က မနေနိုင်တော့ဘဲ ဟမ်းဖုန်းထဲကပါသော သီချင်းတွေကို ဖွင့်ပြရလေတယ်။ အသံကတော့ တိုးနေရဲ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

'ပြန်ပေးဆွဲ လုပ်သက်မရင့်သေးတာကလည်း တော်တော်ခံရတာပဲ၊ ဒီကောင်မလေးကို နာကျည်းချက်နဲ့သာ ပြန်ပေးဆွဲရတာ ထင်သလောက်လည်း မသက်သာပါလား'

ဦးနက္ခတ်ငြိမ်းရှင်က ကျူကျူပါအောင် ညည်းတယ်။ အိသဉ္ဇာက သီချင်းနားထောင်ရင်း မျက်လုံးကလေးစင်းကာ အိပ်ပျော်သွားရဲ့။ ဆရာသမား သုံးယောက်လည်း အသင့်ဝယ်ထားသော ပုလင်းကို ထုတ်ကာ ဝိုင်းတည်ခင်းကြတာပေါ့။ အချိန်ကလည်း ညရှစ်နာရီခွဲခန့် ရှိပြီ။ ခွေးတစ်ချို့အူသံနှင့် ပုရစ်ဆူညံသံသာ ပတ်ဝန်းကျင်မှာ အုပ်စိုးနေရဲ့။ လကွယ်ညမို့ ခွေးအူသံကလည်း စိတ်ချောက်ချားစရာ။ ဖယောင်းတိုင် သုံးတိုင်တော့ ပတ်ပတ်လည် ထွန်းထားတယ်။

'ဝုတ်... ဝုတ်... ဝုတ်'

ခွေးဟောင်သံအချို့ ကြားရတယ်။ အိသဉ္ဇာက အမြဲဉာဏ်နက် ထုတ်နေသူပီပီ အကြံတစ်ခုရတယ်။ လူဆိုးတွေကို ထိတ်လန့်အောင် သရဲခြောက်မယ်။ သူတို့ စိတ်နောက်သွားအောင် လုပ်မယ်။

'ဟေ့လူတွေ... ဒီအိမ်ပျက်ကြီးမှာ သရဲရှိလား မသိဘူး'

'ဘာဖြစ်လို့လဲ... အာ... ဒီကောင်မလေး ပေါက်ပေါက်ရှာရှာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟော... ဟော... ဟိုမှာ... ဟိုမှာ'

အိသဉ္ဇာ လက်ညှိုးညွှန်ပြရာကို လူဆိုးသုံးယောက် လိုက်ကြည့်ကြတယ်။

'ဟာ... ဟာ... ဒီဘက်... ဒီဘက်'

'တိတ်စမ်း... ကောင်မလေး၊ အာတော်တော် ချောင်ချင်နေတယ်၊ ငါတို့ ဒါမျိုးတွေ မယုံဘူး'

ဦးနက္ခတ်ငြိမ်းရှင်က တုန်တုန်ယင်ယင်နဲ့ ယောက်တယ်။

'သတိထားနော်... အတွင်းရော အပြင်ရော'

အိသဉ္ဇာက ရန်ပိုင်စိုးကို ရုတ်တရက် လက်ညှိုးနဲ့ ခါးထိုးလိုက်တယ်။

'အမလေး'

အသံကြောင်နဲ့ ထအော်တော့ လူဆိုးတွေ ဖြုန်းစားကြီးထွက်သီးတွေထသွားတယ်။

'ဟဲ့... ဟဲ့... ရန်ပိုင်စိုး၊ နင်... နင်ဘာတွေလို့လဲ'

ဘာအထူအပါးမှ မသိရှာသော ရန်ပိုင်စိုး ပြန်ဖြေပုံက လူဆိုးတွေကို တဝါးဝါးတဟားဟား ပွဲကျသွားစေရဲ့။

'ကြွက်တစ်ကောင် ဖြတ်ပြေးသွားတယ်'

'ကျက်သတုံးကောင် ဘာမှ တိုင်ပင်လို့ကို မရဘူး'

အိသဉ္ဇာက ရန်ပိုင်စိုး မကြားကြားအောင် ပြောတယ်။ ရန်ပိုင်စိုးက ခုမှပဲ သဘောပေါက်လွယ်သွားကာ...

'ဟာ... ဟိုမှာ... ပဲ့မှာ ဖြူဖြူရှည်ရှည်ကြီး ဖြတ်ပြေးသွားတယ်'

သူများယောင်မှ ထယောင်သလို ဖြစ်သွားသဖြင့် လူဆိုးသုံးယောက် ပိုသဘောကျပြီး ပိုဟားစရာ ဖြစ်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ရှင်တို့ မကြောက်ဘူးဆို ကျွန်မနဲ့ ရှင်တို့ အလောင်းအစားတစ်ခု လုပ်မလား'

'စိန်လိုက်လေ'

ဒိုးဒိုးက အရင်လက်ဖျောက်တီးပြီး ပြောတယ်။

'ကျွန်မ တစ္ဆေပုံပြင်တစ်ပုဒ် ပြောပြမယ်၊ ရှင်တို့ကို အဲဒီပုံပြင်ထဲက တစ္ဆေကိုပါ သက်သေပြမယ်'

'ဟား… ဟား… ဟား တစ်ထောင့်တစ်ည ပုံပြောကောင်းတဲ့ မိန်းမချောလေးရယ် ဒဏ္ဍာရီလိုလို ပုံပြင်လိုလို ဟိုးရှေးရာဇဝင် ဆောင်းအိုလုလင်လေးတစ်ဦးနဲ့ ဘုရင့်သမီးတော် ချစ်ကြိုးလေးတွေ သွယ်ကာရစ်ကြတယ်'

'ခင်ဗျားကလည်း မနောက်စမ်းပါနဲ့ဗျာ'

ဘိုးတော်စိန်လင်းပိုင်က ဗညားဟန်လေသံဖြင့် သီချင်းဟဲလိုက်ရာ အိသဉ္ဇာ ဘူသွားတယ်။ မကြောက်တဲ့အပြင် ထိုင်ရစ်နေကြမှာ။

'ဟုတ်ပြီ… ကျွန်မ ရှင်တို့ ဖိန့်ဖိန့်တုန်အောင် တစ္ဆေအကြောင်းတွေ ပြောပြမယ်'

အိသဉ္ဇာက တစ္ဆေအကြောင်း အချို့ပြောပြတယ်။ ဖြစ်ချင်တော့ ကြောက်စရာလန့်စရာ သွေးလေချောက်ချားစရာ မကောင်းဘဲ ရယ်ရွှင်ဖွယ်ရာသကို ပေးနေသလိုဖြစ်နေရဲ့။ တကယ်တော့ အိသဉ္ဇာက တမင်သက်သက် ရယ်စရာဖြစ်အောင် တစ္ဆေပုံပြင်တွေကို လုပ်ကြံပြောနေလေရဲ့။

'ဟား… ဟား… ဟား ကောင်မလေး၊ မင်း ပုံပြင်တွေကလည်း ထင်သလောက် မကြောက်ရပါလား၊ ရယ်စရာကောင်းသေး'

www.burmeseclassic.com



စိန်လင်းပိုင်က တခွိခွိနဲ့ပြောရာ အိသဥ္စာက ဒေါသထွက်ချင်ယောင်ဆောင်လေရဲ့။

'အဲဒါဆို ရှင်တို့ရော သရဲပုံပြင်တွေ ကြောက်စရာကောင်းအောင် ပြောတတ်လား'

'ဘာလို့ မပြောတတ်ရမှာလဲ'

'ကျွန်မ ကြောက်နေအောင်ပြောနော်၊ မကြောက်ရင် မရဘူးဟားဟား'

ဘိုးတော်စိန်လင်းပိုင်က သူ့အရင်ဆုံး တစ္ဆေအကြောင်းတွေစပြောတယ်။ ပြောပြတာ သိပ်ကြောက်စရာ မကောင်းပေမဲ့ အိသဥ္စာက ကြောက်လန့်နေတဲ့ ပုံစံနဲ့ မျက်စိမျက်နှာပျက်နေပုံ လုပ်တယ်။ ချက်ချင်းပဲ သရဲတစ္ဆေတွေ သူ့ရှေ့မှာ ရောက်လာသလိုလို ထိတ်လန့်ပြတယ်။

'ဟာ... ကောင်မလေး မင်း တကယ်ကြောက်နေပြီ'

ဘိုးတော်စိန်လင်းပိုင်က ဝံ့ကြွားစွာ လက်မထောင်လိုက်တယ်။

'ရှင်တို့တော့ မသိဘူး ကျွန်မ ကျောထဲစိမ့်လာပြီ၊ ကြောက်တယ်... ကြောက်တယ်၊ ခုနေ ရှင်တို့ပြောတဲ့ တစ္ဆေတွေ ဒီကိုရောက်လာရင်ဆိုတဲ့ အတွေးနဲ့ ကျွန်မ တော်တော်ကြောက်နေပြီ'

'မပြောကြပါနဲ့ဗျာ... ကျုပ် ကြောက်လို့ပါ'

ရန်ပိုင်စိုးက အသံပြဲကြီးနဲ့ ထအော်နေကာယ်။ လူဆိုးသုံးယောက်လည်း သွေးနဲ့သားနဲ့ကိုယ်ပဲ။ သူများကြက်သီးထရင် သူတို့လည်း ဒူးနည်းနည်းတုန်မိတယ်။ အိသဥ္စာနဲ့ရန်ပိုင်စိုးက [illegible]သွေးမရှိတော့။

'ဂူ ဂူ ဂူး ဂူး'

www.burmeseclassic.com

www.burmeseclassic.com



ခွေးတစ်ကောင်က တစ်ချက်ဆွဲဆွဲငင်ငင် အူလိုက်တယ်။ အကုန်လုံးတုန့်သွားကြတယ်။ မထင်မှတ်ဘဲ လင်းနို့တစ်ကောင်က မျက်နှာကြက်အပေါ်မှ ဖလူးဖလူးနဲ့ ကပ်ပျံနေတယ်။

'အမလေး… တစ္ဆေလာပြီ ထင်တယ်'

အိသဉ္ဇာက တမင်အသံပြဲကြီးနဲ့ အော်တာပေါ့။

ထိုစဉ် ခြေသံတချို့ တဖျပ်ဖျပ်နဲ့ ကြားရတယ်။ ဘိုးတော်စိန်လင်းပိုင်တို့ ကြောက်စိတ်များဖြင့် သုံးယောက်ကျောချင်း ကပ်လိုက်ကြတာပေါ့။

'ဘယ်သူ… ဘယ်သူလဲကွ'

'သရဲ… သရဲ… အပြင်မှာ သရဲတွေ့ရတယ်'

အိသဉ္ဇာက သွေးပျက်မတတ် ထအော်တယ်။ ပြီးတော့ သူလည်း မေ့ချင်ယောင်ဆောင် နေလိုက်တယ်။ အားကိုးရသော ရန့်ပိုင်စိုးက တကယ်ပင် မေ့နေပြီ။ လူဆိုးသုံးယောက် တောင်မင်းမြောက်မင်း မကယ်နိုင်ဘဲ မမြင်ရသေးသော တစ္ဆေကို ကျောချင်းကပ်ရှာဖွေနေကြပြီ။

ခြေသံတွေကတော့ ကြားနေရဆဲ။

'ဒိုးဒိုး… မင်း တစ်ချက်သွားကြည့်စမ်း'

'မသွားရဲဘူးဟ'

'လူဆိုးလုပ်ပြီး သတ္တိမရှိတဲ့ကောင် ငါသွားမယ်'

စိန်လင်းပိုင်က တုတ်တစ်ချောင်းကိုင်ကာ တံခါးနားကို ထွက်သွားတယ်။ တံခါးနားမှာ ကြောက်စရာကောင်းသော တစ္ဆေမျက်နှာကြီး ဘွားခနဲ ပေါ်လာတယ်။

'အမလေး… သရဲ… သရဲ'

သတ္တိခဲ စိန်လင်းပိုင်မှာ ချက်ချင်းပင် ပျော့ခွေ၍ လဲကျသွား

www.burmeseclassic.com

www.burmeseclassic.com



လေတယ်။ ဘော်ဒါနှစ်ယောက်ကလည်း မဆိုင်းမတွ ထွက်လာကြ တော့ မေ့လဲနေသော စိန်လင်းပိုင်ကို တွေ့ရတယ်။

'ဘာ… သရဲလဲ၊ မကြောက်ဘူးကွ ထွက်ခဲ့'

ဦးနက္ခတ်ငြိမ်းရှင်က ဖြစ်ညှစ်၍ အော်တယ်။ သူ့အပေါ်သို့ အရာဝတ္ထုတစ်ခု ပြုတ်ကျလာတယ်။ အရာကား သွေးအလိမ်းလိမ်း ပေနေသော ခေါင်းပြတ်ကြီး။

'အမလေး… ခေါင်း… ခေါင်းပြတ်'

ဗေဒဝိဇ္ဇာကြီးလည်း ပုံလျက်သားလေး မျှောခွေကျသွား တာပေါ့။ တစ်ယောက်တည်း ကျန်ခဲ့သော ဒိုးဒိုးမှာ ကြောက်လွန်း၍ သေးများပင် ထွက်ကျလေရဲ့။ ထိုအခိုက် သူ့ခြေထောက်အစုံကို တစ်စုံတစ်ယောက်က လှမ်းဆွဲထားသဖြင့် ဒိုးဒိုး မျက်လုံးပြူးပြီး မရဲတရဲဖြင့် အောက်သို့ငုံ့ကြည့်ရာ အမွေးအမျှင် ထူထပ်သော လက် ကြီးကို တွေ့ရတယ်။

'အမလေး… သရဲလက်ကြီး'

ဒိုးဒိုးလည်း သူများတွေကို အားကျမခံ မေ့လဲသွားပြန်တယ်။ လူဆိုးသုံးယောက်စလုံး မေ့မျောသွားကြမှ သရဲဟန်ဆောင်ထားသူ တွေ ထွက်လာကြတယ်။ ကယ်တင်ရှင်က အခြားသူမဟုတ်။ ဟာစ် ဟော့အဆိုကျော် ဂိမ်းလေး ခေါ် ခွေးနီ။

'ခွေးနီ… နင် ငါတို့ ပြန်ပေးဆွဲခံရတာ ဘယ်လိုလုပ်သိ သလဲ'

'တင်တင်ဝင်းတို့ ငါ့ကို လာပြောပြတာ၊ နင့်အိမ် စုံစမ်းတော့ ဒီနေရာကို သိတယ်လေ၊ ဒါကြောင့် ငါလည်း အကွက်ကျကျ စီစဉ် ခဲ့တာပဲ၊ သရဲအရုပ်တွေက ဟက်ပီးဝေါကစားကွင်းက ငှားလာတာ လေ'

www.burmeseclassic.com

www.burmeseclassic.com



'တော့စူးကမ္ဘာပါပဲဟာ၊ ငါတို့ကို ကြိုးဖြေပေးဦး'

ခွေးနီရဲ့ တပည့်နှစ်ဦးက အိသဉ္ဇာတို့ကို ကြိုးဖြေပေးပြီး လူဆိုးသုံးယောက်ကို ကြိုးပြန်တုတ်လိုက်တယ်။

'မကြာခင် နင့်အိမ်က လိုက်လာတော့မှာပါ'

'သရဲခြောက်တာ အရေးမကြီးဘူး၊ နင် မပြောနဲ့ ငါတောင် ကြောက်တယ်'

အိသဉ္ဇာက တုန်တုန်ရီရီ ပြောရှာတယ်။ ခွေးနီက ဘေးဘီ ဝဲယာကို မျက်စိကစားရင်း...

'အေးဟ... ငါလည်း ခုမှကြည့်မိတယ်၊ အိမ်အိုကြီးက ကြောက်စရာ တကယ်ကောင်းတယ်နော်'

'တကယ့် တစ္ဆေတွေရှိနေမလား မသိဘူး'

ရန်ပိုင်စိုးက တွန့်ဆုတ်တွန့်ဆုတ်နဲ့ ပြောတယ်။ ခွေးနီက သူကိုယ်တိုင် သရဲခြောက်ပြီး သူကိုယ်တိုင် ပြန်ကြောက်နေတယ်။

'မ... မ... ရှိ... ရှိလောက်ပါ... ပါဘူး'

'ခွေးနီကလည်းဟာ ခုမှ လာကြောက်နေတယ်၊ ခုနက နင် ဟန်ဆောင်နေတုန်း တကယ့်သရဲဝင်စီးရင် ဘယ်လိုလုပ်မလဲ'

'အမလေး... ဆရာ'

သတ္တိအပြည့်ရှိသော ကိုယ်ရံတော်နှစ်ဦးကလည်း သူ့ဆရာကို ပြေးဖက်ကြတယ်။ ထိုစဉ် တံခါးမကြီးကို တွန်းဖွင့်နေသံတွေ ကြားရတယ်။ အဲဒီနောက် မှောင်မှောင်မည်းမည်းထဲမှာ မီးတုတ်ကြီးနဲ့ အသံနက်ကြီးတစ်ခုကို ကြားလိုက်ရတာက...

'ဟော့ကောင်တွေ... ဘာလို့ ငါ့ခြံထဲမှာ ဆူညံဆူညံ လုပ်နေရတာလဲ'

'အမလေး'

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ကြောင့် မြင်လိုက်ရသော သူရဲ့ ပုံပန်းသဏ္ဍာန်က မျက်နှာမှာ အမာရွတ်တွေနဲ့ ဆံပင်စုတ်ထောင်း၊ သွားခေါ်ခေါ် တကယ့် သရဲတစ္ဆေရုပ်။ အိသဥ္စာတို့ အကုန်လုံး ထပ်မံမေ့သွားကြတယ်။

တကယ်တော့ ဒီအိမ်ပျက်ကြီးရဲ့ပိုင်ရှင် ခြံစောင့်ကြီးပင်။ သရဲတစ္ဆေမဟုတ်။ သက်ရှိလူသားစစ်စစ်။

❖ ❖ ❖

အကြောင်းစုံခင်းသော် ကြားသိရသူအပေါင်းမှာ တဝါးဝါး ရယ်မောကြတယ်။

ကယ်တင်ရှင် ခွေးနီက သူကိုယ်တိုင် သရဲလုပ်ပြီး ခြောက်ပေမဲ့ သူကိုယ်တိုင် သရဲတစ္ဆေကြောက်တတ်ကြောင်း အင်တာဗျူးတွေ ဘာတွေဖြေရင် ထည့်ပြောမည်။

အိသဥ္စာ အဖေနှင့်အမေက သမီးဆိုးလေး အိသဥ္စာ သောက်မရောက် သက်မပျောက်ဖြစ်တာကို စိုးရိမ်တာထက် ပြန်ပေးဆွဲခ မပေးရတာ ပိုဝမ်းသာနေတယ်။

အိသဥ္စာက လူဆိုးသုံးယောက်ကို ပညာပေးပုံနှင့် ဉာဏ် ကောင်းပုံတို့ကို တင်တင်ဝင်းတို့အား ရွှန်းရွှန်းဝေအောင် ပြောပြနေ တယ်။ နတ်ကတော်ဗိုးဒိုး၊ ဆိုးနက္ခတ်ငြိမ်းရှင်၊ ဘိုးတော်စိန်လင်းပိုင်တို့က သူ့စားရိတ်နဲ့သူ သွားရှာပြီ။

နောက်ဆက်တွဲ အကျိုးဆက်အနေနဲ့ ခြံစောင့်ကြီးကိုမြင်ပြီး သွေးပျက်မတတ် ကြောက်လန့်သွားသော မောင်ရန်ပိုင်စိုးကို ဆေး ရုံတက် ကုသလိုက်ရတယ်။ အပြင်းဖျားသွားသည်ဟု ဆိုပေ၏။

အားကိုးချင်လောက်ပါဘိ မောင်ရန်ပိုင်စိုးရယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

တင်တင်ဝင်းတို့ တိုက်ခန်းပေါ်တွင် ဝိုင်းဖွဲ့၍ အိသဥ္ဇာက သူ့အဖြစ်အပျက်နှင့် စီစဉ်ပုံတွေကို အတွေ့အကြုံရှင်းလင်းပွဲ လုပ်နေတာ သုံးယောက်သား ပြောလိုက် နားထောင်လိုက် ရယ်လိုက်နဲ့ သဘောကျနေကြတယ်။

'ဒါနဲ့ ဟိုဒေါ်ခင်နွဲ့ဝင်းက အူကြောင်ကြောင်နဲ့ စံပြဈေးမှာ လူဆိုးတွေနဲ့ ချိန်းထားတာကို သွားသေးတယ်'

'အေးဟာ… ဟိုဘက်က ဘိုးတော်ကလည်း အတူတူအနူနူမို့ ဘာပြဿနာမှ ထပ်မဖြစ်တာ၊ တကယ့် ရာဇဝင်တွင်တဲ့ လူဆိုးတွေဆို ငါ့ကိုတောင် သတ်ပလိုက်တာ ကြာပြီ… ဟိ'

အိသဥ္ဇာက လက်ဖက်တစ်ဇွန်းကို ပလုပ်ပလောင်းစားတယ်။ တင်တင်ဝင်းက ကြက်သွန်ဖြူတွေ ချွာပေးနေတယ်။ ခိုင်မဥ္ဇူကတော့ ရေနွေးပူပူကို မှုတ်နေရဲ့။

'ရန်ပိုင်စိုး အခြေအနေရော…'

'အေး… ခုချိန်ထိတော့ ငါနဲ့ မတွေ့သေးဘူး၊ ငါလည်း အမြင်ကတ်ကတ်နဲ့ သတင်းတောင် သွားမမေးဘူး'

'နင်ကလည်းဟာ အဲဒီလို မျက်နှာလွှဲခဲပစ်ကြီးတော့ မလုပ်ပါနဲ့၊ ရန်ပိုင်စိုးက နင့်ကို အသေခိုက်နေတာဟာ၊ နင့်ကို ကယ်တင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အတွယ်ပြန်ပေးဆွဲတဲ့ နေရာထိတောင် လိုက်လာခဲ့သေးတာ မဟုတ်လား'

ခိုင်မချူက အိသဥ္စာကို မထိတထိစတော့ အိသဥ္စာ ခံချင်ဖြစ်သွားရဲ့။

'အံမာ… ဒီကောင်က ဘာအစွမ်းအစ ရှိလို့လဲ၊ အလကားကောင်'

'ဒါပေမဲ့ သူ့အစ်မကတော့ နင့်ကို လေးစားသွားမှာတော့ အမှန်ပဲ၊ သူ့မောင်ရဲ့ အသက်ဟာ နင်ကယ်မှရမယ့် အနေအထားဖြစ်နေတာကိုး'

'လေးစားမယ် အားကြီးကြီး သူ့မောင် တစ်ခုခုဖြစ်ရင်တောင် ငါ့ကို တရားလာစွဲဦးမှာ ဒီအဘွားကြီးကလည်း ငါ့ကို ခုချိန်ထိ မျက်မုန်းကျိုးနေတုန်း'

'နင်နဲ့ မျက်မုန်းတန်းမိရုံကတည်းက မျက်မုန်းကျိုးနေတာနော်၊ ဒါပေမဲ့ သူ့မောင်နဲ့ နင့်ကိုတော့ သဘောတူ… တူပုံပဲ'

'တော်စမ်းပါ တင်တင်ဝင်းရာ၊ သူ့မောင်နဲ့သာ ငါရရင် ငါ့ကို နားဖားကြိုးထိုးပြီး ခိုင်းစားမှာပါ၊ နင်တို့ ဘာဖြစ်လို့ ငါ့ကို ဒီဘူတာနားပဲ တဝဲလည်လည် လာဆိုက်နေရတာလဲ'

'ဟိုလေ လှင်းဝေယံကလည်း အဝေးရောက်နေတယ်ဆိုတော့ ရန်ပိုင်စိုးကိုပဲ နင် သနားစိတ်လေးနဲ့ တအားကြိတ်ပြီး စိတ်ဝင်စားမလားလို့'

'ဘာ… ဟာ နင်တို့မို့ ဒီစကားမျိုး ပြောထွက်တယ်၊ ငါ အဲဒီလိုမျိုး ဘယ်တော့မှ မလုပ်ဘူး၊ ရန်ပိုင်စိုးဟာ ဘုရက်ပစ်ဒေသတ် နီးနီး ချောနေရင်လည်း ငါကြိုက်မှာ မဟုတ်ဘူး၊ နင်တို့က ငါ့သဘာ တရားကို မယုံလို့ ခုလိုပြောတာ မဟုတ်လား… ကောင်မတွေ'

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တင်တင်ဝင်းနှင့်ခိုင်မဉ္ဇူက အိသဉ္ဇာကို နောက်ပြောင်ချင်သော စိတ်ရင်းလေးနဲ့ ဘေးဘက်ဝဲယာမှ စုံလှော် နေကြခြင်း ဖြစ်တယ်။ အိသဉ္ဇာ စိတ်ဆိုးရင် ရယ်စရာလည်းကောင်း ချစ်စရာလည်းကောင်း လှလေတယ်။

'မဟုတ်ဘူးလေဟာ... လူ့စိတ်ဆိုတာ...'

'လူ့စိတ်ဘာဖြစ်သလဲ၊ နင်တို့က ငါ့အချစ်ကို ပေါ့ပျက်ပျက် သဘောထားနေတာလား၊ ရန်ပိုင်စိုး ဆိုတဲ့ကောင် နှာခေါင်းထဲက ရှေ့ထွက်နေတာတောင် ငါ ရင်မခုန်ဘူး၊ ငါ့အပေါ် သူ့ဘယ်လောက် ပဲ အသည်းအသန် ဖြစ်ပစေ၊ ငါ့ဘက်က အဝေးဆုံးပဲ၊ မပတ်သက် လေ ပိုကောင်းလေပဲဟာ'

'ဒါပေမဲ့ ရန်ပိုင်စိုးက နင့်ကို ပိုးစိုးပက်စက် ခရေစိဖြစ်နေ တာ'

'ဖြစ်ဖြစ်ဟာ... ငါကတော့ ဘူးဆိုဖရုံမသီးဘူး'

'ဒါဆိုရင် ရန်ပိုင်စိုးပေးတဲ့ ကာရန်တွေနဲ့ ရည်းစားစာတွေကို နင်ဘာဖြစ်လို့ အိတ်ထဲထည့်ပြီး သိမ်းဆည်းထားရတာလဲ'

တင်တင်ဝင်းက အရှိန်ထိန်းပြီး ပိုင်ပိုင်နိုင်နိုင် ပြောလိုက်ရာ၊ အိသဉ္ဇာ ဘာမှ မတုံ့ပြန်နိုင်တော့။ သူ့စလင်းဘတ်အိတ်ထဲက စာအိတ် တစ်အိတ်ကို ချက်ချင်းထုတ်ပြီး ချက်ချင်းလုံးဆုတ်လိုက်တယ်။

'ကောင်မတွေ... ဒါကအစ တွေ့တယ်... သွားဟာ'

အိသဉ္ဇာက စာအိတ်ကို ဆုတ်လုံး၍ ဝရန်တာမှ လွှင့်ပစ်လိုက် လေရဲ့။

'သိမ်းချင်လို့ သိမ်းထားတာ မဟုတ်ဘူး၊ မေ့နေလို့ မလွှင့် ပစ်ဖြစ်တာ၊ နင်တို့ သတိပေးလို့ ကျေးဇူးတောင်တင်သေး'

တင်တင်ဝင်းက အိသဉ္ဇာကို ပြုံးတုံးပြုံတဲ့နဲ့ ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သဉ္ဇာ၊ အဲဒီ စာအိတ်ထဲမှာ ရန်ပိုင်စိုး ဓာတ်ပုံကြီး ပါသွားတယ်နော်'

'ဟာ… သွားပြီ၊ ပြဿနာပဲ ဒီကောင် တစ်ခုခုဖြစ်နေဦး မယ်၊ နင်တို့ကလည်းဟာ ငါ့ကို စွတ်စနေတာကိုး'

'နင် အဲဒီလောက်ထိ ဟောဟောဒိုင်းဒိုင်း မလုပ်ဘူး ထင်နေ တာဟ၊ ခုတော့ နင့်အယူအဆကြီးအရ ရန်ပိုင်စိုး တစ်စုံတစ်ခု ဖြစ်သွား ရင် ပြဿနာပဲ'

'ဟာ… ဒုက္ခပဲ၊ ငါစိုးရိမ်နေပြီဟာ၊ ဒီကောင် တစ်ခုခုဖြစ် ရင် ငါဒုက္ခပိုရောက်သွားမှာ ငါ ဘာဆက်လုပ်ရမလဲ'

'ကံကြမ္မာစေရာအတိုင်းပဲ လက်ခံလိုက်ပါ သဉ္ဇာရယ်'

တင်တင်ဝင်းက နှစ်သိမ့်ရရှာသည်။ သူတို့ စမွေးခဲ့သော မီး မဟုတ်ပါလော။

◆ ◆ ◆

'ကလင်… ကလင်… ကလင်'

'ဟဲလို… အမိန့်ရှိပါ'

ခိုင်မဉ္ဇူက ဖုန်းကို ကောက်ကိုင်၍ မေးတယ်။

'အိသဉ္ဇာ… နင့်အိမ်က ဖုန်းဆက်တာ… လာကိုင်'

'ဘုရား… ဘုရား၊ ဘာတွေများဖြစ်ပြန်ပြီလဲ'

အိသဉ္ဇာ ကတုန်ကယင်နဲ့ ဖုန်းသွားကိုင်တယ်။

'သမီးလား… ဖေဖေပါ၊ သမီးနဲ့ ပြန်ပေးဆွဲခံရတုန်းက ပါသွားတဲ့ ကောင်လေးအစ်မ ဖုန်းဆက်တယ်၊ ရန်ပိုင်စိုး ဆေးရုံက ထွက်ပြေးသွားပြီး စာတစ်စောင် ထားခဲ့တယ်တဲ့။ အဲဒီစာထဲမှာ သဉ္ဇာဝကို နိဂုံးချုပ်ပစ်ဖို့ ကိုယ့်ကိုယ်ကို တိုက်ပေါ်ကနေ ခုန်ချပြီး သေပစ်မယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓေါ… ဖေဖေ တကယ်လားဟင်'

'ဟုတ်တယ် သမီး၊ သမီး အမြန်လိုက်သွားပါ၊ နေရာက ---- ဟိုတယ် အပေါ်ထပ်'

'ပြဿနာတွေတော့ ဒုံးစိုင်းတက်ကုန်ပြီ တင်တင်ဝင်းတို့ရေ၊ ရန်ပိုင်စိုးက အခု ----ဟိုတယ်အပေါ်ဆုံးထပ်ကနေ ခုန်ချပြီး သတ်သေတော့မယ်တဲ့'

'ဟာ… ဒုက္ခပဲ၊ နင်အမြန်လိုက်မှဖြစ်မယ်၊ ဒါဟာ နင့်စိတ်ကြောင့်ဖြစ်မယ်'

'ပြောနေတာကြာတယ်… သွားမယ်ဟာ'

သုံးယောက်သား ခိုင်မဒ္ဒူတို့တိုက်ခန်းပေါ်မှ အောက်ထပ်ကို အသောကမျောနဲ့ ပြေးဆင်းခဲ့ကြတယ်။ ခြောက်ထပ်တိုက်မို့ ဆင်းလိုက်ရတာ တော်တော်တောင် မောဟိုက်သွားကြတာပေါ့။ တွေ့ရာတက္ကစီတစ်စီးကို အမြန်တားဖို့ ကြံရွယ်သော်လည်း တက္ကစီက ရှားပါးဖြစ်နေရဲ့။ ရှားရှားပါးပါးတက္ကစီ ရောက်မလာဘဲ လေးဘီးတစ်စီး ရောက်လာတယ်။

'သမီးတို့ ဘယ်သွားကြမလို့လဲ'

'ဟိုတယ်တစ်ခုကို သွားချင်လို့၊ အရေးပေါ်ဖြစ်နေလို့ မြန်မြန်ကလေးမောင်းပေးနိုင်မလား အန်ကယ်'

'ဟာ… ရတာပေါ့၊ ဦးလေးဘီးက ခုမှဘော်ဒီရုံက ထွက်လာတာ၊ မြန်တာမှ မြင်းစောင်းက လွှတ်လာတဲ့မြင်းလိုပဲ သမီးတို့လိုရာကို သိန္ဓောမြင်းအဟုန်နဲ့ မောင်းပို့ပေးမယ်… တက်တော့'

လေးဘီးသည် ထူးဆန်းလှစွာ မြန်ဆန်နေသဖြင့် အိသဉ္စာတို့သုံးယောက်လည်း စိတ်ချမ်းသာရာတော့ ရပေ၏။ အချိန်မီလေး ရောက်ရှိသွားတာက ဦးလွင်သိန်းပြောသောဟိုတယ်။ ဟားခအမြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



ကာ ဟိုတယ်အပေါ်ဆုံးထပ်ကို ဓာတ်လှေကားဖြင့် တက်ခဲ့တယ်။

'ဟဲ့… ဒီဟိုတယ်ရော ဟုတ်ရဲ့လား'

'သေချာပါတယ်ဟာ… ငါ့အဖေပြောတာ ဒီဟိုတယ်နာမည်ပါ၊ အပေါ်ဆုံးကနေ ခုန်ချလို့ရနိုင်တယ်'

'အရေးထဲဟာ… ဓာတ်လှေကားကလည်း ကြာလိုက်တာ'

အိသဥ္ဇာတို့သုံးယောက် တော်တော်ကိုလောနေကြတယ်။ အဆင်ပြေချောမွေ့စွာ အပေါ်ဆုံးထပ်ကို ရောက်ရှိသွားတယ်။ အပေါ်ရောက်တော့ လူတော်တော်စုံနေပြီ။ ရန်ပိုင်စိုးကို တိုက်ရဲ့အစွန်ဆုံးနားမှာ အဝတ်အစားမသပ်မရပ်နဲ့ တွေ့ရတယ်။ မျက်လုံးတွေက နီရဲတွတ်လို့။ စိတ်က ပုံမှန်စိတ်မရှိတာတော့ သေချာပြီ။ ရန်ပိုင်စိုးအစ်မက မျက်ရည်လေး တစမ်းစမ်းနဲ့ ဖြစ်နေသည်။ ကုမ္ပဏီကလူတွေကလည်း ရှိနေ၏။

'မောင်လေး… စိတ်လိုက်မာန်ပါတွေ မလုပ်နဲ့နော်၊ မောင်လေး ကိုယ့်ကိုယ်ကို သတ်သေရင် အဖန်ငါးရာငါးကမ္ဘာ ခံရတတ်တယ်၊ စိတ်ကိုထိန်းထား'

'ရန်ပိုင်စိုး… မင်းစိတ်ကို ငြိမ်ငြိမ်ထားစမ်း'

လူတွေက ပိုင်းအော်ကြတော့ တင်တင်ဝင်းက အိသဥ္ဇာကို…

'အိသဥ္ဇာ… နင့်အခန်းကဏ္ဍရောက်ပြီ၊ နင် မချစ်သော်လည်း ကြိုးစားပြီး ရန်ပိုင်စိုးကို ကယ်ထုတ်ရမယ်၊ လူ့အသက်တစ်ချောင်းကို ကယ်ထုတ်တယ် သဘောထားချေ'

'ဟုတ်တယ်… သဥ္ဇာ… ဒီအချိန်မှာ ရန်ပိုင်စိုးဝေဒနာကို ကုစားနိုင်တာဆိုလို့ အိသဥ္ဇာ နင်တစ်ယောက်ပဲ ရှိတယ်'

အိသဥ္ဇာလည်း သူ့ဆီကစခဲ့သောဓာတ်ကို သူကိုယ်တိုင် လှလှပပဖြစ်အောင် လုပ်ဆောင်ရတော့မည်။ အိသဥ္ဇာ အားလုံးသိတ် ရှေ့သို့တစ်လှမ်းတိုးသွားကာ…

www.burmeseclassic.com

www.burmeseclassic.com



'ရန်ပိုင်စိုး… နင့်စိတ်ကိုထိန်းထား၊ ငါလာပြီလေဟာ… နင်သိပ်ချစ်ပါတယ်ဆိုတဲ့ ငါလေ'

'မလာနဲ့… နင်ဟာ သိပ်ကြောက်စရာကောင်းတဲ့ မိန်းမ'

'ဟာ… ငါရိုးရိုးလေးပဲ ဝတ်လာတာပါ၊ ကြောက်စရာကောင်းအောင် ပြင်ဆင်မလာပါဘူး၊ နင့်အထင်မလွဲပါနဲ့ဟာ၊ ငါ နင့်ကို ပြောစရာရှိလို့ လာခဲ့တာပါဟာ'

'မပြောနဲ့ ဘာမှမပြောနဲ့ နင် ငါ့အသည်းကို ကွဲအောင်လုပ်တဲ့ မိန်းမပဲ'

'အဲဒီလို မပြောပါနဲ့ဟာ ငါ နင့်ကို စောင့်ကြည့်နေတဲ့ အနေအထားကနေ တကယ် စိတ်ဝင်စားတဲ့ အဆင့်ထိကို ရောက်နေပါပြီ၊ နင် ငါနဲ့ အတူတူလူဆိုးတွေ လက်ထဲမှာရှိကတည်းက ငါ နင့်ကို သနားလာတယ်ဟာ၊ ချစ်စိတ်ရဲ့အခြေခံဟာ သနားစိတ်ကနေ စတာပဲ၊ နင်ရှိလို့ ငါလူဆိုးတွေ လက်ထဲမှာ ဘာမှမဖြစ်တာ နင့်ကို ငါ အရမ်းကျေးဇူးတင်တယ်ဟာ'

'နင် တကယ်ပြောနေတာလား'

'ဒီလို အခြေအနေမျိုး ရောက်မှတော့ ငါက စနောက်နေရမှာလား၊ နင် ပြန်လာခဲ့ပါဟာ၊ နင် ဒီအပေါ်ကခုန်ချဖို့ မစဉ်းစားပါနဲ့ နင် အောက်ကိုပြုတ်ကျသွားရင် ကားတွေက တက်ကြိတ်သွားမှာဟ၊ နင် ကတ္တရာလမ်းပေါ်မှာ ပြားပြားလေးနဲ့ သေရမှာ မကောင်းဘူးဟာ၊ နောက်ပြီး နင် သေသွားရင် ဒီနားပတ်ဝန်းကျင်မှာ နင်က ဝိညာဉ်ဘဝနဲ့ တစ္ဆေတွေခြောက်ဦးမှာ အများပြည်သူတွေ နင့်ကြောင့် လန့်ဖျပ်ကုန်မယ်။ နောက်ပြီး ရဲတွေကလည်း အမှုတစ်ခုရဲ့အခြေခံ စာစ်မြစ်ကိုရှာရင် နင့်အတွက်နဲ့ ငါရော နင့်အစ်မရော ရုံးတလူတွေရော အစစ်ဆေးခံရမှာ၊ နောက်ပြီး နင်သေသွားရင် ဂျာနယ်တွေက မျိုးစုံ

www.burmeseclassic.com

www.burmeseclassic.com



ရေးကြမှာ အဲဒီကျရင် ငါ့ကြောင့်ဆိုပြီး မျက်နှာဖုံးမှာ ငါ့ပုံကြီးပါလာရင် ငါလည်း အရှက်ကွဲမှာ၊ ဟော… နင့်နာရေးသတင်းကို သတင်းစာထဲမှာ ထည့်ရင်လည်း နင့်အသက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဘာကြောင့်သေတယ်ဆိုတာကို သတင်းစာဖတ်သူတွေက ဝေဖန်ကြဦးမယ်။ ဒီကောင်လေး AIDS နဲ့ပဲသျှောတာလား၊ နံပါတ်ဖိုးနဲ့ပဲဂန့်တာလား၊ မွေးရာပါသွေးကင်ဆာကြောင့်လား၊ ဒါမှမဟုတ် အရက်အလွန်အကျွံ သောက်လို့သေတာလား၊ သျှောက်ထင်ကြမှာပဲ၊ နောက်ပြီး နင် မသေဘဲ ဒုက္ခိတဖြစ်သွားရင် ဘဝတစ်သျှောက် ပုံး ရှင်လျက်နဲ့သေတဲ့ဘဝကို ရောက်သွားမှာ နောက်ပြီး နင်က အစိမ်းသေဆိုရင် နင့်ကိုလန့်ပြီး ဖဲဝိုင်းတောင်လူစည်မှာ မဟုတ်ဘူး'

အိသဥ္ဇာက စီကာပတ်ကုံး တားမြစ်နေတော့ ရန်ပိုင်စိုးလည်း တွေတွေဝေဝေ ဖြစ်သွားတယ်။ တစ်ချက်အောက်သို့ ငုံ့ကြည့်လိုက်တယ်။

'အမြင့်ကြီးပါဟာ ငုံ့မကြည့်ပါနဲ့၊ ဒီဘက်ကို ပြန်လာခဲ့ပါ'

အိသဥ္ဇာက ရန်ပိုင်စိုး အနားကို တဖြည်းဖြည်း ကပ်လာတယ်။ ရန်ပိုင်စိုးက တကယ့်ကို အရူးတစ်ယောက်လို ဖြစ်နေပြီ။

'နင် ငါ့ကို အရူးမလုပ်နဲ့နော်… သဥ္ဇာ'

ရန်ပိုင်စိုးက ရူးရူးဝါးဝါးအော်သည်။

'နင် မယုံရင် ငါနဲ့ နင်တစ်ခါတည်း စာချုပ်ချုပ်ပြီး စေ့စပ်ထားလိုက်မှာပေါ့ဟာ'

'မယုံဘူး'

'စာချုပ်ပါ တစ်ခါတည်းပါတယ်၊ လက်မှတ်တစ်ခါတည်း ထိုးလိုက်မယ်လေ'

အိသဥ္ဇာက ချွေးတွေစို့လာကာ ရန်ပိုင်စိုး အနားသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ တင်တင်ဝင်းတို့ကလည်း နောက်မှ ထပ်ကြပ်မကွာ ပါလာတယ်။

'ဟုတ်တယ်… မောင်လေး၊ အစ်မကိုယ်တိုင် မောင်လေးတို့ ထို ဆေးစားမှာ၊ လူကြီးစုံရာနဲ့ လိုက်တောင်းပေးမယ်၊ သဥ္ဇာက မောင်လေးကို တကယ်ချစ်မိသွားတာပါ၊ မောင်လေး စိတ်လျှော့လိုက်ပါတော့'

ဒေါ်ခင်နွဲ့ဝင်းကလည်း ဘဝတစ်ခုလုံး တစ်ခါမှ မချိုသာဘူးပေမယ့် ခုတစ်ခါတော့ ချိုချိုသာသာပြောတယ်။ ကျန်တဲ့သူတွေကလည်း ဝိုင်းပြောကြတယ်။

'ရန်ပိုင်စိုး… ငါတို့လည်း အသိသက်သေရှိတာပဲ'

'အေးဟာ… နင်နဲ့အိသဥ္ဇာက တကယ်လိုက်ဖက်ညီပါတယ်'

အိသဥ္ဇာတော့ တကယ့်စိတ်ရင်းမှာ ရန်ပိုင်စိုးကို တွန်းချချင်စိတ်ကို ပေါက်နေရဲ့။ သူ့ကြောင့် လူတွေအကုန်လုံးက ရောင်တော်ပြန်နဲ့ ရောလှတ်နေကြပြီ။

'ရန်ပိုင်စိုး… လာပါဟာ'

အိသဥ္ဇာက လက်ကမ်းပေးလိုက်ရာ ရန်ပိုင်စိုးက ပြူးကြောင်ကြောင်ကြည့်ပြီး အိသဥ္ဇာလက်ကို လှမ်းဆွဲလိုက်တယ်။ အဲဒီမှာ ဆေးကလူတွေက ရန်ပိုင်စိုးကို အတင်းဝင်ရောက် ဖမ်းချုပ်ထားလိုက်တော့တယ်။

'ခင်ဗျားတို့ လွှတ်… လွှတ်၊ ကျုပ် အိသဥ္ဇာနဲ့ မင်္ဂလာဆောင်ရဦးမယ်'

'မောင်လေး… စိတ်ထိန်းပါ'

လူတွေက ရန်ပိုင်စိုးကို ဖမ်းသွားကြတော့ အိသဥ္ဇာတို့လည်း စိတ်မကောင်း ဖြစ်သွားတာပေါ့။ ချက်ချင်းဖြစ်ပေါ်လာသော ရန်ပိုင်စိုး

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ကြောင့် အားလုံးလည်း နားလည်ရခက်သွားတယ်။ ရန်ပိုင်စိုး အစ်မဖြစ်သူ ဒေါ်ခင်နှဲ့ဝင်းက ရှင်းပြတယ်။

'ရန်ပိုင်စိုးက စိတ်ဖောက်ပြန်တတ်တဲ့ ရောဂါလက္ခဏာ ရှိတယ်၊ ပြောရမယ်ဆိုရင်တော့ ယဉ်ယဉ်လေးနဲ့ ရူးနေတာပဲ၊ သူ့ ရောဂါအခြေအနေ ထိပ်ဆုံးမရောက်အောင် ထိန်းထားပေမဲ့ အခု ညီမလေး အိသဉ္ဇာရဲ့ အချစ်ကို မရရှိတာကတစ်ကြောင်း၊ သူကိုယ်သူ ဘာမှ အားမရနေတာက တစ်ကြောင်း၊ စိတ်ခံစားမှုတွေ ပေါင်းစုံစုပြီး ခုလို သွက်သွက်ခါသွားတာပဲ'

'စိတ်မကောင်းပါဘူး အစ်မကြီးရယ်၊ သဉ္ဇာတို့လည်း အဲဒီ လောက်ထိ ဖြစ်မယ် မထင်မိခဲ့ဘူး၊ သမီး သူ့ကို မချစ်တာကလွဲပြီး အခြားဘာမှ မလုပ်ခဲ့ပါဘူး'

အိသဉ္ဇာက ရိုရိုကျိုးကျိုးလေး ပြောသောအခါ ဒေါ်ခင်နှဲ့ဝင်း က ဘာမှမပြောတော့ဘဲ ပါးစပ်က ပွစိပွစိ ရေရွတ်သွားတယ်။

'အင်း… ဘယ်တတ်နိုင်မလဲ၊ လူတွေဟာ အရူးတွေချည်းပဲ၊ လောဘရူး၊ ဒေါသရူး၊ မောဟရူး၊ တဏှာရူး၊ ဥစ္စာရူး၊ ဘဝင်ရူး၊ အင်း… အရူးတွေထဲမှာ အချစ်ရူးက ယဉ်ယဉ်လေးနဲ့ထိတာ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

လူတွေဟာ အစွဲအလမ်းတစ်ခု ကြုံတွေ့တိုင်း တိုက်ဆိုင်မှု တွေပါ တန်းစီဖြစ်ပေါ်လာတတ်တယ်။ အဲဒီမှာ လူတွေဟာ ယုန်ထင်ကြောင်ထင်နဲ့ ချာချာလည်လောက်အောင် ကြောက်လာကြတာပေါ့။ တကယ်တော့ ဒါတွေဟာ ယုံကြည်မှုကြောင့် အစွန်းရောက်နိုင်တာပါ။ မဖြစ်နိုင်တဲ့ အရာတစ်ခုကို စိတ်တထင့်ထင့်နဲ့ စွဲလန်းနေပြီဆို တိုက်ဆိုင်မှုတစ်ခုကို နတ်ဆိုးက ဖန်ဆင်းပြီး ထန်းသီးကြွေခိုက် ကျီးနင်းခိုက် လုပ်ပစ်တတ်ပါတယ်။ စိတ်ပျော့လွယ်သူများနှင့် ကိုယ့်စိတ်ကိုယ် မနိုင်သော သူတို့သည် ကိုယ်ယုံကြည်စွဲလန်းရင်းနဲ့ အချိန်တွေကုန်ပြီး မဟုတ်ကတွေ ဖြစ်ပေါ်ကုန်တာပဲ။ သဘာဝလောကကြီးမှာ ယုံသင့်တာယုံ မယုံသင့်တာကို ဖယ်ခွာပြီး စိတ်သာရှင်စေဘုရားဟောသည့်အတိုင်းသာ ပြုမူကျင့်ကြံနေတာ အကောင်းဆုံးလမ်းစဉ်တစ်ခုပါပဲ။

အိသဥ္စာရဲ့ ဓာတ်ပုံသက်ရောက်မှု ကျိန်စာလို စွဲလမ်းမှုမျိုးတွေလည်း အချို့တော်တော်များများ ရှိတတ်ကြပါတယ်။ တကယ်တော့ ဒါတွေဟာ ဘာမှအကျိုးမပေးသော ထင်မြင်ယူဆချက်နှင့် ယုံကြည်မှု ဘေးချော်စေသော အဖြစ်တွေပါ။

အိသဥ္စာတစ်ယောက်လည်း ရှန်ပိုင်စိုး ရူးသွားကတည်းက သူ့စိတ်ကိုသူ တတ်နိုင်သမျှထိန်းကာ ဓာတ်ပုံတိုက်ဆိုင်မှု ကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးငေးသွားအောင် နေ့စဉ်နဲ့အမျှ ဆုတောင်းရရှာတယ်။ အရင်လို မထင်မှတ်သော တိုက်ဆိုင်မှုတွေ ဖြစ်မလာပေ။ နောက်ပိုင်းတော့ အားလုံးမေ့ပျောက် သွားခဲ့ချေပြီ။

လင်းဝေယံ ပြန်လာတော့ မိဘတွေကို ဖွင့်ပြော၍ အိသဉ္ဇာနဲ့ စေ့စပ်ကြောင်းလမ်းလိုက်ပြီး နောက်ထပ် (၆)လကြာမှ လက်ထပ်ဖြစ်ခဲ့ကြတယ်။ ရန်ပိုင်စိုး သတင်းကိုလည်း မကြားရတော့ပေ။ အစ်မဖြစ်သူ ဒေါ်ခင်နွဲ့ဝင်းလည်း ရန်ပိုင်စိုးကို ဆေးကုသပေးတဲ့ ဆရာဝန်တစ်ဦးနဲ့ ခိုးရာလိုက်ပြေးသွားခဲ့တယ်။ ကုမ္ပဏီကလူတွေ ပြောပြချက်အရ ရန်ပိုင်စိုးသည် စိတ်ရောဂါအခြေအနေ ပုံမှန်ပြန်ဖြစ်လာပြီး အရင်အတိတ်ဘဝကိုမေ့ကာ ဓာတ်သဘင်လောကထဲ ရောက်သွားတယ်လို့ သတင်းကြားမိတယ်။

အိသဉ္ဇာတို့ မင်္ဂလာဆောင်ပြီး တစ်နှစ်အကြာ အိသဉ္ဇာ ကိုယ်ဝန်ရလာတယ်။ လင်းဝေယံလည်း နိုင်ငံခြား ပြန်မသွားတော့ဘဲ ရန်ကုန်မှာပဲ ကုမ္ပဏီတစ်ခုကို သူငယ်ချင်းတွေနဲ့ စပ်တူရှယ်ယာ လုပ်ဖြစ်တယ်။ သူငယ်ချင်းနှစ်ဦးဖြစ်တဲ့ တင်တင်ဝင်းနှင့်ခိုင်မဥ္ဇူ အကြောင်း ပြောပြရရင်တော့ တင်တင်ဝင်းသည် ကွန်ပျူတာစာစီ စာရိုက်အဆင့်ကနေ အင်တာနက်ဝက်ဆိုဒ်ထဲ ရောက်သွားကာ အွန်လိုင်းမှ အမည်မသိ လူတစ်ဦးနဲ့ အင်တာနက်မှ စကားပြော၊ စာရေး ဖုန်းပြောအဆင့် ဖြစ်သွားပြီး လူကိုယ်တိုင် ချိန်းတွေ့ကြရာမှ မထင် မှတ်ဘဲ ထိုအွန်လိုင်းထဲမှ လူသည် တိုင်းရင်းသားကျေးရွာမှ ကိုမြင့်ဆေ ဖြစ်နေတယ်။ ဒါနဲ့ပဲ ဘယ်လိုမှ ထပ်မံမလွှန်ဆန်နိုင်တော့ဘဲ သူတို့ နှစ်ဦး လက်ထပ်ခဲ့ရလေ၏။ သူတို့ မင်္ဂလာဆောင်တော့ အိသဉ္ဇာတို့ လာတာ အိသဉ္ဇာမှာ ကိုယ်လေးလက်ဝန်ကြီးနဲ့ ဖြစ်နေပြီ။ ခိုင်မဥ္ဇူ ကတော့ ကျောင်းဆရာမလုပ်ပြီး နယ်ကိုတစ်နှစ်ပြောင်းရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နယ်ဆိုတာ တစ်မျိုးမထင်နဲ့။ တိုက်ကြီးမြို့နယ်ကို ပြောတာ။ သူငယ်ချင်းတွေလည်း အရင်လို မဆုံတွေ့ဖြစ်ကြတော့ပေ။

အိသဉ္ဇာလည်း မကြာခင် ကလေးမွေးရာ သမီးမိန်းကလေး ဖြစ်နေတယ်။ သမီးလေး သုံးနှစ်ပြည့်လာတော့ တီတီတာတာနဲ့ ချစ်စရာကောင်းနေ၏။ ဘိုးဘိုးဘွားဘွားတို့ရဲ့ အသည်းစွဲ မြေးကျော်က လေး ဖြစ်နေရဲ့။ ကလေးလေးက စကားပြောလည်း ပီပီသသနဲ့ ချက်ချက်ချာချာ ရှိလှတယ်။

'သမီးလေး'

'မေမေကြီး… သမီးကို ချစ်သလား'

'ချစ်တာပေါ့ သမီးရဲ့'

အိသဉ္ဇာက သမီးဖြစ်သူကိုချီ၍ ခုံပေါ်တင်ထားလိုက်တယ်။ အိသဉ္ဇာက ဗီရိုထဲမှ ဓာတ်ပုံအယ်လဘမ်လေးကို ထုတ်လာပြီး သမီး လေးကိုပြ၏။

BURMESE CLASSIC

'ဟွန်း… မေမေတို့ မင်္ဂလာဆောင်တုန်းက သမီးလည်း ရေခဲမုန့်မစားရဘူး'

'ကုန်သွားလို့ပါ သမီးရယ်၊ အာ… ဘာတွေ လျှောက်ပြော နေတာလဲ သမီး'

အိသဉ္ဇာက ဓာတ်ပုံအယ်လဘမ်ထဲက လူတွေရဲ့ ဓာတ်ပုံ တွေကိုပြပြီး ဘယ်သူတွေလဲ မေးလေ၏။ သမီးလေးက ဘိုးဘိုးဘွား ဘွား ပုံတွေလောက်ပဲ သိတယ်။ အိသဉ္ဇာက ကျန်တဲ့သူတွေပုံကို မိတ်ဆက်ပေးတယ်။ ဓာတ်ပုံတွေက စုံစုံလင်လင်လေး ရှိလှတယ်။ ရန်ပိုင်စိုး၊ တင်တင်ဝင်း၊ ခိုင်မဉ္ဇူ ဒေါ်ခင်နွဲ့ဝင်းပုံတွေပါ ရှိနေကြတယ်။

'ကလင်… ကလင်… ကလင်'

အိသဉ္ဇာ ဖုန်းလာ၍ သွားကိုင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို… အမိန့်ရှိပါ'

'ဟာ… သဉ္ဇာလား၊ ငါပါ နိုင်မျှပြ၊ ဟဲ့… နင့်ကို ပြောစရာရှိလို့၊ ဟိုဟို နင့်ကြောင့် ရူးသလိုလို ဖြစ်သွားတဲ့ ရန်ပိုင်စိုး လေ၊ အေး… အခု ငါတို့နယ်မှာ ဓာတ်မင်းသားဖြစ်နေပြီ။ သဉ္ဇာ ရယ်… တိုက်တိုက်ဆိုင်ဆိုင် ပထမတော့ ငါ မယုံဘူး၊ သေချာ စုံစမ်းကြည့်တော့ ရန်ပိုင်စိုး အစစ်ဖြစ်နေတယ်'

'နင်… နင် သွားမိတ်ဆက်သေးသလား'

'ဟာ… မိတ်မဆက်ရဲပါဘူး၊ ငါ စဉ်းစားရခက်နေတာ ရူးတဲ့သူက ကောင်းသွားပြီး နာမည်ကျော်နေတာ'

'ဒါလည်း သူ့ကံတရားပေါ့ဟာ၊ ငါနဲ့ဆိုရင် ဆက်ရူးနေဦး မှာပဲ၊ ဟင်း… ဟင်း'

'ဟဲ့… နင်မှတ်မိသေးလား၊ ရန်ပိုင်စိုးကို နင်ကာရန်တွေနဲ့ နှိပ်ကွပ်တာလေ အခု ကာရန်တွေနဲ့ အဆင်ပြေနေပြီဟ… ဟိ'

BURMESE CLASSIC

'ကောင်းတာပေါ့ဟာ'

အိသဉ္ဇာလည်း ဝမ်းသာတဲ့လေသံ ဝမ်းနည်းသလိုလိုနဲ့ ပြောတယ်။

'နင်ရော… ဓာတ်ပုံသက်ရောက်မှုတွေ ဖြစ်သေးသလား'

'အေး… မဖြစ်တော့ဘူးဟ'

'သမီးလေးရော… နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ သွက်တာမှ တော်တော်သွက်တာ မေ့ ရေ…'

'အေး… ဒါပဲနော်၊ နောက်တစ်ပတ်ကျရင် ငါ ရန်ကုန်ဆင်း လာခဲ့မယ်၊ အေးအေးဆေးဆေး တွေ့ကြမယ်နော်'

'အေး… အေး'

www.burmeseclassic.com

www.burmeseclassic.com



အိသဥ္စာ ဖုန်းချလိုက်တော့ တစ်ယောက်တည်း ပြုံးစိစိ ဖြစ်သွားတယ်။ ခုနက ကော်ဖီသောက်နေသော စားပွဲကိုကြည့်ရာ သမီးလေးရော ခွက်ပုံအယ်လာဘမ်လေးပါ မတွေ့တော့။

'သမီး… သမီးရေ'

'မေမေ… သမီး ဒီမှာ'

သမီးလေးက ပြတင်းပေါက်နားမှာ ရပ်နေရဲ့။

'သမီး… သမီး ဘာလုပ်နေတာလဲ'

'ဟိုလေ… သမီး ခုနက ကော်ဖီသောက်နေတုန်း ခွက်ပုံ စာအုပ်ကို ကော်ဖီရည်တွေ စိုသွားလို့ ပြတင်းပေါက်ဘောင်မှာ လှမ်း ထားတာ အောက်ကို ပြုတ်ကျသွားလို့'

'ဟင်'

'ပြုတ်ကျသွားတာတောင် အောက်ကရေကန်ထဲ ကျသွားတာ ခွက်ပုံတွေကို ငါးတွေတွတ်ရင် ဒုက္ခပဲ'

'ဟာ'

အိသဥ္စာ မျက်လုံးပြူးသွားပြီး ဆောက်တည်ရာမရ ဖြစ် သွားတယ်။ သူ့အယူအဆအတိုင်းဆို ခွက်ပုံသက်ရောက်မှု ကျိန်စာ ကြီးဟာ မထင်မှတ်တဲ့ အချိန်မှာ ဖြုန်းစားကြီး တိုက်ဆိုင်လာခဲ့မယ် ဆိုရင် ခွက်ပုံထဲက အိသဥ္စာအပါအဝင် ကျန်တဲ့သူတွေ အားလုံး ဟာ…။

BURMESE CLASSIC

ဗုဒ္ဓေါ…။

ထန်းသီးလည်း မကြွေပါနဲ့ဦး။

ကျီးလည်း မနင်းမိပါစေနဲ့ဦး။

ချစ်မျှားရှင်

www.burmeseclassic.com